mgyoe.com SAMPLE BOOK


# တရားမင်းသခင်

ဒေါက်တာ ဘဒ္ဒန္တ အာစာရ

# Portrait of the Buddha


by

Jayasena Jayakody



mgyoe.com

mgyoe.com SAMPLE BOOK



ထိုနေ့၌ သိဒ္ဓတ္ထရဟန်း
သက်တော်သုံးဆယ့်ငါးနှစ် ပြည့်လေ၏။
ညောင်ပင်အောက်၌ ထိုင်နေသူ
သိဒ္ဓတ္ထရဟန်းသည် ထိုနေ့ ထိုနေရာ၌
အကြီးမြတ်ဆုံး ဉာဏ်အလင်းကို
ရရှိရမည်ဟု အခိုင်အမာ သန္နိဋ္ဌာန်ချထား၏။
သူ့ရှေ့တည့်တည့်မှာ
လပြည့်ဝန်း ပေါ်ထွက်လာနေသည်ကို
သိဒ္ဓတ္ထရဟန်း မြင်နေရ၏။
ဂယာသီသ မြက်ခင်းပြင် တစ်နံတစ်လျား၌
လရောင်ဖြာဆင်းလျက် ရှိနေ၏။
သိဒ္ဓတ္ထရဟန်းသည် မျက်လုံးအစုံကို မှိတ်ထားရင်း ...

# တရားမင်းသခင်

ဒေါက်တာဘဒ္ဒန္တအာစာရ

mgyoe.com

mgyoe.com SAMPLE BOOK


ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဖင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပထမအကြိမ် - အောက်တိုဘာလ၊ ၂၀၁၅ ခုနှစ်။ ကံ့ကော်ဝတ်ရည်စာပေ။
အုပ်ရေ - ၅၀၀
မျက်နှာဖုံးပုံနှိပ် - အောင်သိန်းသန်းပုံနှိပ်တိုက်(၀၀၄၃၅)
အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ် - စွယ်တော်ပုံနှိပ်တိုက် (၀၀၄၁၁)
အမှတ် (၁၄၇)၊ (၅၁) လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ - မျိုးမြင့်
တန်ဖိုး - ၃၈၀၀ ကျပ်

၀၉၅.၈၃
တရားမင်းသခင် / ဒေါက်တာဘဒ္ဒန္တအာစာရ။ - ရန်ကုန်။
ကံ့ကော်ဝတ်ရည်စာပေ၊ ပထမအကြိမ်၊ ၂၀၁၅ ခုနှစ်။
စာမျက်နှာ-၃၂၀၊ ၁၃×၂၀ စင်တီမီတာ။
(၁) တရားမင်းသခင်


mgyoe.com

mgyoe.com SAMPLE BOOK

# ဘုရားမင်းသခင်

## ဒေါက်တာဘဒ္ဒန္တအာစာရ

PORTRAIT OF THE BUDDHA
BY JAYASENA JAYAKODY

ကံ့ကော်ဝတ်ရည်စာပေ
အမှတ်-၂၂၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉ ၂၅၀၀၁၂၃၄၈ ၊ ၀၉ ၇၃၀ ၄၁၁၃၇ ၊ ၀၉ ၃၁၅၆၁၄၁၈ ၊ ၀၉ ၃၃၁၂၇၁၂၁
email: kantkawwutyee@gmail.com

http://kantkawwutyee.myanmaronlinesales.com
တွင် ဝင်ရောက်ကြည့်ရှု မှာယူနိုင်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK



## မူရင်းစာရေးဆရာ ဇယသေနဇကောဒီ
(၁၉၃၅-၂၀၁၀)

'တရားမင်းသခင်'၏ မူရင်းစာရေးဆရာ ဇယသေနဇယကောဒီကို ၁၉၃၅ ခုနှစ်၊ ဒီဇင်ဘာ ၁၇ ရက်နေ့တွင် ဖွားမြင်ခဲ့သည်။ ၂၀၁၀ ပြည့်နှစ်၊ ဇူလိုင်လတွင် သူ ကွယ်လွန်ခဲ့သည်။ သီရိလင်္ကာနိုင်ငံ ဟောရဏ (Horana) ဒေသ၊ ကနန်ဝိလ (Kanan-wila) ကျေးရွာတွင် အနှစ်ရှစ်ဆယ် နေထိုင်ခဲ့ရသော သူ့ဘဝက သူ့စာပေကို လွှမ်းမိုးမှု ရှိကြောင်း သူကိုယ်တိုင် ဝန်ခံလေ့ရှိသည်။ ဝိဒ္ဒျာရတန ပရိဝေဏ၌ အခြေခံပညာ သင်ယူခဲ့သည်။ မိခင်ဘာသာစကားနှင့် ပါဠိဘာသာ၊ သက္ကတဘာသာတို့ သင်ယူတတ်မြောက်ခဲ့သည်။ တောသူတောင်သား ဆင်းရဲသားတစ်ယောက် ဖြစ်၍ အခြေခံပညာ သင်ယူပြီးသည်နှင့် ဘဝရပ်တည်ရေး အလုပ်လုပ်ခဲ့ရသည်။ သူ ရှင်သန်ရာ ပတ်ဝန်းကျင်ကို ထဲထဲဝင်ဝင် နားလည်ခံစားနိုင်သူ ဖြစ်သည်။ ဗုဒ္ဓဘာသာ ယဉ်ကျေးမှု အမွေအနှစ်ကို လှုသားဆန်ဆန် ရှုမြင်တတ်သူ ဖြစ်သည်။ သီရိလင်္ကာ၌ အထင်ရှားဆုံး မျိုးဆက်သစ် စာရေးဆရာများ စာရင်းတွင် ပါဝင်သူ တစ်ယောက် ဖြစ်သည်။ သီရိလင်္ကာ ဗုဒ္ဓဘာသာဝင်တို့၏ ယဉ်ကျေးမှုနှင့် ဘဝပုံရိပ်ကို ရှင်းလင်းပြတ်သားစွာ ဖွဲ့ဆိုနိုင်သူ ဖြစ်သည်။

သူ၏ စောစောပိုင်း ဝတ္ထုများသည် ကျေးလက်လူနေမှုဘဝကို ဖွဲ့ဆိုသည့် ဝတ္ထုများ ဖြစ်သည်။ နောက်ပိုင်း၌ ဗုဒ္ဓဘာသာကို အခြေခံသည့် ဝတ္ထုများ ပြောင်းလဲ ရေးသားခဲ့သည်။ သူ့ဝတ္ထုများ ပုံစံပြောင်းခြင်းနှင့် ပတ်သက်၍ 'ပါဠိဘာသာက သေနေပြီ။ ဗုဒ္ဓဘာသာ ပါဠိဂါထာတွေကို လူများစုက နားမလည်ကြတော့ဘူး။ ဓာတ်တော်တွေထဲမှာ တောင်မှ နည်းနည်းပါးပါးပဲ အဓိပ္ပာယ် ရှိတယ်။ ကျန်တာတွေက လုံးဝကို အဓိပ္ပာယ် မရှိဘူး။ ဒါကြောင့် ဗုဒ္ဓဘာသာ အတွေးအခေါ်ကို ဝတ္ထုပုံစံနဲ့ စာဖတ်သူဆီ အရောက်ပို့ဖို့ ဆုံးဖြတ်ခဲ့တာ'ဟု သူကိုယ်တိုင် ရှင်းပြခဲ့၏။

mgyoe.com

mgyoe.com
SAMPLE BOOK


ဗုဒ္ဓဘာသာ အတွေးအခေါ်နှင့် ယဉ်ကျေးမှုကို ဖွဲ့ဆိုသည့် ဝတ္ထုသုံးဆယ်ကျော်ကို သီဟိုဠ်ဘာသာဖြင့် ရေးသားခဲ့သည်။ The Voyage (Pichchamala) နှင့် Portrait of the Buddha (Amavessa) တို့ကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပြီး ဖြစ်သည်။ သူ၏ စာပေရေးရာ ခံစားနိုင်စွမ်း၊ ဆန်းသစ်တီထွင်နိုင်စွမ်း မြင့်မားမှုကြောင့် သူသည် နိုင်ငံတော်အဆင့် စာပေဆု သုံးကြိမ် ရရှိခဲ့သည်။ (Aswenna, Harvest in 1971; Parasathuro, The Invaders in 1977; Raigam Puththu, The Sons of Raigama in 1989)

စာပေရေးရာ သုံးသပ်ဝေဖန်သူများက သူ၏ 'တရားမင်းသခင်' (Portrait of the Buddha) ကို အမြွက်တနိုး ချီးကျူးကြသည်။ ခေတ်ပြိုင်ဗုဒ္ဓစာပေ၌ ထူးခြားထင်ရှားသော ကျမ်းစာအဖြစ် အသိအမှတ် ပြုကြသည်။ စာဖတ်သူ၏ အတွင်းစိတ်၌ မေတ္တာစိတ်၊ ကရုဏာစိတ်တို့ ရှင်သန်ပေါက်ဖွား ကြီးထွားစေနိုင်သော ကျမ်းစာဟု အကဲဖြတ်ကြသည်။ ရှင်တော်ဗုဒ္ဓနှင့် ကိုယ်တော်၏ တရားဓမ္မကို စာဖတ်သူတို့ နားလည်စေနိုင်သော ကျမ်းမြတ်တစ်ဆူဟုလည်း ဆိုကြသည်။ ထို့ပြင် စာဖတ်သူတို့ ကိုယ့်ကိုယ်ကိုယ် နားလည်နိုင်အောင် ပံ့ပိုးပေးသော စာပေစွမ်းအား ပြည့်ဝသည့် ဝတ္ထုတစ်ပုဒ် ဟူ၍လည်း အမွှမ်းတင်ကြသည်။

သူ့စာပေဖြင့် စာဖတ်သူကို အရောင်ဆိုးရန် မရည်ရွယ်သကဲ့သို့ စာဖတ်သူကို ရင်ခုန် စိတ်လှုပ်ရှားစေရန်လည်း ဆန္ဒမရှိဘဲ သူ့စာကို ဖတ်ရှုသူတိုင်း စိတ်အေးချမ်းမှု ရရှိစေရန် စေတနာထားကြောင်း သူကိုယ်တိုင် ဖွင့်ဟဝန်ခံလေ့ရှိသည်။

ဇယသေနဇယကောဒီ၏ ရည်ရွယ်ရင်း စေတနာအတိုင်း 'တရားမင်းသခင်' ကို ဖတ်ရှုသူတို့ စိတ်အေးချမ်းမှု ရရှိကြလိမ့်မည်၊ စာပေရသကို ခံစားရင်း ဓမ္မအနှစ်ကို ညှစ်ယူနိုင်ကြလိမ့်မည်ဟု ယုံကြည်မျှော်လင့်ရပါကြောင်း။

ဒေါက်တာ ဘဒ္ဒန္တ အာစာရ
**September 27၄ 2015**

mgyoe.com

mgyoe.com SAMPLE BOOK



# ဒေါက်တာ ဘဒ္ဒန္တအာစာရ၏
# အတ္ထုပ္ပတ္တိအကျဉ်း

ဆရာတော် ဒေါက်တာဘဒ္ဒန္တအာစာရကို ၁၉၇၁ ခုနှစ်၊ မတ်လ ၁၄ ရက် တနင်္ဂနွေနေ့တွင် စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့နယ် ရင်းရဲကျေးရွာ၌ ဖွားမြင်ခဲ့ပါသည်။ ခမည်းတော်၊ မယ်တော်တို့မှာ ဦးကံညွန့်၊ ဒေါ်ကောင်းဆင့်တို့ ဖြစ်ကြပါသည်။ အသက် (၁၄) နှစ်အရွယ်၌ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ရှင်သာမဏေ ပြုခဲ့ပါသည်။ အသက် (၂၀) ၌ စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့နယ် ရင်းရဲရွာ ဦးမြင့်ထွန်း၊ ဒေါ်ဆန်းကြည်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ရဟန်းဘောင်သို့ တက်ရောက်ခဲ့ပါသည်။

ဥပဇ္ဈာယ်ဆရာတော်မှာ ရင်းရဲရွာ ကျောင်းထိုင်ဆရာတော် ဦးဃောသိတ ဖြစ်ပါသည်။

မုံရွာမြို့၊ မြို့မရွှေဂူပါဠိတက္ကသိုလ်၊ မန္တလေးမြို့ မစိုးရိမ်တိုက်သစ်၊ မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်၊ မုံရွာတက္ကသိုလ် (အဝေးသင်)နှင့် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်တို့၌ ပညာသင်ယူခဲ့ပါသည်။

၁၉၉၆ ခုနှစ်နှင့် ၂၀၀၃ခုနှစ်တို့၌ မန္တလေးမြို့၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်မှ သာသနတက္ကသိလာဓမ္မာစရိယ BA (Buddhism) နှင့် သာသနတက္ကသီလ မဟာဓမ္မာစရိယ M.A (Buddhism) ဘွဲ့များ အသီးသီး ရရှိခဲ့ပါသည်။ ၂၀၀၅ ခုနှစ်၌

mgyoe.com

mgyoe.com  SAMPLE BOOK 

မုံရွာတက္ကသိုလ်မှ BA (English) ဘွဲ့ ရရှိခဲ့ပါသည်။ ၂၀၀၉ ခုနှစ်၌ ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်မှ Ph.D (B.Dh)ဘွဲ့ ရရှိခဲ့ပါသည်။

၁၉၉၉ ခုနှစ်တွင် သဲတောမြို့ မြတ်ဘုန်းရှင် ပရိယတ္တိစာသင်တိုက်၌ နာယက စာချတာဝန် ထမ်းဆောင်ခဲ့ပါသည်။ ၂၀၀၃ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဝိနယဌာန၌ နည်းပြတာဝန် ထမ်းဆောင်ခဲ့ပါသည်။ ၂၀၀၃ ခုနှစ်မှ ယနေ့အထိ ရှင်အာစာရ ဟူသော ကလောင် အမည်ဖြင့် ဓမ္မစာပေများ ရေးသားလျက် ရှိပါသည်။

၂၀၀၉ ခုနှစ်မှ ၂၀၁၁ခုနှစ်အထိ စင်ကာပူနိုင်ငံ၊ မင်္ဂလဝိဟာရကျောင်းတိုက်၌ သီတင်းသုံး နေထိုင်ရင်း ကျောင်းတိုက်၏ Sunday Dhamma School ကျောင်းသူ ကျောင်းသားများ၊ စင်္ကာပူအဘိဓမ္မာအသင်းကြီး၏ အသင်းသူ အသင်းသားများ၊ အဘိဓမ္မာ စိတ်ဝင်စားသည့် စင်္ကာပူရောက် မြန်မာဒကာ၊ ဒကာမများကို အဘိဓမ္မာဘာသာရပ် သင်ကြားပို့ချခဲ့ပါသည်။ ကျောင်းတိုက်၌ တည်ထောင်ဖွင့်လှစ်ထားသည့် Buddhist and Pali Collage of Singapore ၏ ပါဠိဌာန၌ ကထိကတာဝန် ထမ်းဆောင်ခဲ့ပါ သည်။

၂၀၁၁ ခုနှစ် မတ်လ ၁၄ ရက်နေ့၌ စိုင်ပြင်ရွာ၊ စိတ္တသုခရပ်ကွက်၌ ဦးမောင်မောင်၊ ဒေါ်ခင်ဇာ မိသားစုတို့ လှူဒါန်းသည့် မြေနေရာ ငါးဧကကို အလှူခံပြီး ရာဟုလာ ဓမ္မသင်တန်း ကျောင်းတိုက်ကို တည်ထောင်ဖွင့်လှစ်ခဲ့ပါသည်။ ၂၀၁၁ ခုနှစ်မှ ယနေ့အထိ မန္တလေးမြို့၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ပိဋကတ်ဆိုင်ရာ အင်္ဂလိပ်စာပေ ဌာန၌ ပါမောက္ခ ဌာနမှူး တာဝန်ကို ထမ်းဆောင်လျက် ရှိပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

'တရားမင်းသခင်'အတွက် အမှာစာ ရေးသား ချီးမြှင့်ပေးပါသော ဓမ္မဘောရီဆရာတော်နှင့် ဤ စာအုပ် ထုတ်ဝေဖြစ်ရန် အကြံပြုအားပေး ကူညီ ခဲ့ပါသော ဆရာတော် ဓမ္မဂင်္ဂါတို့၏ ကျေးဇူးတရား များကို ဖော်ပြခြင်း မပြုပါလျှင် ဤစာအုပ်သည် ပြီးပြည့်စုံခြင်းသို့ မရောက်ရှိနိုင်ပါ။

ကုံကော်ဝတ်ရည်

mgyoe.com

mgyoe.com SAMPLE BOOK

# အမှာစာ

လူသားအားလုံးအတွက် ပွင့်တော်မူလာတဲ့ ဗုဒ္ဓကို လူသားအားလုံးနဲ့ နီးစပ်နိုင်သမျှ နီးစပ်အောင် မိတ်ဆက်ပေးရမှာက ဗုဒ္ဓရဲ့ သားကောင်းရတနာတို့ တာဝန် ဖြစ်ပါတယ်။

တသ္မာတိဟ မံ အာနန္ဒ မိတ္တဝတာယ သမုဒါစရထယ

မာ ပသတ္တဝတာယ။

တံ ဝေါ ဘဝိဿတိ ဒီဃရတ္တံ ဟိတာယ သုခါယ။

'အာနန္ဒာ··· ဒါ့ကြောင့် ငါဘုရားကို မိတ်ဆွေလို သဘောထား ကျင့်သုံးကြ။ ရန်သူလို သဘောထား မကျင့်သုံးကြနဲ့။

ဒါဟာ သင်တို့အတွက် ရေရှည် ကြီးပွားချမ်းသာဖို့ ဖြစ်တယ်'

ဆိုတဲ့ မြတ်ဗုဒ္ဓရဲ့-ဥပရိပဏ္ဏာသ-မဟာသုညတသုတ်လာ မှာတမ်းနဲ့ အညီ·· ဒီ'မဟာဗုဒ္ဓဝင်သစ်'က တပည့်သားတို့အနေနဲ့ မြတ်ဗုဒ္ဓအပေါ် မိတ်ဆွေလို သဘောထား တတ်အောင် တစ်နည်းတစ်ဖုံ ဆောင်ရွက်ပေးမှာ ဖြစ်လို့ ဘုရားရှင်မှာတမ်းနဲ့ အညီ ထွက်ပေါ်လာတဲ့ ကျမ်းတစ်စောင် ဖြစ်တယ်လို့ ဆိုချင်ပါတယ်။

မမ္ဘောရီ အရှင်ဝီရိယ(တောင်စွန်း)

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# စကားဦး

www.mrmrt.blogspot.com မှာ ရေးခဲ့တာတွေ ဖြစ်ပါတယ်။ အသိတစ်ယောက် (late Ms Jina Tan) က စာအုပ်တစ်အုပ် လက်ဆောင်ပေးခဲ့ပါတယ်။ တော်တော်လေး ကြာတဲ့အထိ တလေးတစား မဖတ်ဖြစ်ခဲ့ပါ။ ဟိုလှန် သည်လှန် လှန်ရှုံသာ လှန်ကြည့်ဖြစ်ခဲ့ပါတယ်။ စေ့စေ့စပ်စပ် ဖတ်မိတော့ လေး ငါးမျက်နှာလောက် ဖတ်ပြီးတာနဲ့ စွဲသွားပါတယ်။ အစအဆုံး ဖတ်ဖူးတဲ့ (စာမေးပွဲသင်ရိုး မဟုတ်တဲ့) စာအုပ် လေး ငါး ဆယ်အုပ် စာရင်းထဲ ဝင်သွားပါတယ်။

"Portrait of the Buddha
from a Novelist's Pen"
by Jayasena Jayakody
English Translation by K. D. de Lanerolle
FOR FREE DISTRIPUTION - NOT FOR SALE
(ပုံနှိပ်မှတ်တမ်း အပြည့်အစုံ မတွေ့ရပါ။)

သီရိလင်္ကာ စာရေးဆရာတစ်ယောက်ရဲ့ ဝတ္ထုကို အင်္ဂလိပ်လို ဘာသာပြန်ထားတာ ဖြစ်ပါတယ်။ သူတို့ဆီမှာ စာပေဆုကြီးတွေ ရခဲ့တဲ့ နာမည်ကြီး စာရေးဆရာရဲ့ လက်ရာ ဖြစ်ပါတယ်။

အဲဒီ စာအုပ်ကို ဘာသာပြန်ပြီး blog မှာ တင်ခဲ့တာပါ။ မူရင်း အင်္ဂလိပ် အရေးအသား သိပ်မခက်ပေမယ့် တိုက်ရိုက်ဘာသာပြန်တာထက် မှီးရေးတာက ပိုကောင်းမယ် ထင်လို့ ဖြည့်ချင်တာ ဖြည့်ခဲ့ပါတယ်။ ဒါပေမဲ့ 'ရဟန်းနိမိတ်'၊ 'ရာဟုလောဝါဒ' နဲ့ 'အမှန်သို့ ချဉ်းကပ်ခြင်း'တို့မှာပဲ သိသိသာသာ ဖြည့်စွက်နိုင်ခဲ့ပါတယ်။ ပိုပြီး သရုပ်

mgyoe.com

mgyoe.com SAMPLE BOOK

ပေါ်အောင် ဖြည့်လိုက်၊ ချဲ့လိုက်တာပါ။ 'ကလေးများကို ဆုံးမခြင်း' နဲ့ 'ရှင်ပုဏ္ဏ' နှစ်ပုဒ်ကတော့ ကိုယ်တိုင်ရေး ဖြစ်ပါတယ်။ တုတဲ့ သဘောပါ။ ကျန်တာတွေမှာတော့ အားမစိုက်နိုင်တော့ဘဲ ဘာသာပြန်ရုံသက်သက်ပဲ လုပ်ဖြစ်ခဲ့ပါတယ်။ December 9, 2010 ကနေ March 18, 2012 ထိ ရေးသားချိန် တစ်နှစ်ကျော် ကြာခဲ့ပါတယ်။

မူရင်းဝတ္ထုဟာ ဗုဒ္ဓဝင်ဇာတ်ကြောင်းတွေ ဖြစ်ပေမယ့် သိထားတဲ့ ဗုဒ္ဓဝင်နဲ့ ကွဲလွဲနေတာတွေ တွေ့ရပါတယ်။ ဇာတ်လမ်း အခင်းအကျင်း ကွဲလွဲချက်တွေ ပါပါတယ်။ မထင်ရှားတဲ့ နာမည်တချို့ မတူတာတွေလည်း ပါပါတယ်။ ကွဲလွဲချက် တချို့ကတော့ Jayasena Jayakody ရဲ့ စိတ်ကူးစိတ်သန်းတွေ ဖြစ်နိုင်ပါတယ်။ ဗုဒ္ဓဘာသာ တရားအကြောင်းအရာ ကွဲလွဲချက်တော့ မပါပါဘူး။ ခြုံကြည့်လိုက်ရင် ချစ်ခင်လေးစားစရာ ကောင်းတဲ့ စာအုပ်တစ်အုပ် ဖြစ်ပါတယ်။ သုတ္တာနုလောမဒေသနာလို့တောင် ဆိုနိုင်တဲ့ အနုပညာလက်ရာတွေ ဖြစ်ပါတယ်။

ထေရဝါဒ တရားတော်ကို ဖျက်လိုဖျက်ဆီး စော်ကားဆန့်ကျင်တာ မဟုတ်တဲ့ အခင်းအကျင်းနဲ့ နာမည်ကွဲလွဲချက်တွေကို မပြောင်းတော့ပါဘူး။ ကွဲလွဲချက်ကို တူးတူးခါးခါး အပြစ် မမြင်လိုက်ဘဲ ပြေပြစ်တဲ့ သဘောထားနဲ့ 'ဂုဏ်တော်ဖွင့်' တစ်မျိုးလို့သာ မှတ်ကြစေလိုပါတယ်။

Portrait of the Buddha ဆိုတဲ့ နာမည်ဟာ အင်္ဂလိပ်လို လှပေမယ့် တိုက်ရိုက် မြန်မာပြန်လိုက်ရင် ပြက်ချော်ချော် ဖြစ်နေတဲ့အတွက် 'တရားမင်းသခင်'လို့ ခေါင်းစဉ်ကြီး ယူလိုက်ပါတယ်။ 'တရားမင်းသခင် ဖြစ်တော်မူသော…' ဆိုတဲ့ မြန်မာ့မွေ့သီချင်း တစ်ပုဒ် ထဲက စကားလုံး ဖြစ်ပါတယ်။ မူရင်းစာအုပ်မှာ မပါပေမယ့် သင့်တော်တဲ့ ခေါင်းစဉ်ငယ်လေးတွေ ထည့်လိုက်ပါတယ်။

ဒေါက်တာ ဘဒ္ဒန္တ အာစာရ
PhD (BDh)၊ သာနုတက္ကသီလမဟာမွှောစရိယ
ပါမောက္ခ/ဌာနမှူး၊ ပိဋကတ်ဆိုင်ရာအင်္ဂလိပ်စာပေဌာန
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ မန္တလေးမြို့
Thursday, September 14, 2015.

mgyoe.com

mgyoe.com SAMPLE BOOK

# ရဟန်းနိမိတ်

သာဝတ္ထိ ဆောင်းရာသီ ဖြစ်၏။ အအေးဒဏ်ကား မခံသာအောင် ပြင်းထန်လွန်းလှသည်။ ဝန်းကျင်လောက၌ လှုပ်ရှားသွားလာသူ ကင်းဆိတ်နေ၏။ တစ်နေ့တာလုံး နေမွန်းတည့်ချိန် ခဏလေးမှာသာ နွေးထွေးသော နေရောင်ခြည်ကို ရရှိသည်။ အပြင်မှာ အေးလွန်းလှသောကြောင့် မြို့သူမြို့သားများ အိမ်တွင်းမှာသာ အတတ်နိုင်ဆုံး ကုတ်ကတ်နေကြ၏။ မိုးလင်းသော်လည်း အိပ်ရာပေါ်မှာ အချိန်ဆွဲ၍ လှဲကွေးနေတတ်ကြ၏။ ဆောင်းတွင်းကာလ၌ အစောဆုံး နိုးထသည်ကား အေးစိမ့်အောင် သုတ်ဖျန်းသည့် လေသရမ်းတို့သာ ဖြစ်ပေသည်။ လေသရမ်းတို့သည် ဟိမဝန္တာတောင်တန်းမှ နှင်းအထွတ်တို့ကို ခပ်ကြမ်းကြမ်း ပွေ့ဖက် နမ်းရှိုက်ခဲ့ပြီး အအေးကြောက်သူ အိမ်တွင်းပုန်းတို့ကို အိမ်အပြင်မှ ခပ်ရဲရဲ စိန်ခေါ်လျက် ရှိနေသည်။ အိမ်ကြား၊ လမ်းကြား၊ သစ်ကိုင်းကြားတို့၌ တဝူးဝူး တရှူးရှူး တိုးဝှေ့ဆော့မြူးလျက် ရှိနေသည်။ လေသရမ်း တစ်သုတ်ပြီးတစ်သုတ် ဆွဲမွှေ့ခံရသော သစ်ရွက်ခြောက်များ နေရာအနှံ့ ကျဲပြန့်လျက် ရှိနေသည်။ လေတစ်သုတ်က မြေပြင်ပေါ်မှ သစ်ရွက်ခြောက်များကို လှည်းကျင်းသွားပြီး မကြာမီပင် နောက်လေတစ်သုတ်က သစ်ရွက်ဧရော်များကို ပင်အို ပင်ပျိုတို့အပေါ်မှ လှုပ်ခြွေချလိုက်ပြန်ရာ မြေပြင်မှာ မရှင်းနိုင်အောင် ရှိတော့သည်။

ဆောင်းတွင်း နံနက်ခင်းတစ်ခု ဖြစ်၏။ လူနေဝေးသည့် မြို့ပြင်ဘက်ရှိ မြေပြင်နှင့် မြက်ခင်းပြင်တို့ကို နှင်းထုက ဖုံးအုပ်လွှမ်းခြုံထားသည်။ ထိုစဉ် သစ်နက်ရေ ဝတ်ဆင်သူ ကာဠာမရသေ့သည် ကျောင်းသခ်မ်းမှ ထွက်ခွာခဲ့ပြီး မြို့တော် သာဝတ္ထိသို့ ဆွမ်းခံကြွရန်

mgyoe.com

mgyoe.com SAMPLE BOOK

နှင်းထုကြားမှာ တရွေ့ရွေ့ လျှောက်လှမ်းနေ၏။ ဆွမ်းရှာရန် ထွက်လာသော်လည်း အိုးခွက် သပိတ် သယ်ဆောင်ခဲ့သည် မဟုတ်ပေ။ ဗလာကျင်းသည့် လက်နှစ်ဖက်တို့သည်သာ ရသေ့၏ ကိုယ်ပေါ်မှာ အသက်မဲ့စွာ တွဲလောင်းခိုလျက် လိုက်ပါနေသည်။ ရသေ့သည် သစ်ရွက်ခြောက်များ ဖုံးလွှမ်းထားသည့် သဲထူထူ နှင်းစိုလမ်းပေါ်မှာ ဖြည်းလေးညင်သာစွာ လျှောက်လှမ်းနေ၏။ ခေါင်းငိုက်စိုက် ချထားပြီး ရှေ့ကို နှစ်တောင်ခန့်သာ ကြည့်၍ လျှောက်နေ၏။ သာဝတ္ထိနန်းတော် ဗဟိုနန်းမဆောင် အနီးရှိ သိဒ္ဓတ္ထမင်းသား စံပျော်ရာ သုရမ္မနန်းဆောင်ဆီ ဦးတည် လျှောက်လှမ်းနေခြင်း ဖြစ်၏။ ရသေ့သည် နန်းတော်မုခ်ဦးဝမှာ ရပ်တန့်လိုက်ပြီး မတုန်မလှုပ် ဆက်လက် ရပ်နေသည်။ သူသည် မည်သည့်အိမ်တွင်းမှု ဝင်သူ မဟုတ်။ အိမ်တံခါးဝမှာသာ တိတ်တိတ်ရပ်၍ ဆွမ်းရှာမှီးလေ့ ရှိသူတည်း။

သုရမ္မနန်းဆောင်အတွင်း၌ သိဒ္ဓတ္ထမင်းသားသည် နံနက်စာ ပွဲတော်တည်လျက် ရှိနေ၏။ နန်းဆောင်အတွင်း၌ စောင်းသံသဲ့သဲ့ ပျံ့ထွက်နေသည်။ ယသောဓရာသည် မင်းသားအနီးမှာ ပြုစုလုပ်ကျွေး ခစားလျက် ရှိ၏။ တိတ်ဆိတ်ညင်သာစွာ ပွဲတော်တည်နေသော မင်းသားသည် ရုတ်တရက် ခေါင်းမော့လိုက်ပြီး ယသောဓရာကို ပြော၏။

"ယသောဓရာ၊ အတီးအမှုတ်တွေ ရပ်ခိုင်းလိုက်ပါကွယ်"

"မောင်တော် နှစ်သက်တဲ့ မေဃမဟာတီးကွက် အပြောင်းခိုင်းလိုက်ရမလား"

"မပြောင်းပါနဲ့၊ အရပ်ခိုင်းလိုက်ပါ၊ ပိတ်ထားတဲ့ ပြတင်းပေါက်တွေလည်း ဖွင့်လိုက်ပါ၊ ဟိုအပြင်ဘက် သစ်ကိုင်းတွေ သစ်ရွက်တွေကြားက လေတိုးသံ ဂီတကို နားထောင်ချင်တယ်၊ ငှက်တွေရဲ့ သီကျူးသံကို နားထောင်ချင်တယ်၊ ဟိုကိုင်း ဒီကိုင်း ခုန်ကူး ပျော်ရွှင်နေတဲ့ ငှက်တွေကို ကြည့်မယ်၊ ပတ်ဝန်းကျင်က သဘာဝလောကအစစ်ကို ကြည့်မယ်"

စောင်းသံ ရပ်သွားသည်နှင့် ငှက်တို့၏ ကျူကျူကျာကျာ မြည်ဟစ်သံများ တိုးတိုးညင်းညင်း ပေါ်ထွက်လာ၏။ လေတိုးသံ သဲ့သဲ့လည်း ကြားရလေသည်။

"ယသောဓရာ၊ ပြတင်းပေါက်တွေလည်း ဖွင့်လိုက်ပါဦး"

"အေးတယ် မောင်တော်ရဲ့၊ လေက ကြမ်းတယ်၊ ဒီနန်းဆောင်ထဲ မီးဖိုဘေးမှာပဲ နေမှ ဖြစ်မယ်၊ အအေးဒဏ် ခံနိုင်မှာ မဟုတ်ဘူး မောင်တော်"

"ယသောဓရာရယ်၊ တဲကုပ်မှာနေတဲ့ စဏ္ဍာလတွေ၊ ယာစကာတွေမှာ ပိတ်စရာ ပြတင်းတွေ တံခါးတွေ ရှိလို့လား၊ နွေးထွေးလုံခြုံဖို့ အဝတ်အထည်ကော ရှိလို့လားကွယ်"

"သူတို့က ကျင့်သားရနေပြီ မောင်တော်ရဲ့"

"ငါတို့ကော ကျင့်သား မရနိုင်ဘူးလား"

"ရနိုင်ပါတယ် မောင်တော်"

"အဲဒီလို ဘဝမျိုးနဲ့ အသားကျရတာ လူသားဆန်ပါတယ် ယသောဓရာ၊ ပြတင်းပေါက်တွေသာ ဖွင့်လိုက်ပါ၊ ဒါမှ မဟုတ်ရင်လည်း ငါကိုယ်တိုင်ပဲ ဖွင့်လိုက်တော့မယ်"

mgyoe.com

mgyoe.com

ယသောဓရာသည် ပြတင်းပေါက် တစ်ခုကို တွန်းဆိုင်းဆိုင်းနှင့် ဖွင့်လိုက်သည်။ အေးစိမ့်သည့် လေတစ်လုံး နန်းဆောင်အတွင်းသို့ ခပ်ကြမ်းကြမ်း တိုးဝင်လာ၏။ မင်းသမီးသည် အအေးဒဏ်ကို ကာကွယ်ရန် နားနှစ်ဖက်ကို အပေါ်ရုံ အဝတ်စွန်းနှင့် ဖုံးဖိနေ၏။ မင်းသားသည် စားလက်စ ပွဲတော်ကို ဖယ်လိုက်၍ လက်ဆေးပြီး မတ်တတ်ရပ်လိုက်သည်။ နှုတ်ခမ်းအစုံကို တွန့်ကွေး၍ ခပ်ယဲ့ယဲ့ ပြုံးရင်း ပြတင်းပေါက်မှ အပြင်သို့ လှမ်းမျှော်ကြည့်လိုက်သည်။

မင်းသားသည် နန်းတော်မုခ်ဦး၌ မလှုပ်မရှား ရပ်နေသော ကာဠုဒါမရသေ့၏ ကိုယ်တစ်ပိုင်းကို လှမ်းမြင်လိုက်၏။ ရသေ့သည် အရှက်လုံရုံ သစ်နက်ရေ ဝတ်ထားသည်မှအပ ကိုယ်လုံးတီး ဖြစ်၏။ မုခ်ဝ၌ တောင့်တောင့်မတ်မတ် ရပ်နေ၏။ အအေးဒဏ်ကို မမှုဘဲ ရပ်နေပုံမှာ သက်မဲ့ရုပ်တုတစ်ခုနှင့် တူလှ၏။ ရသေ့ကို မြင်လိုက်သည်နှင့် သိဒ္ဓတ္ထ၏ ရင်ထဲ၌ ကြည်နူးမှု လှိုင်းတံပိုးတစ်ခု လှုပ်ခတ်သွားသည်။ သိဒ္ဓတ္ထသည် ရသေ့ကို ရည်ရွယ်၍ ဦးညွတ်ကာ အရိုအသေ ပေးလိုက်သည်။

ထို့နောက် ယသောဓရာကို ခေါ်၍ ပြော၏။

"ရသေ့ကို ကြည့်စမ်း၊ အအေးဒဏ်ကို ကြံ့ကြံ့ခံပြီး မလှုပ်မရှား ရပ်နေလိုက်တာ၊ တကယ့် သူတော်စင်ပါပဲ"

"ကာဠုဒါမရသေ့ပါ မောင်တော်၊ နန်းတော်မှာ ဆွမ်းလာလာရပ်တာ ခဏခဏ တွေ့ဖူးတယ်"

"ဟုတ်တယ် တွေ့ဖူးတယ်၊ သူ့ကို ဒီနန်းဆောင်ထဲ ပင့်ဖိတ်ပြီး ဆွမ်းလှူရအောင်၊ သူ့အတွက် နေရာပြင်ပါလား"

"မောင်တော်၊ သူက ဘယ်သူ့အိမ်ထဲမှ မဝင်ဘူး၊ ဆွမ်းလှူရင် လက်ခုပ်နဲ့ ခံယူတယ်၊ ရေနဲ့ အဖျော် ဆိုရင်လည်း သူ့လက်ခုပ်ထဲ လောင်းထည့်ပြီး လှူရတာ၊ ပြီးရင်း သူ လှည့်ပြန်သွားတော့တာပဲ"

"ဒါဆို ငါ ဒီကပဲ စောင့်ကြည့်နေမယ်၊ သူ့ဆီသွားပြီး ဆွမ်းလောင်းလှူလိုက်ပါ"

ယသောဓရာသည် လှူဖွယ် ဆွမ်းအာဟာရများကို ငွေဆွဲခြင်းမှာ ထည့်သွင်းပြင်ဆင်ပြီး ကျွန်မ ခုဇ္ဇုတ္တရာကို ခေါ်လိုက်၏။ မင်းသမီးသည် အဆင်သင့် ဖြစ်နေသော ခုဇ္ဇုတ္တရာကို ဖော်ဖော်ရွေရွေ ပြုံးပြရင်း အပေါ်ရုံ ခြုံထည်ကို သပ်ရပ်အောင် ပြင်ခြုံလိုက်သည်။ ခုဇ္ဇုတ္တရာကို ရေကရား ကူသယ်ပေးရန် မေးငေါ့ရင်း မျက်စပစ်၍ အချက်ပေးလိုက်သည်။ ထို့နောက် ဆွဲခြင်းကို ကောက်ယူပြီး ခုဇ္ဇုတ္တရာနှင့်အတူ နန်းဆောင်အောက်သို့ ဆင်းသွားလေ၏။

သိဒ္ဓတ္ထသည် ပြတင်းပေါက်မှနေ၍ ဧကစာရီ ရသေ့မြတ်ကို နှစ်ထောင်းအားရစွာ ငေးမော ကြည့်ရှုရင်း ရသေ့၏ ရောင့်ရဲသောဘဝ ရိုးရှင်းမြင့်မြတ် စင်ကြယ်ပုံကို စိတ်ကူးဖြင့် ပုံဖော်ကြည့်နေလေ၏။

mgyoe.com

mgyoe.com SAMPLE BOOK

မင်းသားသည် ရသေ့ဆီသွားနေသော မင်းသမီးဆီ အကြည့်ပြောင်းလိုက်သည်။ နောက်မှ လိုက်လာသော ခုဒ္ဒုတ္တရာသည် မင်းသမီးကို ခပ်သုတ်သုတ် ကျော်တက်လိုက်ပြီး နန်းတော်ဝင်းတံခါး ဖွင့်ပေးနေသည်ကို တွေ့ရ၏။ ယသောဓရာနှင့် ခုဒ္ဒုတ္တရာတို့သည် ရသေ့၏ရှေ့မှာ ခြေစုံရပ်ရင်း ကိုယ်ကို ညွတ်ကိုင်း၍ အရိုအသေ ပေးလိုက်ကြသည်။ ရသေ့က လက်နှစ်ဖက် ဆန့်တန်းလိုက်သောအခါ ယသောဓရာသည် ရသေ့၏ လက်ထဲသို့ ငှက်ပျောရွက် ဖြတ်ပိုင်းစတစ်ခု ထည့်ပေးလိုက်၏။ ထို့နောက် ဆွမ်းအာဟာရများ ခြင်းမှ ထုတ်ယူပြီး ငှက်ပျောရွက်ပေါ် တင်လှူလိုက်သည်။

ရသေ့သည် မျက်လုံးအစုံကို စေ့စေ့ပိတ်ထား၏။ မူရင်း ရပ်လျက် အနေအထားကို မပြောင်း မပြင်ဘဲ ဆန့်တန်း၍ ဆွမ်းခံယူထားသည့် လက်နှစ်ဖက်ကို ကွေးညွတ်ရုပ်သိမ်းကာ ဆွမ်းအာဟာရတို့ကို ပါးစပ်ဆီသို့ သယ်ယူ၏။ ငှက်ပျောရွက်ပေါ် တင်လှူထားသမျှကို စားသုံး၏။ ရသေ့၏ ပါးစပ်သည် ငှက်ပျောရွက်ပေါ် နေရာအနှံ့ ဖြည်းဖြည်းချင်း ရွေ့လျားနေသည်။ တစ်ခဏအတွင်းမှာ စားစရာအားလုံး ကုန်သွားသည်။ နောက်ဆုံး၌ ရသေ့သည် ငှက်ပျောရွက်ကိုပါ စားသုံးပစ်လိုက်၏။ ရသေ့၏ မျက်လုံးများကား ပိတ်ထားဆဲ ဖြစ်သည်။ ရသေ့သည် စကားတစ်ခွန်းမျှ မြွက်ကြားခြင်း မရှိပေ။ ထို့နောက် ရေကို ခံယူရန် လက်ခုပ်ပြုထားသော လက်နှစ်ဘက်ကို ဆန့်တန်းပေး၏။ ရသေ့ဘေးမှာ တိတ်ဆိတ်စွာ ရပ်နေသော ယသောဓရာသည် ခုဒ္ဒုတ္တရာထံမှ ရေကရားကို ယူ၍ ရသေ့၏ လက်ခုပ်ထဲသို့ အသာအယာ ရေလောင်းထည့်ပေးလိုက်သည်။ ရသေ့သည် လက်ခုပ်ကို ရုပ်ယူပြီး ရေသောက်၏။ ထို့နောက် မျက်လုံးများ ခပ်စဉ်းစဉ်း ဖွင့်၍ ယသောဓရာကို ကြည့်၏။ သူ၏ ညာဘက်လက်ကို ယသောဓရာ၏ ဦးခေါင်းနှင့် အမြင့်ညီအောင် ဖြည်းဖြည်းချင်း ပင့်မြှောက်လိုက်ပြီး ညင်ညင်သာသာ ပြန်ချကာ နှုတ်ဆက်ဟန် ပြုပြီး ထွက်ခွာရန် ကိုယ်ကို လှည့်လိုက်၏။ ထို့နောက် လေးလေးကန်ကန် ခြေလှမ်းမှန်မှန်နှင့် ထွက်ခွာသွားတော့သည်။

ယသောဓရာသည် တံခါးဝမှာ ရပ်လျက်ပင် ရှိသေး၏။ တဖြည်းဖြည်း ရွေ့လျားနေသော ရသေ့ကို ကြည်ညိုလေးမြတ်စွာ ငေးကြည့်နေ၏။ ခုဒ္ဒုတ္တရာက ညင်သာစွာ ထိတို့ သတိပေးလိုက်ရာ ရသေ့ထံမှ အကြည့်ကို ရုပ်လိုက်၏။ နန်းဆောင်ပေါ် ကျန်နေခဲ့သည့် သိဒ္ဓတ္ထကို သတိရ၍ မော့ကြည့်လိုက်သည်။ သိဒ္ဓတ္ထ မလှုပ်မယှက် ရှိနေသည်ကို တွေ့ရ၏။ သိဒ္ဓတ္ထလည်း ပြန်ကြွသွားသည့် ရသေ့ကို ငေးစိုက်ကြည့်နေ၏။ ဖြည်းလေး ညင်သာစွာ ထွက်ခွာသွားသည့် ကာဠာမရသေ့၏ ပုံပန်းသဏ္ဌာန်သည် သိဒ္ဓတ္ထ၏ စိတ်နှလုံးကို သိမ်းကျုံး ယူငင်သွားကြောင်း ယသောဓရာ နားလည်လိုက်လေသည်။

❀

mgyoe.com

m.g y o e . c o m SAMPLE BOOK

# ဖခင့်သောက

ဘုရင် သုဒ္ဓေါဒနသည် သားတော် သိဒ္ဓတ္ထကို မတွေ့ရသည်မှာ ရက်အတန်ကြာပြီ ဖြစ်သောကြောင့် သားတော် စံပျော်ရာ သုရမ္မနန်းဆောင်သို့ ကာဠုဒါယီအမတ်နှင့်အတူ ကြွရောက်လာ၏။ ယသောဓရာသည် ယောက္ခမတော် မင်းကြီးကို မြင်သည်နှင့်တစ်ပြိုင်နက် မင်းကြီး၏ ခြေတော်ရင်းမှာ ဒူးထောက်၍ ခစားလိုက်ပြီး မင်းကြီး ထိုင်ရန် နေရာပြင်ပေး၏။ မင်းကြီး ထိုင်ပြီးသောအခါ သင့်တော်သော အကွာအဝေးမှာ နေ၍ ခစား၏။

"ကျန်းမာပါရဲ့လား သမီးတော်၊ သားတော် ရှိပုံမရဘူး ထင်တယ်နော်"

"မှန်လှပါ ဖခမည်းတော်ဘုရား၊ မောင်တော်ဟာ ကာဠာမရသေ့ရဲ့ ကျောင်းသခ်မ်း သွားနေတာ နာရီပိုင်းအထိ ကြာသွားပါပြီ၊ ခုထိ ပြန်မလာသေးတာပါ ဘုရား"

ပြန်လည်လျှောက်ထားချက်ကို ဘဝင်မကျ၍ မင်းကြီး မျက်နှာပျက်သွားပြီဟု ယသောဓရာ ခံစားလိုက်ရသည်။ မင်းကြီးသည် အတန်ကြာအောင် နှုတ်ဆိတ်နေ၏။ စိတ်အနှောင့်အယှက် ဖြစ်သွားဟန် တူသည်။ နောက်ဆုံး၌ မင်းကြီး မိန့်မြွက်တော်မူ၏။

"သမီးတော်၊ မင်း ဒီကို စရောက်ရောက်ချင်း ငါ ပြောခဲ့ သင်ခဲ့တာတွေကို မေ့သွားပြီလား၊ သားတော် ကာမဂုဏ်တွေ ငြီးငွေ့ စိတ်ပျက်သွားအောင် ဘာမှ မလုပ်ရဘူးလို့ ငါ ပြောခဲ့တာ မှတ်မိသေးရဲ့လား၊ သားတော် ပျော်ရွှင်အောင် ပြုစုပေးရမယ်၊ သူ့ရဲ့ လိုအင်ဆန္ဒ မှန်သမျှကို ဖြည့်ဆည်းပေးဖို့ ငါ့တာဝန်သာ ဖြစ်တယ်၊ ကာဠာမရသေ့နဲ့ ဘာမှ မဆိုင်ဘူး၊ သူက ကာဠာမရသေ့ဆီ ဘာဖြစ်လို့ သွားရတာတဲ့လဲ၊ ကာဠာမရသေ့က ငါ စီမံမပေးနိုင်တဲ့ စည်းစိမ်ချမ်းသာတွေ ဖန်တီးပေးနိုင်လို့တဲ့လား၊ အင်း··· ငါ့ ပုဏ္ဏားတော်

mgyoe.com

mgyoe.com  SAMPLE BOOK 

တွေ ဟောခဲ့တဲ့အတိုင်း သူ ထိန်းနန်းစည်းစိမ်တွေကို စွန့်ခွာသွားလေမလားလို့ တွေးလိုက်ရင် သိပ်စိတ်ပူတာပဲ သမီးတော်ရယ်...၊ ငါ့နေပြည်တော်အတွက်၊ သာကီမျိုးနွယ်အတွက် သူ့ကိုပဲ ငါ မျှော်လင့်ထားတာ။ ဒီမယ် သမီးတော်၊ ငါ့သားတော် မအီမသာ ခံစားရတဲ့ အရိပ်အယောင် တွေ့မိရင် ငါ့ကို ချက်ချင်း အသိပေးပါ''

''သည်းခံတော်မူပါ ခမည်းတော်ဘုရား၊ မောင်တော် ညအိပ်ရာဝင်ချိန်မှာ အချိန်အတော်ကြာအောင် ယောဂကျင့်တဲ့အကြောင်း ခမည်းတော်ကို အသိပေးခဲ့တာ မှတ်မိမယ် ထင်ပါတယ် ဘုရား၊ အဲဒီကတည်းက ခမည်းတော် ညွှန်ကြားတဲ့အတိုင်းပဲ မောင်တော် စိတ်လက်ပျော်ရွှင်အောင် အထူးအာရုံစိုက်ပြီး အစွမ်းကုန် ပြုစုစောင့်ရှောက် လုပ်ကျွေးပါတယ် ဘုရား၊ သူ့ရဲ့ အရိပ်တစ်ခုလို သူနဲ့ နီးနီးကပ်ကပ် နေပါတယ် ဘုရား၊ ဒါပေမဲ့ သူက 'မင်းနဲ့ ငါတို့ရဲ့ သီးခြားကမ္ဘာရဲ့ အပြင်ဘက်မှာ ကမ္ဘာတစ်ခု ရှိသေးတယ်' လို့ပဲ အမြဲ ပြောနေပါတယ် ခမည်းတော်။ ခုတစ်လော မောင်တော်ဟာ သမီးတော်နဲ့ အတူ စကားစမြည် ပြောနေရတာ၊ ပျော်စရာတစ်ခုခု လုပ်ကိုင်ဆောင်ရွက်နေရတာထက် ပြင်ပကမ္ဘာကို သိမြင်နားလည်နိုင်ဖို့ ဒီနန်းဆောင် အပေါ်ထပ်ကနေ ပြတင်းတံခါးတွေ ဖွင့်ကြည့် ဖို့ကိုပဲ ဆန္ဒပြင်းပြပါတယ် ဘုရား၊ မနေ့ကတော့ နန်းတော်တံခါး အပြင်ဘက်မှာ စဏ္ဍာလ ကလေးငယ်တစ်ယောက် အမှိုက်ကျင်းမှာ စွန့်ပစ်ထားတဲ့ စားကြွင်းစားကျန်တွေ လိုက်ကောက် ပြီး စားနေတာကို ဟိုပြတင်းပေါက်ကနေ သူ လှမ်းမြင်လိုက်ပါတယ် ဘုရား၊ အဲဒါကို မြင်လိုက်ရတော့ သူ စိတ်ထိခိုက်သွားပြီး ဒီနန်းဆောင်ပေါ်ကနေ ပြေးဆင်းသွားပါတယ် ဘုရား၊ စဏ္ဍာလကလေးကို သမီးတော်ဆီ လက်ဆွဲခေါ်လာပြီး စဏ္ဍာလကလေး အားရ ကျေနပ်တဲ့အထိ ပွဲတော်စာတွေ ကျွေးလိုက်ဖို့ သမီးတော်ကို အမိန့်ပေးပါတယ် ဘုရား''

''အလိုလေးလေး... သမီးတော်၊ အဲဒီလို မြင်သာတဲ့ နေရာမှာ အကြွင်းအကျန်တွေ စွန့်ပစ်ဖို့ အခြေအရံ အလုပ်အကျွေးတွေကို စေခိုင်းလိုက်ရသလား သမီးတော်ရယ်''

''ခမည်းတော် ဘုရား၊ သမီးတော် ဒီကို မရောက်ခင်ကလည်း အကြွင်းအကျန်တွေကို အဲဒီနေရာမှာ စွန့်ပစ်တာပါပဲ ဘုရား၊ မောင်တော်ဟာ အမှိုက်ကျင်းထဲမှာ စွန့်ပစ်ထားတဲ့ အကြွင်းအကျန်တွေကို မြင်ဖူးပြီးသား ဖြစ်ပါလိမ့်မယ် ဘုရား၊ မောင်တော်ရဲ့ စိတ်ကို ထိခိုက်စေတာက အမှိုက်ကျင်း မဟုတ်ပါဘုရား၊ အမှိုက်ကျင်းထဲက အကြွင်းအကျန်တွေ ကောက်စားနေတဲ့ စဏ္ဍာလလေးကို မြင်လိုက်ရလို့ မောင်တော် စိတ်ထိခိုက်သွားတာ ဖြစ်ပါတယ် ဘုရား''

''အို... သမီးတော်၊ နောက်နောင်မှာ ဘယ်စဏ္ဍာလကိုမှ မမြင်တွေ့စေရဘူး၊ မဟုတ်သေးဘူး၊ နန်းတော်နဲ့ အနီးတစ်ဝိုက်မှာ ဘယ်လို ဇာတ်နိမ့်တွေမှ ခြေမချစေရဘူး၊ စဏ္ဍာလကို လက်ဆွဲ ခေါ်လာတုန်းက သားတော် ဘာတွေ ပြောတယ် ဆိုတာ တိတိကျကျ ပြန်ပြောပြစမ်းပါ သမီးတော်''

mgyoe.com

m gyoe.com SAMPLE BOOK

"စဏ္ဍာလကို လက်ဆွဲခေါ်လာတာ မြင်ရတော့ တအံ့တသြနဲ့ မောင်တော့်ဆီကို ပြေးသွားခဲ့ပါတယ် ဘုရား၊ စဏ္ဍာလလေးဟာ ကြောက်လွန်းလို့ တုန်တုန်ရီရီ ဖြစ်နေပြီး စကားတစ်ခွန်းမှ မပြောနိုင်ပါ ဘုရား၊ သူ့ဝမ်းဗိုက်ဟာ ပိန်ချပ်နေပြီး သူ့မျက်တွင်းတွေ ကလည်း ဟောက်ပက်ပက်ပါ ဘုရား၊ အဲဒီစဏ္ဍာလလေးရဲ့ ခေါင်းကို လက်နဲ့ ကိုင်ထားရင်း မောင်တော်က သမီးတော်ကို 'အို… ယသောဓရာ၊ ကူကယ်ရာမဲ့ ဒီကလေးဟာ လူသားမျိုးဆက်ပါကွယ်၊ ငါတို့က ကောင်းမွန်မြင့်မြတ်တဲ့ ပွဲတော်စာတွေ စားသုံးနေချိန်မှာ သူက အမှိုက်ကျင်းထဲက စွန့်ပစ်ထားတဲ့ အကြွင်းအကျန်တွေကို ကောက်စားနေတာ၊ သူ ငါ့ကို မြင်တော့ ကြောက်လန့်ပြီး ထွက်ပြေးဖို့ ကြိုးစားသေးတယ်၊ အဲဒီတုန်းက ငါ စိတ်ထိခိုက်တာပဲ ရှိတယ်၊ ဘာအနှောင်အဖွဲ့မှ မရှိဘူး၊ ဒီလို သိမ်ငယ်တာတွေ တိုင်းပြည်အတွင်းမှာ ရှိနေတဲ့အတွက် တိုင်းပြည်ရဲ့ အရှင်သခင် ငါတို့မှာ တာဝန်မရှိဘူး လား၊ တိုင်းပြည်ရဲ့ အခွန်ဘဏ္ဍာကို ကောက်ယူပြီး တိုင်းပြည်တွင်းမှာ ရှိနေတဲ့ ဒီလို သိမ်ငယ်တာတွေကို တာဝန်မဲ့ မျက်ကွယ်ပြုနိုင်တဲ့ ပြည့်ရှင်မင်းရဲ့ အဆင့်အတန်းကို ဘယ်လို သတ်မှတ်မလဲ၊ ကဲ ကဲ ယသောဓရာ၊ လောလောဆယ် သူ့ကိုသာ ချိုမြိန် ကောင်းမြတ်တဲ့ အစားအစာတွေ ပေးလိုက်ပါ၊ သူ စားနိုင်သလောက် စားစမ်းပါစေ' လို့ အမိန့်ရှိပါတယ် ဘုရား"

"သမီးတော်က ဘာမှ ပြန်မပြောဘူးလား"

"ခမည်းတော်၊ မောင်တော် ညွှန်ကြားတဲ့အတိုင်းပဲ ပန်းကန်ပြားထဲ ထမင်းထည့် ပြီး စဏ္ဍာလလေးကို ပေးလိုက်ပါတယ် ဘုရား၊ စဏ္ဍာလလေးက ထမင်းပန်းကန်ပြား ကိုယူ၊ အောက်မှာ ထိုင်…"

ယသောဓရာ စကားမဆုံးမီ မင်းကြီးသည် စိတ်ဆိုးမာန်ဆိုး အော်လိုက်၏။

"အလိုလေးလေး… သမီးတော်၊ ငါ့ရွှေနန်းတော်မှာ စဏ္ဍာလအတွက် ပန်းကန်ပြား ဘယ်နေရာကများ ရသလဲ၊ သမီးတော် ရူးများနေသလား"

"သည်းခံတော်မူပါ ခမည်းတော် ဘုရား၊ ဇာတ်နိမ့်တွေနဲ့ ပတ်သက်လို့ လိုက်နာ ရမယ့် ထုံးတမ်းစဉ်လာတွေကို သမီးတော် သိပါတယ် ဘုရား၊ ဒါကြောင့် ကျွန်မ တစ်ယောက်ကို ငှက်ပျောရွက်ပိုင်းတစ်ခု အယူခိုင်းပြီး အဲဒါနဲ့ ထည့်ကျွေးဖို့ စဏ္ဍာလရဲ့ ဘေးနားမှာ ချခင်းလိုက်ပါတယ် ဘုရား၊ အဲဒီတော့ မောင်တော်က ထမင်းကို ပန်းကန်ပြားထဲ ထည့်ပေးဖို့ အမိန့်ရှိပါတယ် ဘုရား"

အခြေအနေမှာ ဆိုးရွားနေပြီ၊ ထင်သားသည်ထက် ပို၍ အကျပ်ရိုက်နေပြီဟု မင်းကြီး နားလည်လိုက်၏။ စိုးရိမ်ခြင်းကြီးစွာဖြင့် ညည်းတွားလိုက်လေသည်။

"အို… နတ်ဒေဝါတို့၊ အို… နတ် ဗြဟ္မာတို့"

တစ်ချိန်လုံး တိတ်တိတ်ဆိတ်ဆိတ် ရှိနေခဲ့သော ကာဠုဒါယီအမတ်က ဆို၏။

mgyoe.com

mgyoe.com SAMPLE BOOK

“နားဆင်တော်မူပါ အရှင်မင်းကြီး၊ အရှင်မင်းကြီးရဲ့ သားတော်ဟာ ပညာဉာဏ်နဲ့ ပြည့်စုံသူ ဖြစ်ပါတယ်ဘုရား၊ သူ့ကို ကာမဂုဏ်တွေနဲ့ ပျော်မွေ့နေအောင် လုပ်မယ်ဆိုရင် ဒီလို အခြေအနေမျိုးနဲ့ ကြုံရမှာပါပဲ ဘုရား၊ ပုဏ္ဏားတော်တွေ ညွှန်ကြားတဲ့အတိုင်း မင်းကြီးက သားတော်ကို သဘာဝလောကအစစ်နဲ့ ထိတွေ့ရင်းနှီးခွင့် မပေးပါဘူး ဘုရား၊ မင်းကြီးက ကောင်းမြတ်ခြင်း၊ ပျော်ရွှင်ချမ်းမြေ့ခြင်း ဆိုတဲ့ ဘဝရဲ့ မျက်နှာစာ တစ်ဘက်ကိုပဲ သားတော်ရှေ့မှာ ဖွင့်လှစ်ပြထားပါတယ် ဘုရား၊ ပညာရှိတဲ့ မင်းသားကတော့ ဘဝရဲ့ ဆင်းရဲကျပ်တည်းတဲ့ မျက်နှာစာကိုလည်း သိမြင်လာလိမ့်မယ်လို့ ကျွန်တော်မျိုး နားလည်သဘောပေါက်ခဲ့ပြီးသား ဖြစ်ပါတယ် ဘုရား၊ အရှင်မင်းကြီး၊ အလွန်အမင်း ချမ်းသာသူတွေနဲ့ အလွန်အမင်း ဆင်းရဲသူတွေသာ ဘဝအတွက် စိုးရိမ်ကြောင့်ကြ ပိုတတ်ကြပါတယ် ဘုရား၊ သန်းပေါင်းများစွာရှိတဲ့ အလယ်အလတ်တန်းစားတွေကတော့ ဘဝမှာ လွန်လွန်ကဲကဲ ပျော်ရွှင်တာ မရှိသလို အလွန်အကျွံလည်း သောကရောက်လေ့ မရှိပါဘုရား၊ ဘဝရပ်တည်ဖို့ ရုန်းကန်ရခြင်းသာလျှင် သူတို့အတွက် စိုးရိမ်ပူပန်စရာ ဖြစ်ပါတယ် ဘုရား၊ သားတော် မင်းသားကို လုံခြုံရေး အစောင့်အကြပ်တွေနဲ့ ထိန်းထားပြီး ထိန်းနန်း လွှဲအပ်နိုင်မယ်လို့ အရှင်မင်းကြီး ထင်ထားပါလိမ့်မယ် ဘုရား”

“အဲဒီတော့ ဘာဖြစ်သလဲ၊ အမှိုက်တွင်းထဲက ကောက်စားတဲ့ စဏ္ဍာလတွေကို တွေ့မြင်ရလို့၊ ထမင်းမစားဘဲ ဖွဲစားတဲ့ အရူးတွေနဲ့ ဘာမှ မထူးတဲ့ တောပျော်ရသေ့တွေကို တွေ့မြင်ရလို့ ငါ့သားတော်မှာ ဘာတွေ အကျိုးထူးမှာမို့လဲ၊ ငါ့သားတော်က တစ်ခြားနေပြည်တော်တွေ သိမ်းပိုက်အောင်မြင်တာကို ငါ မြင်ချင်တယ်၊ ဇမ္ဗူဒိပ်တစ်ကျွန်းလုံး တစ်ခုတည်းသော အလံတော်အောက်မှာ သိမ်းသွင်းလိုက်နိုင်တာကို ငါ မြင်ချင်တယ်၊ ဘုန်းသမ္ဘာနဲ့ ပြည့်စုံတဲ့ ငါ့သားတော်ဟာ အဲဒီလို အောင်မြင်နိုင်စွမ်း ရှိတယ်၊ ငါက သူ့ကို တိုက်တွန်းလိုက်ဖို့ပဲ လိုတယ်၊ သူ ဘဝကို စိတ်ပျက်ငြီးငွေ့စရာ မလိုဘူး၊ မိခင်ဟာ စူးရှ အန္တရာယ်ဖြစ်စေမယ့် လက်နက် အချွန်အထက်တွေကို သူ့သားငယ် မမီနိုင်တဲ့ နေရာမှာ ထားသလို ငါလည်း ငါ့သားတော်ကို ထိတ်လန့်သံဝေဂ ရစေမယ့် အရာတွေနဲ့ ဝေးအောင် ရှိသမျှ ငါ့စွမ်းအားနဲ့ ငါ့အမိန့်အာဏာကို အသုံးပြုမယ်၊ မနက်ဖြန်ကစပြီး လုံခြုံရေးကို ပိုပြီး တင်းတင်းကျပ်ကျပ် ချထားမယ်၊ သူတောင်းစား အားလုံးနဲ့ ရသေ့ရဟန်း မှန်သမျှ ငါ့နန်းတော်တွင်း ချဉ်းနင်းဝင်ရောက်ခြင်း မရှိစေရဘူး”

“အရှင်မင်းကြီး၊ သည်းခံတော်မူပါ ဘုရား၊ အဲဒီလို စောင့်ကြပ် ပိတ်ပင်ခြင်းဟာ မင်းသားရဲ့ မခံချင်စိတ်ကို နှိုးဆွပေးရာ ရောက်ပါလိမ့်မယ် ဘုရား၊ အဲဒီလိုသာ တင်းကျပ်လိုက်မယ်ဆိုရင် မင်းသားဟာ တစ်နည်းနည်းနဲ့ နန်းတော်ကို စွန့်ခွာသွားပါလိမ့်မယ် ဘုရား၊ အတင်းအကျပ် မလုပ်ပါနဲ့ ဘုရား၊ စစ်မှန်တဲ့ လောကရဲ့ သဘောမှန်ကို မင်းသား သိခွင့်ပေးလိုက်ပါ ဘုရား”

mgyoe.com

တစ်ချိန်လုံး ခေါင်းငိုက်စိုက် ချထားပြီး တွေတွေဝေဝေ ကြောင်ငေး တွေးတော နေသူ ယသောဓရာသည် မင်းကြီးကို ရဲဝံ့စွာ လျှောက်ထား၏။

“ခမည်းတော်… ခမည်းတော် နှစ်သက်တော်မူတဲ့ ဗျစ်ရည်များ ဆက်သ ပါရစေ ဘုရား၊ ခွင့်ပြုပါ ခမည်းတော်၊ ဗျစ်ရည် သွားယူဖို့ ခဏလေး အချိန်ပေးပါ ဘုရား”

“ဒီအချိန်မှာ အဲဒီ ဗျစ်ရည်က ဘာအဓိပ္ပာယ်ရှိမှာလဲ၊ ငါ သွားမယ်၊ သားတော် ပြန်လာရင်သာ ငါ့ကို ချက်ချင်း လာတွေ့ဖို့ ပြောလိုက်ပါ”

ပြောပြောဆိုဆိုပင် မင်းကြီးသည် နေရာမှ ထလိုက်၏။ မင်းကြီး ခံပြင်းဒေါသ ဖြစ်နေသည်။ စိတ်လက် မပျော်ရွှင်နိုင်ပေ။ ယသောဓရာလည်း မရွှင်သော မျက်နှာထား ဖြင့် မင်းကြီး ရှေ့မှောက်၌ ဒူးထောက်၍ အရိုအသေပေးလိုက်ပြီး မင်းကြီးကို သုရမ္မ နန်းဆောင် မုခ်ဝအထိ လိုက်ပါပို့ဆောင် နှုတ်ဆက်လေ၏။ သုဒ္ဓေါဒနမင်းကြီးသည် လည်းကောင်း၊ ကာဠုဒါယီအမတ်သည် လည်းကောင်း ယသောဓရာကို တစ်စုံတစ်ရာ နှုတ်ဆက်စကား မပြောကြားဘဲ ထွက်ခွာသွားကြလေ၏။ ယသောဓရာ မင်းသမီးသည် လည်း တိတ်ဆိတ်စွာ ကျန်ရစ်ခဲ့ပြီး လေးလံနှေးကွေးသော ခြေလှမ်းများ၏ သယ်ဆောင်ရာ သို့ လိုက်ပါလျက် သုရမ္မနန်းဆောင်ဆီ ဦးတည်နေ၏။ မင်းသမီးသည် နန်းဆောင်ပေါ်သို့ မတက်မီ သိဒ္ဓတ္ထမင်းသား ပြန်လာလေပြီလား မျှော်လင့်ချက်ဖြင့် နောက်ပြန် လှည့်ကြည့် လိုက်၏။ တိတ်ဆိတ် ငြိမ်သက်သော တံခါးမုခ်ကိုသာ တွေ့ရလေသည်။

၉

mgyoe.com

mgyoe.com SAMPLE BOOK

# နတ်ဆိုးကို ဆုံးမခြင်း

ညနေစောင်းချိန်၌ သိဒ္ဓတ္ထမင်းသားနှင့် ဆန္နအမတ်တို့သည် ကာဠာမရသေ့၏ သခ်မ်းကျောင်းမှ ပြန်လည် ထွက်ခွာလာကြ၏။ နှစ်ယောက်သား မြင်းစီး၍ ပြန်လာကြခြင်း ဖြစ်သည်။ သိဒ္ဓတ္ထမင်းသား၏ အမူအရာသည် သိသိသာသာ မြူးထူးတက်ကြွနေ၏။ ရသေ့ သူတော်စင်တို့ ပျော်စံရာဖြစ်သော ရောဟိနီမြစ်ကမ်း ကုန်းမြင့်မြင့် တစ်နေရာ၌ တည်ရှိသည့် တောအုပ်၏ သာယာလှပပုံကို သဘောကျနေသည်။ အပြန်လမ်း တစ်လျှောက်လုံး ပုစဉ်းရင်ကွဲတို့၏ အော်မြည်သံများ စူးစူးဝါးဝါး စီစီဝေဝေ ရှိနေသည်။ ဝတ်ရည်စုနေသည့် ပျားတို့၏ ညည်းတွားသံ ခပ်ဝါးဝါးလည်း တစ်ချက် တစ်ချက် ကြားနေရ၏။ ကိုင်းတော မြက်တောအတွင်း တရှီးရှီး လေတိုးသံလည်း ရပ်နားသည် မရှိပေ။ ဤသို့သော သဘာဝ ဂီတသံ အစစ်အမှန်ကို သိဒ္ဓတ္ထမင်းသား တစ်သက်နှင့် တစ်ကိုယ် တစ်ခါမှ နားမဆင်ခဲ့ရဖူးပေ။ သူတော်စင်တို့ ပျော်စံရာ တောအုပ်၏ ငြိမ်းချမ်းမှု အရှိန်အဝါကြောင့် မင်းသားလည်း စိတ်ကြည်နူးနေသည်။ သို့သော် ကာဠာမရသေ့နှင့် စကားပြောခွင့် မရခဲ့ခြင်းကိုကား မင်းသား ဘဝင်မကျ ဖြစ်နေ၏။

နောက်မှ ကပ်လျက် မြင်းစီးလိုက်ပါလာသူ ဆန္နကို မင်းသားက လှမ်းပြော၏။

“အားလုံး အဆင်ပြေပါတယ်၊ ကာဠာမရသေ့ နှုတ်ဆိတ်နေတာကိုတော့ ငါ သဘောမကျဘူး၊ ဘယ်လိုလဲ ဆန္န၊ ရသေ့က ငါ့ကို ဘာဖြစ်လို့ စကားတစ်ခွန်းမှ မပြောတာလဲ”

ဆန္နက ပြန်လည် ဖြေကြား၏။

mgyoe.com

SAMPLE BOOK

"ကာဠာမရသေ့ဟာ သင့်လျော်လျောက်ပတ်တဲ့ အခါမှသာ စကားပြောတယ်လို့ သူ့ရဲ့ အလုပ်အကျွေး တစ်ယောက်ဆီက ကြားဖူးပါတယ် အရှင့်သား၊ နောက်ပြီး ရသေ့ ကျင့်ဝတ်တွေကို လိုက်နာ ကျင့်သုံးသူသာလျှင် ရသေ့သခ်မ်းကျောင်း တည်ရှိတဲ့ တောအုပ်ထဲ ဝင်လာသင့်တယ်လို့ ရသေ့က ယုံကြည် ယူဆပါသတဲ့ ဘုရား"

"ဆန္ဒရေ၊ သူတော်စင်တို့ ပျော်စံရာ တောအုပ်ကို ဖြတ်သန်း တိုက်ခတ်လာတဲ့ လေကတောင်မှ ငါ့ကို နှစ်သက်စေနိုင်တယ်၊ တောအုပ်ရဲ့ ပကတိ အလှတရားကို ငါ မြင်ခဲ့ရတယ်၊ အဲဒီလို အလှအပကို မင်းစည်းစိမ်ထက် ပိုပြီး ငါ မြတ်နိုးတယ်"

"ဘုရင်တစ်ဆူရဲ့ ခံ့ညားထည်ဝါမှုဟာ ပိုင်ဆိုင်စရာ အားလုံးထက် ပိုပြီး မြင့်မြတ်ပါတယ် အရှင့်သား၊ သန်းပေါင်းများစွာရှိတဲ့ ခိုကိုးရာမဲ့ ပြည်သူတွေကို ဦးဆောင်ဦးရွက်ပြုနေတဲ့၊ ပြည်သူကို အလုပ်အကျွေးပြုနေတဲ့ မင်းကောင်းမင်းမြတ် တစ်ပါးဟာ တစ်ကိုယ်တော် ဝိညာဉ်လွတ်မြောက်ရေးအတွက် လမ်းစရှာနေတဲ့၊ ပင်ပင်ပန်းပန်း အကျင့်တွေနဲ့ ခန္ဓာကိုယ်ကို နှိပ်စက်နေတဲ့ ရသေ့ ရဟန်း ယောဂီသူတော်စင်ထက် ပိုပြီး မြင့်မြတ်ပါတယ်။ အရှင်မင်းသား၊ ကျွန်တော်မျိုးရဲ့ အမြင်ကို ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား လျှောက်ထားခွင့် ရှိမယ်ဆိုရင် လျှောက်ထားချင်ပါတယ်၊ မိသားစုဘဝ ရပ်တည် ရှင်သန်ရေးအတွက် နေ့နေ့ညည ချွေးပြိုက်ပြိုက်ကျအောင် ရုန်းကန်နေတဲ့ လယ်သမားတစ်ယောက်ရဲ့ ဘဝဟာ ဆွမ်းခံစားနေသူ၊ ခုဘဝနဲ့ နောက်ဘဝတွေမှာ ကြုံတွေ့ရမယ့် ဖော်မပြနိုင်လောက်တဲ့ ဆင်းရဲဒုက္ခကို ကြောက်လန့်သူ၊ တစ်ကိုယ်တော် လွတ်မြောက်ရေးအတွက် ဘာသာရေး အကျင့်တွေ ကျင့်သုံးဖို့ တောရပ်ခိုမှီးသူ သူတော်စင် ရသေ့ ရဟန်းတစ်ပါးရဲ့ ဘဝထက် အဆများစွာ သာလွန် မြင့်မြတ်ပါတယ်၊ အဲဒီယောဂီဟာ သူ့ရဲ့ အခက်အခဲ ပြဿနာတွေကို စိုးရွံ့ထိတ်လန့် စိတ်ပျက် ငြီးငွေ့တဲ့အတွက် လက်မြှောက် အရှုံးပေးပြီး ရှောင်ပုန်း ပြေးထွက်သူ ဖြစ်ပါတယ်၊ သူဟာ တစ်ကိုယ်ကောင်းဆန်တဲ့ ရည်ရွယ်ချက်အတွက် အားသွန်ကြိုးပမ်းသူ ဖြစ်ပါတယ်၊ မြေယာကို တူးဆွတဲ့ လယ်သမား၊ ထွန်ယက် စိုက်ပျိုးတဲ့ လယ်သမား၊ ချွေးတလုံးလုံးနဲ့ လယ်သမားကတော့ သားကျွေးမှု မယားကျွေးမှုအတွက် ဘဝတိုက်ပွဲကို ရဲရဲကြီး ရင်ဆိုင်သူ ဖြစ်ပါတယ် အရှင့်သား"

"ဒီမယ် ဆန္ဒ၊ ငါလည်း ရှင်းရှင်းပြတ်ပြတ်ပဲ ပြောရလိမ့်မယ်၊ ဆန္ဒ ခု ပြောနေတဲ့ လွတ်မြောက်မှုမျိုးကို ငါ ဆိုလိုတာ မဟုတ်ဘူး၊ ဖခင်မင်းကြီးရဲ့ အရိုက်အရာကို ခံယူပြီး သာကီဝင်တို့ရဲ့ ခေါင်းဆောင်အဖြစ်နဲ့ ပြည်သူ့အကျိုး သယ်ပိုးတာထက် ပိုပြီး ငါ စွမ်းဆောင်နိုင်တယ်၊ မင်းအဖြစ်နဲ့ တိုင်းကျိုးပြည်ကျိုး သယ်ပိုးရင် ငါ့ တိုင်းသူပြည်သားတွေ ချမ်းသာမယ် ဆိုတာ ငါ သိတယ်၊ ဒါပေမဲ့ ဒီထက် အဆများစွာသာအောင် ငါ စွမ်းဆောင်နိုင်တယ်၊ မင်းအဖြစ်နဲ့ တိုင်းသူပြည်သားတွေရဲ့ လိုအင်ဆန္ဒကို ဘယ်လောက်ထိ ဖြည့်စွမ်းနိုင်မှာမို့လဲ၊ ငါ့ရဲ့ စွမ်းဆောင်မှုကြောင့် ပြည်သူတွေ အသရေတိုးလိမ့်မယ်၊ ငါတို့ သာကီမျိုးတွေ အရှိန်အဝါ ကြီးလိမ့်မယ်၊ ဖခင် မင်းကြီးလည်း မြင့်မြတ်ခမ်းနား

mgyoe.com

လာလိမ့်မယ်၊ ယသောဓရာလည်း ထည်ထည်ဝါဝါ နေနိုင်လိမ့်မယ်၊ ဒါပေမဲ့ ငါ့ရဲ့ စွမ်းဆောင်မှုကို ဘယ်သူမှ တင်းတိမ်ရောင့်ရဲနိုင်ကြမှာ မဟုတ်ဘူး၊ သူတို့အားလုံးအတွက် ငါ မစွန့်စားနိုင်တာ မဟုတ်ဘူး၊ ငါ လုပ်ပေးနိုင်ပါတယ်၊ ဒါပေမဲ့ လူသားတစ်ရပ်လုံး အတွက် ဆောင်ရွက်နိုင်တဲ့ စွမ်းအင်ကို ငါ ပိုင်ဆိုင်ထားတယ်၊ ဒီမယ် ဆန္န၊ မိသားစု အတွက်၊ လူမျိုးစုအတွက် တိုင်းပြည်အတွက်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျဉ်းကျဉ်းမြောင်းမြောင်း နေထိုင်ရှင်သန်တာထက် ပိုပြီးမြင့်မြတ်တဲ့ အသက်ရှင်နည်း ရှိသေးတယ်လို့ ငါ ယုံကြည် တယ်၊ စိုးရိမ်ပူဆွေးနေရတဲ့ လူသားတစ်ရပ်လုံးအတွက်၊ ချမ်းသာသုခ ရရှိဖို့ ရုန်းကန် နေကြတဲ့ လူသားတစ်ရပ်လုံးအတွက် ကောင်းကျိုးချမ်းသာ ဖြစ်ထွန်းစေမယ့် သဘာဝ အခြင်းအရာ တစ်ခုခု ရှိမယ်ဆိုရင် အဲဒါကို ရှာဖွေဖော်ထုတ်တာက ပိုမကောင်းဘူးလား၊ ပျော်ရွှင်ချမ်းမြေ့မှုကို လိုလားသူ အားလုံးတို့ရဲ့ ကောင်းကျိုးချမ်းသာအတွက် သစ္စာဉာဏ် အလင်းကို ရှာဖွေတာက ပိုမကောင်းဘူးလား၊ လူသားမျိုးဆက် အဆက်ဆက် မျှဝေခံစား နိုင်မယ့် ကောင်းကျိုးချမ်းသာကို ရှာဖွေတာက ပိုမကောင်းဘူးလား''

ဆန္နသည် ဝမ်းမြောက်ဝမ်းသာ ဟစ်ကြွေးလိုက်လေ၏။

''ကောင်းမြတ်ပါပေတယ်၊ ကောင်းမြတ်လှပါပေတယ် အရှင့်သား၊ အရှင့်သား ရဲ့ ကောင်းကျိုးချမ်းသာကို လိုလားပါတယ်၊ အရှင့်သားရဲ့ ကြိုးပမ်းအားထုတ်မှု အောင်မြင် ပြီးမြောက်ပါစေ''

သိဒ္ဓတ္ထမင်းသားနှင့် ဆန္နအမတ်တို့ မြင်းစီးလာခဲ့ရာ ကပိလဝတ်မြို့တော် အလယ်ရှိ ဇမ္ဗူသပြေဥယျာဉ်သို့ ရောက်လေ၏။ ထိုဥယျာဉ်၌ လူငယ်လူရွယ် အုပ်စုတစ်ခု စုရုံးရောက်ရှိနှင့်ပြီး ဖြစ်လေ၏။ လူငယ်အုပ်စုသည် အနည်းငယ် ရိုင်းပျဟန်တူ၏။ မြူးထူးတက်ကြွသည့် အမူအရာဖြင့် အုတ်အော်သောင်းတင်း ဟစ်အော်လျက် ရှိကြ၏။ လူငယ်အုပ်စု၏ ဟစ်ကြွေးသံသည် အဆက်မပြတ် ပေါ်ထွက်နေပြီး အရှိန်မြင့်သည်ထက် မြင့်တက်နေ၏။

''ဘာသံလဲ ဆန္န'' ဟု မင်းသားက မေး၏။

ဆန္နက ပြန်လည် ဖြေကြားသည်။

''စည်းမဲ့ကမ်းမဲ့ လူငယ်တစ်စုရဲ့ ဆိုးသွမ်းမှုတစ်ခု ဖြစ်မယ် ထင်ပါတယ်၊ အားကိုးရာမဲ့ တစ်ယောက်ယောက်ကို အဲဒီ လူငယ်တွေက လှောင်ပြောင် ဟားတိုက် ရယ်ပွဲဖွဲ့နေကြတာ ဖြစ်ပါလိမ့်မယ်''

မင်းသားသည် မြင်းကို ဖနောင့်နှင့် ဖိပေါက် မောင်းနှင်လိုက်ပြီး ရှေ့မှ ဦးဆောင် သွား၏။ အရေအတွက် နှစ်ဆယ်၊ သုံးဆယ်ခန့်ရှိသော လိစ္ဆဝီ၊ ကောလိယနှင့် သာကီဝင် မင်းသားတို့သည် အဝတ်မဆီးသည့် အစေလက တက္ကတွန်း တစ်ယောက်ကို နိုင်ထက် ကလူ ပြုနေကြ၏။ ပြည့်တန်ဆာမ တစ်ယောက်၏ အင်္ကျီဇာတ်ကို ရှိခိုးဦးချရန် တက္ကတွန်း

mgyoe.com

SAMPLE BOOK

ကို အတင်းအဓမ္မ စေခိုင်းနေကြသည်။ ဓားကို စွဲကိုင်ထားသူ ဒေဝဒတ်မင်းသားသည် တက္ကတွန်းကို ဆံပင်မှ ဆွဲကိုင်တွန်းထိုးရင်း အပြင်းအထန် အမိန့်ပေး စေခိုင်းနေလေ၏။

ဆန္နသည် ဒေါနှင့်မာန်နှင့် ဟစ်အော်လိုက်၏။

''အရှင်မင်းသား၊ မမြင်ဘူးလား၊ မင်းသားရဲ့ ယောက်ဖတော် ဒေဝဒတ်ဟာ ဒီလူငယ်ရမ်းကား အုပ်စုရဲ့ ခေါင်းဆောင် ဖြစ်ပါတယ်၊ ရွံစရာကောင်းတဲ့ ဒီလူငယ်တွေဟာ သူတော်စင်ကို ရိုသေလေးစားဖို့ နေနေသာသာ လူသားတစ်ယောက်ရဲ့ တန်ဖိုးကို တောင် မေ့ထားပြီး သူတို့ကိုယ် သူတို့ ပျော်တော့်ဆက်နေကြတာပါ''

သိဒ္ဓတ္ထမင်းသားသည် မြင်းပေါ်မှ ဆင်းလိုက်ပြီး လူအုပ်ကို တွန်းထိုးကာ ဒေဝဒတ် ဆီသို့ သွား၏။ ပြည့်တန်ဆာမသည် ပြုံးရယ်လျက် မြေပေါ်မှာ လဲလျောင်းနေသည်။ ဒေဝဒတ်သည် ကူကယ်ရာ မဲ့နေသည့် တက္ကတွန်းကို လည်ကုပ်မှ ဆွဲကိုင်ရင်း-

''ရှိခိုးလိုက်စမ်း၊ ရှိခိုးလိုက်စမ်း''

ဟု အော်ဟစ် အမိန့်ပေးနေ၏။ အဖြစ်အပျက်ကို မြင်လိုက်ရပြီး စိတ်ထဲမှာ ခါးခါးသီးသီး ခံစားလိုက်ရသူ သိဒ္ဓတ္ထမင်းသားသည် ဒေဝဒတ်အပေါ်သို့ ခုန်အုပ်လိုက် သည်။ တစ်ဆက်တည်းပင် ဒေဝဒတ်ကို လက်သီးပြင်းနှင့် ဖိထိုးလိုက်လေသည်။ မျက်လုံးများ မီးပွင့်သွားသည်ဟု ဒေဝဒတ် ခံစားလိုက်ရ၏။ ဒေဝဒတ်သည် လဲကျရာမှ ကပျာကယာ ပြန်ထလိုက်ပြီး လက်သီးပြင်းနှင့် ထိုးနှက် တိုက်ခိုက်လာသူကို ရှာဖွေ၏။

သိဒ္ဓတ္ထသည် ဒေဝဒတ်၏ရှေ့မှာ ကျောက်ရုပ်တစ်ခုလို မားမားမတ်မတ် ရပ်နေရင်း ဒေဝဒတ်ကို ပြော၏။

''ညီတော် ဒေဝဒတ်၊ ဒီမှာ ကြည့်စမ်း၊ မင့်စိတ်မှာ ပူးဝင်နေတဲ့ စည်းကမ်းပျက် အယုတ်တမာကောင် နတ်ဆိုးကို ငါ ထိုးလိုက်တာပါ၊ အဲဒီလို နတ်ဆိုးမျိုးကို ငါ့အသက်နဲ့ ငါ့ခန္ဓာ ပျက်သုဉ်း ကြေပြုန်းတဲ့အထိ တိုက်ခိုက်ချင်တယ်၊ ကမ္ဘာပေါ်မှာ ရက်စက်ယုတ်ညံ့ သူတွေကိုတောင် အမုန်းမပွားဘဲ မေတ္တာထားနိုင်တဲ့ ဒီသူတော်စင်ကို ကျူးလွန် ပြစ်မှားလို့ မင်းလိုပုဂ္ဂိုလ်မှာ ဘာမှ အကျိုးမရှိပါဘူး၊ သူတော်စင်ကို ကျူးလွန် စော်ကားတာဟာ မင့်ကိုယ်မင်း ကျူးလွန် စော်ကားတာပါပဲ''

ဒေဝဒတ်သည် ဒေါနှင့် မာန်နှင့် ပြန်လည် ဟစ်အော်၏။

''ဒီမယ် သိဒ္ဓတ္ထ၊ ငါ့တစ်သက်လုံး ငါ့မွေးညင်းတစ်ပင်ကိုတောင် ဘယ်သူမှ ထိရဲ ခဲ့တာ မဟုတ်ဘူး၊ ခု မင်းက ငါ့က ထိုးတယ်၊ အင်း... မင်းက ငါ့ယောက်ဖ၊ ယောက်ဖ က ယောက်ဖပဲ၊ ခု ချက်ချင်း မင့်ကို ငါ သတ်မယ်''

သိဒ္ဓတ္ထမင်းသားသည် အေးဆေးတည်ငြိမ်စွာ ပြန်ပြော၏။

''သြော်... ကိုယ့်လူရယ်၊ မင့်ကိုယ်မှာ ပူးဝင်နေတဲ့ နတ်ဆိုးကို ထိန်းထား လိုက်စမ်းပါ''

mgyoe.com

mgyoe.com SAMPLE BOOK

သူ၏ အပေါင်းအပါများ ရှေ့မှောက်၌ သိမ်ငယ်စွာ အထိုးခံလိုက်ရသူ ဒေဝဒတ်သည် စိတ်ဆိုး မပြေနိုင်သေးပေ။ နင့်နင့်သီးသီး ခံစားနေရလေ၏။

"မင်းဟာ ငါတို့ အုပ်စုထဲ ချင်းနင်း ဝင်ရောက်လာတဲ့ တကယ့်ကို စည်းကမ်းမဲ့တဲ့ နတ်ဆိုးပဲ၊ မင့်ကို ငါ အပြစ်ပေးရလိမ့်မယ်"

ဓားကိုင်ထားသူ ဒေဝဒတ်သည် ပြောပြောဆိုဆိုနှင့် သိဒ္ဓတ္ထအပေါ်သို့ ခုန်အုပ်လိုက်၏။ ထိုစဉ် ဆန္နအမတ်က ကြားဝင်ရပ်လိုက်သည်။

"ဆန္န၊ ဖယ်ပါ၊ ငါ့ကိုသာ ဓားပေးစမ်းပါ"

ဟု သိဒ္ဓတ္ထက ဆို၏။

မင်းသားသည် ပြောပြောဆိုဆိုနှင့် ဆန္န၏ လက်ထဲမှ ဓားကို ဆွဲယူလိုက်ပြီး ဆန္နကို ဘေးသို့ တွန်းဖယ်လိုက်၏။ ကောလိယ မင်းသားများနှင့် လိစ္ဆဝီမင်းသားများသည် သိဒ္ဓတ္ထနှင့် ဒေဝဒတ်တို့ကို ဝန်းရံလျက် စက်ပိုင်းသဏ္ဍာန် နေရာယူလျက် ရှိကြသည်။ ဝန်းရံနေသည့် မင်းသားများ အလယ်၌ သိဒ္ဓတ္ထနှင့် ဒေဝဒတ်တို့ အချင်းချင်း မျက်နှာချင်းဆိုင်လျက် အပြန်အလှန် အကဲခတ်ကြည့်ရင်း ရပ်နေကြသည်။ သိဒ္ဓတ္ထက ဆန္နကို တွန်းဖယ်လိုက်သည်နှင့် တစ်ပြိုင်နက် ဆန္န၏ နေရာကို သူတော်စင် ဒီဃမ္ဗရက ဝင်ယူလိုက်သည်။ သူတော်စင်သည် မင်းသားနှစ်ပါးကြားမှာ မားမားမတ်မတ် ရပ်နေရင်း စကားဆို၏။

"အရှင်မင်းသားတို့၊ ရန်လိုအမုန်းကို ကျင့်သုံးရင်း အမှန်တရားကို မရှာဖွေနိုင်ပါဘူး၊ အရောင်တလက်လက် တောက်နေတဲ့ ဓားတွေကို ပြန်သိမ်းလိုက်ကြပါ၊ နောက်ဆုတ်ကြပါ၊ သစ္စာတရား ဟောကြားပါရစေ အရှင့်သားတို့"

ဒေဝဒတ်သည် ချက်ချင်း ပြန်အော်လိုက်၏။

"ဒီဃမ္ဗရရဲ့ သစ္စာတရားက ငါတို့အတွက် ဘာအသုံးကျမှာလဲ၊ ရှူးလိုက်တာ၊ ဖယ်စမ်းပါ၊ မဖယ်ရင်တော့ ဓားနဲ့ ပိုင်းရလိမ့်မယ်"

"သာကီဝင်မင်းသား အရှင်ဒေဝဒတ်မင်းသား၊ ကျွန်ုပ်ကို ဓားနဲ့ ခုတ်ပိုင်းနိုင်တယ် ဆိုတာ သိပါတယ်၊ ယောက်ဖတော် သိဒ္ဓတ္ထမင်းသားကို ခုတ်ပိုင်းတာနဲ့ စာရင် ကျွန်ုပ်ကို ခုတ်ပိုင်းတာက လွယ်ကူပါတယ်၊ ဒီနေရာက မဖယ်နိုင်ပါဘူး အရှင့်သား။ ငှက်ပျောပင်ကို ခုတ်ပိုင်းသလိုသာ ကျွန်ုပ်ကို ခုတ်ပိုင်းလိုက်စမ်းပါ၊ အရှင့်သားရဲ့ ရဲစွမ်းသတ္တိနဲ့ မောက်မာမှုကို အရှင့်သားကိုယ်တိုင် သိမြင် နားလည်နိုင်ပါလိမ့်မယ်"

ဒေဝဒတ်မင်းသားသည် သူတော်စင်၏ စကားလုံးတိုင်းကို စိတ်ဝင်တစား နားထောင်နေ၏။ သူတော်စင်သည် ဒေဝဒတ်မင်းသား၏ စိတ်နှလုံးကို သိမ်းကျုံး ယူငင်လိုက်နိုင်၏။ ထိုအခိုက်၌ ဒေဝဒတ်၏ နှလုံးသားသည် ရန်လိုမုန်းတီးမှု ကင်းနေ၏။ သူ ထိုးနှက်တိုက်ခိုက် ခံရမည်ကိုလည်း ထည့်မစဉ်းစားပေ။ လက်နက် တစ်စုံတစ်ရာ ကိုင်ဆောင်မထားဘဲ သစ်ပင်တစ်ပင်ကဲ့သို့ တောင့်တောင့်မတ်မတ် ရပ်နေသူ မုတ်ဆိတ်မွေး ရှည်ရှည်နှင့် သူတော်စင် ဒီဃမ္ဗရကို ဓားနှင့် ခုတ်ပိုင်း သတ်ဖြတ်ခြင်းသည် သူ့ရဲကောင်း

mgyoe.com

mgyoe.com SAMPLE BOOK


လုပ်ရပ် မဟုတ်ဟုလည်း ဒေဝဒတ်မင်းသား နားလည်လိုက်၏။ နှမတော်၏ လင်သား ဖြစ်သူနှင့် အသေအကျေ တိုက်ခိုက်ရန် အားထုတ်ခြင်းသည်လည်း မိုက်မဲမှု တစ်ခုပင် ဖြစ်ကြောင်း နားလည်လိုက်၏။ သူ၏ ဒေါသအရှိန် လျော့ကျသွားသည်။ ထို့ကြောင့် ဓားကို ဓားအိမ်သို့ ပြန်သွင်းလိုက်ပြီး ထွက်ခွာသွားလေ၏။

ထွက်ခွာသွားသည့် ညီအစ်ကိုဝမ်းကွဲ ဒေဝဒတ်ကို သိဒ္ဓတ္ထမင်းသားက လှမ်း ပြောလိုက်၏။

"ငါ့လက်သီးနဲ့ အထိုးခံခဲ့ရတာကို မေ့လိုက်ပါ ညီတော်၊ ငါ တကယ်ပဲ စိတ်ထိခိုက်မိပါတယ်၊ မင်းနဲ့ မင့်လူတွေ သူတော်စင်ကို ဆိုးဆိုးဝါးဝါးကြီး ကျူးလွန် စော်ကားနေကြတာမို့ ငါ ဒေါသ မထိန်းနိုင်ခဲ့တာပါ၊ တစ်ခါ ထပ်ပြောပါရစေ၊ ငါ မင့်ကို ထိုးခဲ့တာ မဟုတ်ပါဘူး၊ မင့်ကိုယ်မှာ ပူးဝင်နေတဲ့ နတ်ဆိုးကို ထိုးလိုက်တာပါ၊ ဒီလို စည်းမဲ့ကမ်းမဲ့ အပြုအမူမျိုး နောက်နောင် မလုပ်မိအောင် သတိထားပါ၊ ဒီလို အပြုအမူမျိုးဟာ ငါတို့ သာကီဝင်တွေအတွက် အကျိုးမရှိပါဘူး ညီတော်ရေ့"

၉

mgyoe.com

mgyoe.com SAMPLE BOOK

# ယသော်၏ အပူ

ယသောဓရာသည် လင်တော်မောင်၏ ခြေတော်အစုံကို ရေနွေးနှင့် ဆေးကြောသုတ်သင်ပေးလျက်ရှိ၏။ ထိုစဉ် သိဒ္ဓတ္ထက ဆို၏။

''ယသောဓရာ၊ ငါ့ခြေထောက်ကို ဆေးကြောတာထက် ငါ့ညာဘက်လက်ကို ဆေးကြောတာက ပိုကောင်းမယ်၊ ငါ့ညာဘက်လက်ကို ဆေးစမ်းပါ''

ယသောဓရာသည် လင်တော်မောင်၏ ခြေတော်အစုံ ခြောက်သွေ့သည်အထိ တဘက်နှင့် သုတ်ပေးပြီး မတ်တတ်ရပ်လိုက်သည်။ ထို့နောက် လင်တော်မောင်၏ ညာဘက်လက်ကို ကိုင်တွယ်ကြည့်ရှုစစ်ဆေး၏။

''မောင်တော့် ညာဘက်လက် ဘာမှလည်း မဖြစ်ပါလား မောင်တော်ရဲ့၊ ဘယ်ဘက်လက်လိုပဲ သန့်ရှင်းနေတာပါ''

''မဟုတ်သေးဘူး၊ ငါ့ညာဘက်လက် မသန့်ရှင်းဘူး၊ မင်းကိုယ်တိုင် သုတ်သင်သန့်ရှင်းပေးရမယ်၊ ဒေဝဒတ်ရဲ့ အစ်မဖြစ်တဲ့ မင်းကိုယ်တိုင် ဆေးကြောသုတ်သင်ပေးတာကို ငါ မြင်ချင်တယ်''

လင်တော်မောင်၏ ဘဝင်မကျမှုကို ယသောဓရာ နားလည်ခံစားလိုက်ရ၏။

''မောင်တော်ရယ်၊ နှမတော်ကို ပြောပြစမ်းပါ၊ မောင်တော့် ကြည့်ရတာ မရွှင်မပျနဲ့။ မောင်တော် စိုးရိမ်ပူပန်နေတာပါ၊ မောင်တော့်အပူဟာ နှမတော်ရဲ့ အပူပဲပေါ့။ မောင်ငယ် ဒေဝဒတ်ရဲ့ နာမည်ကို ဘာလို့ ထည့်ပြောရတာလဲ၊ သူဟာ လိမ္မာပါးနပ်ပေမယ့်

mgyoe.com

စည်းမဲ့ကမ်းမဲ့ လုပ်တတ်တယ်ဆိုတာ နမတော် သိပါတယ်၊ ဘာတွေ ဖြစ်ခဲ့တယ် ဆိုတာ နမတော်ကို ပြောပြစမ်းပါ''

''ငါ့ ညာဘက်လက်ကို ဆေးပေးပါ၊ ပြီးမှ ပြောပြမယ်''

သိဒ္ဓတ္ထ၏ တောင်းဆိုမှုကြောင့် ယသောဓရာသည် သိဒ္ဓတ္ထ၏ ညာဘက်လက်ကို ဆေးကြောပေး၏။ ဆေးကြောနေစဉ် သိဒ္ဓတ္ထက ဆို၏။

''ယသောဓရာ၊ ဟိုအပြင်ဘက်မှာ ထူးထူးဆန်းဆန်းတွေ ဖြစ်ခဲ့တယ်၊ တချို့က တောရပ်ခိုလှုံကြတယ်၊ သီးခြား လွတ်လပ်ချင်လို့ပေါ့၊ ရသေ့သူတော်စင်ဘဝနဲ့ ရပ်တည် ရှင်သန်ချင်လို့ပေါ့။ နောက်ပြီး သူတို့က မြို့လာပြီး ဆွမ်းခံကြတယ်၊ တချို့ကတော့ ဆွမ်းခံကြွလာတဲ့ ရသေ့သူတော်စင်တွေကို အတင်းအဓမ္မ ဆံကျစ်ကနေ ဆွဲယမ်းပြီး ပြည့်တန်ဆာမတွေရဲ့ အင်္ဂါဇာတ်ကို ရှိခိုးခိုင်းတယ်၊ စင်တင်ဖျော်ဖြေတဲ့ မျောက်ပွဲလို အပျော်အပြက် လုပ်ကြတာပေါ့၊ အဲဒါ မင့်မောင် ဒေဝဒတ်ပေါ့၊ လက်ထဲမှာလည်း ဓားနဲ့၊ ဒီဃမ္ဘရ ရသေ့ကို ကျူးလွန်စော်ကားတာ၊ မြို့တော်ရဲ့ ဇမ္ဗူသပြေဥယျာဉ်ထဲမှာ ဖြစ်ခဲ့တာပဲ။ သူ့ရဲ့ အပေါင်းအပါတွေက ခွက်ထိုးခွက်လန် ရယ်လို့မောလို့၊ ရှက်စရာကောင်းတဲ့ လုပ်ရပ် ကို သဘောကျကြတယ်၊ ငါလည်း အဲဒီလို ပြစ်မှုမြောက်တဲ့ အပြုအမူကို ကြည့်မရတာနဲ့ ဒေဝဒတ်ကို မြေပေါ် လဲကျအောင် ထိုးလိုက်တယ်''

''အိုး... မောင်တော်ဘုရား၊ သူဟာ ကြမ်းလွန်းပါတယ်၊ ရက်စက်လွန်းပါ တယ်၊ သူက မောင်တော်ကို ကလဲ့စားချေမှာ၊ ကလဲ့စားမချေဘူးဆိုရင် ထူးဆန်းမှု တစ်ခုပဲ''

မင်းသားသည် နန်းဆောင်လှေကားကို တက်လိုက်သည်။ နန်းဆောင် အပေါ်ထပ် ရှိ သူ နှစ်လိုအားရစွာ ထိုင်နေကျ နေရာမှာ ထိုင်နေသည်။ ယသောဓရာလည်း နောက်မှ လိုက်ပါလာသည်။ ယသောဓရာကား နှလုံးသား နူးညံ့သည့် မင်းသမီး ဖြစ်ပြီး မောင်ငယ် ဒေဝဒတ်၏ သဘောသဘာဝကိုလည်း သိထားပြီး ဖြစ်သောကြောင့် လင်တော်မောင် သိဒ္ဓတ္ထ ကြုံရမည့် အန္တရာယ်ကို တွေးပူနေ၏။ ထို့နောက် ရှိုက်ကြီးတငင် ငိုကြွေးနေ တော့သည်။

''ခင်ယသော်ရယ်၊ မင်း ဘာဖြစ်လို့ ငိုရတာလဲ၊ မောင်တော် နားမလည်နိုင်ဘူး၊ ငါ ထိုးလိုက်တော့ သူ လဲကျသွားတယ်၊ သူက ကုန်းရုန်းထပြီး ငါ့ဆီ ဓားနဲ့ ဝင်လာပေမယ့် သူတော်စင် ရသေ့က ငါတို့နှစ်ယောက်ကြား ခုန်ဝင်လိုက်တယ်၊ မင့်မောင်ရဲ့ အထိန်း အကွပ်မဲ့တဲ့ ဒေါသကို ရသေ့မြတ်က ငြိမ်းအေးစေနိုင်ခဲ့တယ်၊ မင့်မောင်လည်း သူ့အမှား အတွက် ဝမ်းနည်းမယ်လို့ ငါ ထင်တယ်''

ယသောဓရာသည် သိဒ္ဓတ္ထ၏ ခြေအစုံကို ယုယထွေးပိုက်လျက် မျက်ရည် လည်ရွဲနှင့် မော်ကြည့်ရင်း စကားဆို၏။

mgyoe.com

 mgyoe.com SAMPLE BOOK 

"နားဆင်တော်မူပါ မောင်တော်ဘုရား၊ သူဟာ ဒဏ်ရာရထားတဲ့ မြွေဆိုး တစ်ကောင်လို အငြိုးအတေးကြီးလှပါတယ် ဘုရား၊ တစ်နေ့နေ့ တစ်ချိန်ချိန် တစ်နေရာရာမှာ သူဟာ မောင်တော့်ကို ကလဲ့စားချေပါလိမ့်မယ် ဘုရား၊ အစောင့်အကြပ်နဲ့ နေတော်မူပါဘုရား၊ စွန့်စွန့်စားစားနဲ့ နန်းဆောင်ကနေ မထွက်ပါနဲ့ ဘုရား၊ မောင်တော် အပြင်ထွက်ရင် နှမတော်ကို ခေါ်ပါ ဘုရား"

"ယသောဓရာရယ်၊ ငါက မိန်းမတစ်ယောက်လို ဒီထဲမှာပဲ ကုတ်ကတ်နေရမှာလား"

"အဲဒီလို ဆိုလိုတာ မဟုတ်ပါဘူး မောင်တော်ဘုရား၊ မောင်တော် အပြင်ထွက်တဲ့အခါ နှမတော်ပါ ပါသင့်တယ်လို့ ဆိုလိုတာပါ ဘုရား"

၀၀၀

mgyoe.com

mgyoe.com SAMPLE BOOK

# အမတ်ချုပ်ကြီး၏ အကြံပေးချက်

နေဝန်းသည် အနောက်ကောင်းကင်၌ ကျဝင်နစ်မြုပ်လျက် ရှိ၏။ နှင်းထုဖုံးသည့် တောင်ထွတ်တို့ကို ဖြတ်ကျော်လာသော လေအေးသည် တသုန်သုန် သုတ်ဖျန်းတိုက်ခတ်လျက် ရှိ၏။ ကပိလဝတ်မြို့တော်၏ လမ်းတိုင်းလိုလို၌ ဆီမီးများ ထွန်းညှိထားလျက် ရှိနေသည်။

လမ်းမီးများ ထွန်းညှိပြီးချိန်၌ သိဒ္ဓတ္ထမင်းသားသည် ဖခင်မင်းကြီးကို သွားရောက်တွေ့ဆုံ၏။

သုရမ္မနန်းမဆောင် အနီးရှိ နန်းဆောင်တစ်ခု၌ မင်းကြီးသည် အမတ်ချုပ်ကြီး ဥဒယနှင့် ပြောဆိုဆွေးနွေးလျက် ရှိနေသည်။ မင်းသားသည် ဖခင်မင်းကြီး၏ ခြေတော်အစုံကို ဦးညွှတ်ရှိခိုးလိုက်ပြီးနောက် အနီးအပါးမှာ ရပ်လျက် နေရာယူ၏။

ထိုစဉ် မင်းကြီးက ဆို၏။

"ထိုင်ပါ သားတော်၊ ညနေစောင်းတုန်းက သားတော်ရဲ့ နန်းဆောင်ကို ရောက်ခဲ့သေးတယ်၊ သားတော်ကို မတွေ့ခဲ့ရဘူး"

"ခမည်းတော် လာတယ်ဆိုတာ ယသောဓရာ ပြောပါတယ် ဘုရား၊ ပြန်ရောက်ရောက်ချင်း ကြားလိုက်ရတော့ တစ်ခုခုတော့ အရေးကြီးနေပြီလို့ ထင်မိခဲ့ပါတယ် ဘုရား"

"ကာဠာမရသေ့ဆီ သားတော် သွားတယ် ဆိုတာလည်း ကြားခဲ့ရတယ်၊ ဟုတ်သလား"

mgyoe.com

mgyoe.com SAMPLE BOOK

"မှန်ပါတယ် ခမည်းတော်၊ ရသေ့ကြီးရဲ့ သခ်ိမ်းကျောင်းကို သားတော် အရမ်း သဘောကျတာပဲ၊ ရှင်သန်ဆဲ မြက်ခြမ်းဖတ် တစ်ခုကတောင်မှ ထူးထူးခြားခြား လှပနဲ့ညား နေတာကို တွေ့မြင် ခံစားခဲ့ရပါတယ် ခမည်းတော်၊ ဒါပေမဲ့ ရသေ့ကြီးက သားတော်ကို စကားတစ်ခွန်းမှ မပြောပါ ဘုရား"

"သားတော်၊ အဲဒီ ရသေ့သခ်ိမ်းကျောင်းက သားတော်ရဲ့ နန်းဆောင်နဲ့ သားတော်ရဲ့ မင်းသမီးတွေထက် ပိုပြီးတော့ နှစ်သက်စရာ ကောင်းသလား"

သိဒ္ဓတ္ထသည် ဖခင်မင်းကြီး၏ အမေးကို ချက်ချင်း တိုက်ရိုက် ပြန်လည်ဖြေကြား ခြင်း မပြုပေ။ အတန်ငယ်ကြာမှ စကားတုံ့ပြန်၏။

"ခမည်းတော်၊ ယသောဓရာဟာ မိန်းမကောင်း မိန်းမမြတ် ဖြစ်ပါတယ် ဘုရား၊ ယသောဓရာကို သားတော် ချစ်မြတ်နိုးပါတယ် ဘုရား၊ ဘာကြောင့်ဆိုတာ တိတိကျကျ မပြောနိုင်ပေမယ့် ရသေ့သခ်ိမ်းကျောင်းဟာ သားတော်ကို အလွန်အမင်း ဆွဲဆောင်နိုင်ပါတယ် ဘုရား၊ သခ်ိမ်းကျောင်းဟာ လောကီဒုက္ခတွေ မပြည့်စုံမှုတွေကနေ သီးခြားကင်းလွတ်တဲ့ သုခဘုံတစ်ခု ဖြစ်တယ်လို့ ထင်မိပါတယ် ဘုရား"

မင်းကြီးက ပြန်မေး၏။

"သားတော်မှာ ဘာလောကီဒုက္ခတွေများ ရှိနေလို့လဲ၊ သားတော်မှာ ဘာတွေများ မပြည့်မစုံ ဖြစ်နေလို့လဲ"

"မဟုတ်သေးပါဘူး ခမည်းတော် ဘုရား"

"ဒါဆို လောကီဒုက္ခတွေ၊ မပြည့်စုံမှုတွေကို ဘာဖြစ်လို့ ပြောနေရတာလဲ"

"ခမည်းတော်၊ လောကဟာ ဒုက္ခတွေနဲ့ ပြည့်နှက်နေတယ်၊ လိုအပ်မှုတွေ ရှိနေတယ်လို့ သားတော် ထင်မိပါတယ် ဘုရား"

"ဒီမယ် သားတော်၊ သားတော်ဟာ သာကီဝင်တွေရဲ့ တစ်ခုတည်းသော မျှော်လင့် ချက်ပါ၊ ထီးမွေနန်းမွေ ဆက်ခံမယ့် မင်းသားတစ်ပါးမှာ ဒီကမ္ဘာရဲ့ အပြင်ဘက်က လူတစ်ယောက်ရဲ့ အမူအရာမျိုး ရှိမနေရဘူး၊ ရသေ့သခ်ိမ်းကျောင်း ဆိုတာကို အိုမင်း မစွမ်း ဖြစ်တဲ့အချိန်ကျမှ စိတ်ကူးစမ်းပါ၊ ခမည်းတော်က သားတော်ကို သကျနေပြည်တော်ရဲ့ အချုပ်အခြာအာဏာ အပ်နှင်းချင်တယ်၊ ဒီနေပြည်တော်ကို တရားမျှတစွာ အုပ်ချုပ်ပါ၊ ဒီနေပြည်တော် တစ်ခုနဲ့ မကျေနပ်သေးရင် ကာသိနဲ့ ကောလိယဒေသက တိုင်းခွဲမင်းလေး တွေကို သိမ်းပိုက်ပါ၊ သားတော်ရဲ့ စွမ်းရည်နဲ့ ဇမ္ဗူဒိပ် တောင်ဘက်ခြမ်းတင်မကဘဲ ဇမ္ဗူဒိပ်တစ်ပြင်လုံးကို တစ်ခုတည်းသော အလံတော်အောက်မှာ သိမ်းသွင်းပြီး ကောင်းမြတ် တဲ့ အုပ်ချုပ်ရေး စနစ်တစ်ရပ် ထူထောင်နိုင်လိမ့်မယ်၊ လုပ်လိုက်စမ်းပါ သားတော်၊ မိခင် တစ်ယောက်ဟာ သူ့ရင်သွေးကို အထိန်းအနှောင် ကင်းကင်းနဲ့ ခုန်ပေါက်ပြေးလွှားနိုင်တာ ကို မြင်ချင်လိမ့်မယ်၊ ငါလည်း သားတော်ကို ဘုရင်တစ်ဆူရဲ့ တာဝန်တွေ ထမ်းရွက်

mgyoe.com

m gyoe.co m SAMPLE BOOK


ကျေပွန်နိုင်တာကို မြင်ချင်တယ်၊ ကမ္ဘာကို အောင်နိုင်ပြီး သရဖူဆောင်းနေတာကို မြင်ချင်တယ်၊ သားတော်ရဲ့ အမြင်ကို ပြောစမ်းပါဦး''

သိဒ္ဓတ္ထသည် တိုးလျှသော လေသံဖြင့် စဉ်းစဉ်းစားစား ပြောဆို လျှောက်တင်၏။

''ခမည်းတော်ဘုရား၊ ခမည်းတော်ဟာ ဘဝညနေခင်းထဲ ဝင်ခါစပဲ ရှိပါသေးတယ် ဘုရား၊ တာဝန်တော်တွေ ထမ်းရွက်ဖို့ နှစ်တွေ အများကြီး ကျန်နေပါသေးတယ် ဘုရား၊ သားတော်ရဲ့ ထီးရေးနန်းရာ အသိက နုပါသေးတယ် ဘုရား၊ လူရေးလူရာကိစ္စတွေမှာလည်း သားတော်က မရင့်ကျက်သေးပါဘုရား၊ လူတွေအကြောင်းနဲ့ လောကအရေးအရာ ကိစ္စတွေအကြောင်း သားတော် နည်းနည်းလေးပဲ သိသေးတယ်ဆိုတာ သဘောပေါက်မိပါတယ် ဘုရား၊ သားတော်ကို အချိန်ပေးပါ ခမည်းတော်''

အမတ်ချုပ်ကြီး ဥဒယက ကြားဝင်၍ ဆို၏။

''အရှင်မင်းကြီး၊ မင်းကြီး ပြောတာ မှန်ပါတယ် ဘုရား၊ မင်းသား ပြောတာလည်း မှန်တာပါပဲ ဘုရား၊ စစ်ရေးစွမ်းရည်ပြတိုက်ပွဲမှာ မင်းသားဟာ အောင်မြင်သူပါ ဘုရား၊ ငယ်ရွယ်သူ၊ ထီးမူနန်းဟန်ရှိတဲ့သူ၊ စစ်ဗိုလ်ချုပ်တစ်ယောက် ဖြစ်ထိုက်သူလည်း ဖြစ်ပါတယ် ဘုရား၊ အရည်အချင်း အားလုံးထက် သာလွန်တာက သူ့ရဲ့ ဉာဏ်ပညာနဲ့ ဆင်ခြင်တုံတရား ဖြစ်ပါတယ် ဘုရား။ အရှင်မင်းကြီး၊ လောလောဆယ်မှာ သာကီဝင်တွေဟာ စစ်ဦးစီးတစ်ယောက် လိုနေပါတယ် ဘုရား၊ ယုဝရာဇ်ရဲ့ ရာထူးကို မင်းသားကို ပေးတော်မူပါ ဘုရား၊ မင်းသားကို စစ်တပ်ရဲ့ ဗိုလ်ချုပ်အဖြစ် ခန့်အပ်တော်မူပါ ဘုရား၊ ကောလိယတွေဟာ ကျွန်တော်မျိုးတို့ကို အမြဲတမ်း ကျူးကျော်စော်ကားနေပါတယ် ဘုရား၊ ကျွန်တော်မျိုးတို့ရဲ့ ရောဟိနီမြစ် အထက်ပိုင်းက တူးမြောင်းတွေကို ပိတ်ဆို့ပြီးတော့ ကျွန်တော်မျိုးတို့ရဲ့ ရေကို လုယူနေကြပါတယ် ဘုရား၊ ကျွန်တော်မျိုးတို့ရဲ့ စိုက်ကွင်းတွေမှာ ရေမလုံလောက်တော့ပါ ဘုရား၊ ကောလိယ စိုက်ကွင်းတွေမှာတော့ ရေတွေ အလျှံပယ် ရှိနေပါတယ် ဘုရား၊ သူတို့ရဲ့ စိုက်ကွင်းတွေမှာ သီးနှံတွေ ဖွံ့ဖွံ့ထွားထွား ရှိနေပါတယ် ဘုရား၊ ကောလိယနေပြည်တော်ကို ကျွန်တော်မျိုးတို့ အောင်နိုင်မယ်ဆိုရင် မျိုးရိုးစဉ်ဆက် ရှိလာခဲ့တဲ့ ဒီပြဿနာ ပြေလည်သွားနိုင်ပါတယ် ဘုရား။ အရှင်မင်းကြီး၊ ကောလိယနေပြည်တော်ကို အောင်မြင်သိမ်းပိုက်ဖို့ စစ်မဟာအင်အားတစ်ခု စုဖွဲ့နိုင်တဲ့ စွမ်းရည်သတ္တိ မင်းသားမှာ ရှိနေတယ် ဆိုတာကို ရဲရဲကြီး ယုံကြည်တော်မူလိုက်စမ်းပါ ဘုရား''

၉

mgyoe.com

mgyoe.com SAMPLE BOOK

# ဗွတ်တွန်းသည့် အမတ်ချုပ်ကြီး

အမတ်ချုပ်ကြီး၏ လျှောက်ထားချက်ကို နားထောင်နေသူ သိဒ္ဓတ္ထမင်းသားသည် သူ၏ ပုံမှန်အတိုင်း အေးဆေးတည်ငြိမ်သော အမူအရာဖြင့် စကားတုံ့ဆို၏။

"ဒီမယ် အမတ်ချုပ်ကြီး၊ ကောလိယနေပြည်တော်ကို ဘာဖြစ်လို့ အောင်နိုင်ချင်ရတာလဲ၊ မြစ်ရေအားလုံးကို ကိုယ့်အတွက်ချည်း အသုံးပြုလို့ သင့်တော်ပါ့မလား"

"သင့်တော်ပါတယ် အရှင့်သား၊ ကျွန်တော်မျိုးတို့ရဲ့ စိုက်ကွင်းတွေ၊ ကျေးရွာတွေ၊ မြို့တွေအတွက် ရေအလျှံပယ် ရပါလိမ့်မယ်၊ ကျွန်တော်မျိုးတို့ ပြည်သူတွေရဲ့ ဆင်းရဲ ဒုက္ခတွေ ချုပ်ငြိမ်းသွားပါလိမ့်မယ်၊ သကျနေပြည်တော်ဟာ ဇမ္ဗူဒိပ်မှာ အကြွယ်ဝဆုံး ဖြစ်လာပါလိမ့်မယ်"

"အဲဒါတော့ ဟုတ်ပါပြီလေ၊ ကောလိယ နေပြည်တော် ဘာဖြစ်သွားမလဲ"

"ကောလိယတွေ ဘာဖြစ်သွားသွား ကျွန်တော်မျိုးတို့နဲ့ မဆိုင်ပါဘူးလေ။ ကျွန်တော်မျိုးတို့ ပြည်သူတွေ ငြိမ်းချမ်းတယ်၊ ကြွယ်ဝတယ်ဆိုရင် တခြား နေပြည်တော်တွေ ဘာဖြစ်နေနေ ကျွန်တော်မျိုးတို့ အရေးကိစ္စ မဟုတ်ပါဘူး အရှင့်သား"

"အမတ်ချုပ်ကြီး၊ အဲဒါဟာ မှုတတဲ့ တရားဥပဒေကို ကျင့်သုံးခြင်း ဟုတ်ပါရဲ့လား"

"ဘုရင့်ဥပဒေကို ကျင့်သုံးခြင်း ဖြစ်ပါတယ်၊ ပြဿနာကို ငြိမ်းချမ်းတဲ့နည်းနဲ့ မဖြေရှင်းနိုင်တဲ့အခါ ရန်သူဘက်မှာ ဘာတွေပဲ နစ်နာနစ်နာ ကိုယ့်တိုင်းပြည် အကျိုးရှိမယ်ဆိုရင် ပြဿနာကို စစ်ရေးအရ ဖြေရှင်းခြင်းဟာ ဘုရင့်တာဝန်..."

mgyoe.com

mgyoe.com

အမတ်ချုပ်ကြီး ဥဒယ စကားမဆုံးမီ သည်းမခံနိုင်တော့သော သုဒ္ဓေါဒန မင်းကြီးက ကြားဖြတ်၍ မိန့်တော်မူ၏။

"ဒီမယ် သားတော်၊ သားတော်က ဘာဖြစ်လို့များ ကောလိယတွေအတွက် တွေးပူနေရတာလဲ၊ ကိုယ့်ပြည်သူတွေအကြောင်းကိုယ် ဘာဖြစ်လို့ မစဉ်းစားရတာလဲ"

"သကျလား၊ ကောလိယလား ဆိုတာ ပြဿနာ မဟုတ်ပါဘူး ခမည်းတော် ဘုရား၊ မှားသလား၊ မှန်သလား ဆိုတာသာ စစ်ကြောစရာ ဖြစ်နေပါတယ် ဘုရား"

အမတ်ချုပ်ကြီး ဥဒယက ကြားဝင်၍ ပြောပြန်၏။

''မှားသလား၊ မှန်သလားဆိုတာ စဉ်းစားစရာ မဟုတ်ပါဘူး၊ ခတ္တိယတွေ ကျင့်သုံးပုံက တသီးတခြားပါ၊ ခတ္တိယတွေရဲ့ အစဉ်အလာဟာ ကိုယ့်ပြည်သူဘက်က ကိုယ် ရပ်တည်တာ ဖြစ်ပါတယ်၊ အခြေအနေက တောင်းဆိုလာရင် ခတ္တိယတွေ စစ်ခင်း ပါတယ်။ အရှင်မင်းသား၊ သာကီဝင်တွေရဲ့ လတ်တလော လိုအပ်ချက်ကို ဖြည့်ဆည်း ပေးဖို့ဟာ အရှင့်သားရဲ့ တာဝန်တော်မြတ် ဖြစ်ပါတယ်၊ မှန်တာတွေ၊ မှားတာတွေ စဉ်းစား မနေပါနဲ့၊ သကျတွေဟာ မင်းသားကိုပဲ တစ်ခဲနက် မျှော်လင့်နေကြပါတယ်၊ သကျတွေကို လက်နက်တပ်ဆင်ပေးပြီး စစ်ပွဲမှာ ဦးဆောင်နိုင်တဲ့သူဆိုလို့ မင်းသားပဲ ရှိပါတယ်၊ မင်းသားရဲ့ ဘုန်းတော်ကြောင့် သကျတွေရဲ့ ဒီတာဝန်ကို ထမ်းဆောင်ခွင့် ရနေပါတယ်၊ အရှင့်သား စစ်မှုတာဝန် ထမ်းရွက်လိုက်ခြင်းဟာ ဒီပြဿနာ ပြေလည်ဖို့ တစ်ခုတည်းသော နည်းလမ်း ဖြစ်ပါတယ်''

အမတ်ချုပ်ကြီး ဥဒယ စကားအရှည်ကြီး ပြောပြီးချိန်၌ သူ ပြောရန် အချိန်တန် ပြီ ဖြစ်ကြောင်း သိဒ္ဓတ္ထမင်းသား နားလည်လိုက်၏။

''ခမည်းတော် ဘုရား၊ ခတ္တိယတွေရဲ့ အစဉ်အလာဟာ ဘာပဲ ဖြစ်နေဖြစ်နေ သားတော်ဟာ လူသားတွေကို အလုပ်အကျွေးပြုဖို့၊ အမှန်တရားအတွက် တာဝန်ထမ်းရွက် ဖို့ မွေးဖွားလာခဲ့တယ်လို့ ထင်မိပါတယ် ဘုရား၊ သားတော်မှာ လူတွေကို သတ်ဖြတ်ပြီး ပြဿနာ ဖြေရှင်းလိုစိတ် မရှိပါဘုရား၊ ဒါမျိုး ဘယ်တော့မှ လုပ်မှာလည်း မဟုတ်ပါ ဘုရား၊ ဒီလို အပြုအမူမျိုးကို စက်ဆုပ်လှပါတယ် ဘုရား၊ သာကီဝင်တွေပဲ ဖြစ်ဖြစ်၊ ကောလိယတွေပဲ ဖြစ်ဖြစ်၊ အင်္ဂတိုင်းသားတွေပဲ ဖြစ်ဖြစ်၊ မဂဓတိုင်းသားတွေပဲ ဖြစ်ဖြစ်၊ ဟိုတောင်ပိုင်းက မဟိသတိုင်းသားတွေပဲ ဖြစ်ဖြစ် လူသားချင်း အတူတူပဲလို့ မြင်မိပါတယ် ဘုရား''

ဥဒယသည် မင်းသားကို စောဒကတက်၏။

''စိုက်ကွင်းတွေ၊ ဥယျာဉ်တွေ၊ ကျေးရွာတွေ၊ ပိုင်ဆိုင်သမျှ စည်းစိမ်ဥစ္စာတွေကို ဖျက်ဆီးပြီး သကျတွေကို မျိုးဖြုတ်မယ့် တိုက်ခိုက်မှုမျိုး ဝင်ရောက်လာတယ်ဆိုရင် အရှင့်သား ဘာလုပ်မလဲ၊ မင်းသားက ပါဏာတိပါတာပြစ်မှု ကျူးလွန်ရမှာ ကြောက်တဲ့အတွက်

mgyoe.com

mgyoe.com SAMPLE BOOK

ရန်သူတွေ နန်းတော်ထဲ ဝင်လာပြီး ကိုယ့်လည်ပင်းပေါ် ဓားတင်တဲ့အထိ ထိုင်စောင့်ကြည့်နေမှာလား''

သိဒ္ဓတ္ထသည် ခိုင်မာပြတ်သားစွာ ပြန်လည် ပြောဆို၏။

''မဟုတ်သေးပါဘူး အမတ်ကြီး၊ အဲဒီလို မတရားတဲ့ တိုက်ခိုက်မှုမျိုး ဖြစ်လာခဲ့ရင် ပထမဆုံး ဓားဆွဲမယ့်သူဟာ ကျွန်တော်မျိုးပါ၊ အမှန်တရားအတွက် မကြောက်မရွံ့ မဆိုင်းမတွ ခုခံတိုက်ခိုက်မှာပေါ့၊ ဒီနေ့ ကြုံခဲ့ရပုံကို ပြောရဦးမယ်၊ မြို့တော်ရဲ့ ဇမ္ဗူသပြေ ဥယျာဉ်မှာ ညီတော်ဝမ်းကွဲ ဒေဝဒတ်နဲ့ ထိပ်တိုက်တွေ့ခဲ့တာပါ၊ သူက ပြစ်မှုမြောက်တဲ့ နည်းနဲ့ ဒီဃမ္တရ ရသေ့ကြီးကို သူ့ရဲ့ ပျော်တော်ဆက်လို လုပ်နေတယ်၊ ရသေ့ကြီးကို ဝတ်လစ်စားလစ် ပြည့်တန်ဆာမတစ်ယောက်ရဲ့ အင်္ဂါဇာတ်ကို ရှိခိုးခိုင်းတယ်၊ အဲဒါကို ဟားတိုက်တယ်၊ သူ့လုပ်ရပ်ကို ကြည့်မရလို့ စိတ်ပေါက်ပေါက် ရှိတာနဲ့ သူ့ကို မှောက်ကျသွားအောင် ထိုးထည့်လိုက်တယ်။ ခမည်းတော် ဘုရား၊ လူသားကောင်းကျိုး ဖွံ့ဖြိုးစေဖို့ ဆိုတဲ့ အကြောင်းပြချက်နဲ့တော့ သားတော်ကို မတရားတာတွေ၊ မကောင်းမှုတွေ ပြုလုပ်ဖို့ မတိုက်တွန်းပါနဲ့ ဘုရား၊ တရားမျှတမှုအတွက် ဆိုရင်တော့ စစ်ခင်းချင် ခင်းရပါစေ၊ တရားမျှတမှုအတွက် အသက်စွန့်ဖို့ သားတော် အဆင်သင့် ရှိနေပါတယ် ဘုရား''

မြ

mgyoe.com

mgyoe.com SAMPLE BOOK

# နေပြည်တော်အတွက် မျှော်လင့်ခြင်း

သုဒ္ဓေါဒနမင်းကြီးသည် နှုတ်ဆိတ်ငြိမ်သက်နေ၏။ အမတ်ချုပ်ကြီး ဥဒယသည် မျက်လွှာချ လျက် အတွေးနယ်ချဲ့နေ၏။ အတန်ငယ် ကြာသည်ထိ မည်သူမျှ စကားမဆိုပေ။ မင်းကြီးသည် သားတော် သိဒ္ဓတ္ထကို ပြောဆိုခြင်းဖြင့် တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်၏။

"သားတော်… ခမည်းတော်ဖြင့် သားတော်ကို နားမလည်နိုင်အောင်ပါပဲ"

"ခမည်းတော် ဘုရား၊ သားတော်ကို ခမည်းတော် နားမလည်သလို သားတော် ကိုယ်တိုင်လည်း ကိုယ့်ကိုယ်ကိုယ် နားမလည်နိုင်ပါ ဘုရား၊ သစ္စာတရား ရှာဖွေဖို့ တစ်ခုတည်းကိုပဲ သားတော် ဆန္ဒရှိပါတယ် ဘုရား၊ ရှာခွင့်ပြုပါ ခမည်းတော်၊ ကမ္ဘာ လောကအကြောင်း၊ လူသားတွေအကြောင်း အမှန်တရားကို ဖော်ထုတ်ဖို့ နှစ်အနည်းငယ် ကြာပါလိမ့်မယ် ဘုရား၊ အဲဒီနောက်တော့ ခမည်းတော် ဆန္ဒရှိတဲ့အတိုင်း သကျနေပြည်တော်ရဲ့ ထီးမွေနန်းမွေကို ဆက်ခံပါ့မယ် ဘုရား"

သုဒ္ဓေါဒနမင်းကြီးသည် မတ်တတ်ရပ်လိုက်၏။ မင်းကြီး ပျော်ရွှင်တော်မမူပေ။ ကြွေလွင့်ပျက်သုဉ်းဆဲ မျှော်လင့်ချက်များကို ကိုယ်စားပြုလျက် သက်ပြင်းတစ်ချက် ချလိုက်သည်။ သိဒ္ဓတ္ထမင်းသား ဖွားမြင်စဉ်က မိန့်ကြားခဲ့သော ပညာရှိပုဏ္ဏားကြီး ကောဏ္ဍည ၏ ရှင်းလင်းပြတ်သား တိကျသည့် နိမိတ်ဖတ်သံကို မင်းကြီး ကြားယောင်မိသည်။ တိုးလျ ကြေကွဲသော ဝမ်းနည်းသံဖြင့် မင်းသားကို ပြော၏။

"သားတော်၊ သားတော်အတွက် ကြေကွဲလွန်းလို့ အိပ်ရာထဲမှာ နားလိုက်ဦး မယ်"

mgyoe.com

mgyoe.com SAMPLE BOOK

မင်းကြီး၏ တိုးလျှသော စကားလုံးများသည် မင်းသား၏ နှလုံးသားကို ထိုးဆွနိုင်လောက်အောင် စူးစူးရှရှ ထက်ထက်မြမြ ရှိပေသည်။

မင်းကြီးသည် ခေါင်းငိုက်စိုက်နှင့် မျက်လွှာချရင်း ဖြည်းလေးစွာ လျှောက်လှမ်းသွား၏။ သိဒ္ဓတ္ထမင်းသားသည် သောကသည် ဖခင်ကြီးကို လိုက်ကြည့်နေရင်း ပြတ်ပြတ်သားသား ဆုံးဖြတ်ချက်ချရန် အခက်တွေ့နေ၏။ မင်းသားသည် အမတ်ချုပ်ကြီးကို ကြည့်လိုက်၏။ ထို့နောက် ထိုင်ချလိုက်ပြန်သည်။ ဥဒယသည် တုန်လှုပ်သော အသံဖြင့် ပြောဆို၏။

"အရှင်မင်းသား၊ ဖခင်ရဲ့ စိတ်နှလုံးကို ထိခိုက်နာကျင်အောင် လုပ်တာဟာ ပူဆွေးကြေကွဲရမယ့် မှားယွင်းမှု ဖြစ်ပါတယ်၊ မင်းကြီးဟာ အရှင်မင်းသားကို အသက်ထက် ပိုချစ်ပါတယ်၊ ဒီတော့ သူ့ကို စိတ်ထိခိုက်အောင် လုပ်တာဟာ ကြီးလေးတဲ့ ပြစ်မှုဖြစ်ပါတယ်၊ ခုချက်ချင်း လိုက်သွားပြီး မင်းကြီးကို ဖြေသိမ့်လိုက်ပါ အရှင့်သား"

"အမတ်ချုပ်ကြီး၊ ကျွန်တော်မျိုး ဘာအမှား လုပ်မိတယ် ဆိုတာ နားမလည်တော့ပါဘူး"

"အရှင်မင်းသား၊ မင်းကြီးဟာ အရှင့်သားကြောင့် ပူဆွေးသောက ရောက်နေတာပါ၊ အရှင်မင်းသား လူ့ဘောင်ကို စွန့်ခွာပြီး သက်န်းဝတ်သွားမှာ၊ ရသေ့ ရဟန်းလုပ်သွားမှာကို သူ စိုးပူနေတာပေါ့၊ အရှင်မင်းသား မိန့်ကြားလိုက်တဲ့ စကားတွေကြောင့် ပိုပြီးတော့ စိတ်ပျက်သွားသေးတယ်၊ လူ့ဘောင်ကို မစွန့်ပါဘူး၊ ရသေ့ ရဟန်း မလုပ်ပါဘူးလို့ မင်းကြီးကို ကတိပေးလိုက်စမ်းပါ အရှင့်သား"

"အမတ်ချုပ်ကြီး၊ ကျွန်တော်မျိုးမှာ အဲဒီလို တောထွက်ဖို့ စိတ်ကူး မရှိသေးပါဘူး၊ နောက်နောင် ဖြစ်လာမလား ဆိုတာတော့ မသိနိုင်ပါဘူး၊ ခု လောလောဆယ်တော့ သစ္စာတရား ရှာဖွေဖို့ပဲ ဆန္ဒရှိပါတယ်"

ဥဒယသည် ဝမ်းသာအယ်လဲ ဆို၏။

"ဒါဆိုရင် မြန်မြန်လုပ်စမ်းပါ အရှင့်သား၊ မင်းကြီးနောက်ကို မြန်မြန်လိုက်သွားပြီး တောထွက်ဖို့ စိတ်ကူးမရှိသေးဘူး ဆိုတဲ့အကြောင်း လျှောက်တင်လိုက်စမ်းပါ"

သုဒ္ဓေါဒနမင်းကြီးသည် အိပ်ရာထက်၌ အလျားမှောက်လျက် ရှိနေ၏။ သားတော်ကို မျှော်လင့်ခဲ့ခြင်းများ လွင့်ပြယ်လေပြီဟု ခံယူထားလိုက်ဟန်ရှိသည်။

သိဒ္ဓတ္ထမင်းသားသည် ခမည်းတော် မင်းကြီး၏ ခြေတော်ရင်း၌ ရပ်လျက်ခစားရင်း "ခွင့်လွှတ်ပါ ခမည်းတော်ဘုရား" ဟု လျှောက်တင်လိုက်သည်တွင် မင်းကြီးသည် တွေတွေစီးကျနေသည့် မျက်ရည်များကို ကပျာကယာ သုတ်လိုက်ပြီး နီရဲနေသော မျက်လုံးအစုံကို ဖွင့်၍ သားတော်ကို ကြည့်လေ၏။

"ခမည်းတော် ဘုရား၊ မခံမရပ်နိုင်လွန်းတဲ့ သောကနဲ့အတူ ခမည်းတော်ကို လာရောက်ဖူးမြော်ပါတယ် ဘုရား၊ စိုးရိမ်တော်မမူပါနဲ့ ခမည်းတော်၊ တောထွက်ဖို့

m g y o e . c o m SAMPLE BOOK

ရသေ့ရဟန်းလုပ်ဖို့ ခုချိန်ထိ စိတ်မကူးမိသေးကြောင်း လျှောက်တင်ပါတယ် ဘုရား၊ သားတော်မှာ သစ္စာတရား ရှာဖွေဖို့ပဲ စိတ်ကူးရှိပါတယ် ဘုရား''

မင်းကြီးသည် သားတော်ကို အနူးအညွတ် တောင်းပန်၏။

''သားတော်ရယ်… ဒီစကားမျိုးက ခမည်းတော်ကို ဘယ်လိုများ နှစ်သိမ့်နိုင်မှာလဲ၊ ဘယ်တော့မှ တောမထွက်ပါဘူးလို့ ကတိပေးစမ်းပါ၊ သကျတွေရဲ့ ခေါင်းဆောင်တာဝန်ကို လွှဲပြောင်းယူပါ့မယ်၊ သကျနေပြည်တော်ကို ကာကွယ်စောင့်ရှောက်ပါ့မယ်လို့ ကတိပေးစမ်းပါ၊ သားတော်ဆီက ဒီကတိကိုပဲ တောင်းခံပါတယ်''

''ခမည်းတော်၊ နောက်နောင်မှာ သားတော် ဘယ်လို စိတ်ကူးပေါက်လာမလဲ ဆိုတာကိုတော့ ကြိုမပြောနိုင်ပါ ဘုရား၊ သကျနေပြည်တော်ရဲ့ ထီးမွေနန်းမွေ ဆိုတဲ့ ခမည်းတော်ရဲ့ ပြင်းပြတဲ့ ဆန္ဒတော်နဲ့ ပတ်သက်လို့ကတော့ ပြတ်ပြတ်သားသား အဖြေပေးနိုင်ပါတယ် ဘုရား၊ ခမည်းတော် နတ်ရွာစံပြီးတဲ့နောက် ထီးမွေနန်းမွေကို စောင့်ရှောက်ပါ့မယ် ဘုရား၊ ဒါကိုတော့ ကတိပေးနိုင်ပါတယ် ဘုရား''

မင်းကြီးသည် ပျော်ရွှင်စွာ မတ်တတ်ရပ်လိုက်ပြီး သားတော်ကို ပွေ့ဖက်ကာ ဝမ်းမြောက်ဝမ်းသာ မိန့်မြွက်လိုက်လေ၏။

''သားတော်ရယ်… ခမည်းတော်က ဒါမျိုး လိုချင်တာ''

ဠ

mgyoe.com

mgyoe.com SAMPLE BOOK

# အကြောင်နာခွဲလုံးသား

ထိုနေ့ကား လယ်ထွန်မင်္ဂလာ ကျင်းပသောနေ့ ဖြစ်လေသည်။ သုဒ္ဓေါဒနမင်းကြီးသည် တန်းစီလျက်ရှိသော အခြွေအရံများနှင့်အတူ ဘုရင့်လယ်ကွင်းသို့ မြင်းစီး၍ ကြွချီတော်မူ၏။ သိဒ္ဓတ္ထမင်းသားသည် မင်းကြီးဘေးမှ ကပ်လျက် လိုက်ပါလာ၏။ နွားထိန်းတို့သည် ရှေ့ဆုံးမှနေ၍ မျိုးကောင်းမျိုးသန့် နွားသိုးများကို မောင်းနှင်လျက် ရှိနေကြ၏။ ထွန်များ၊ ထမ်းပိုးများ၊ နှင်တံများ၊ ကြိုးများကို မြောက်မြားစွာသော မြင်းဆွဲယာဉ်တို့ဖြင့် သယ်ယူကြ၏။ ထိုစဉ် မိခင် ဆိတ်မကြီးနှင့် သားငယ် ဆိတ်ကလေးတစ်ကောင်ကို လူနှစ်ယောက်က နန်းတော်တွင်းသို့ ဆွဲသွင်းနေသည်ကို သိဒ္ဓတ္ထမင်းသား နန်းတော်အဝင် တံခါးအရောက်တွင် တွေ့မြင်လိုက်ရ၏။ တစ်ယောက်က ဆိတ်မကို လည်ပင်းမှာ ကြိုးနှင့်ချည်၍ ရှေ့က ဆွဲနေစဉ် အခြားတစ်ယောက်က နောက်မှနေ၍ ဆိတ်သားအမိကို တံဖျာနှင့် ရိုက်နှက်တွန်းပို့နေ၏။ ဆိတ်မသည် ကြားရသူတို့ စိတ်နှလုံး ထိခိုက်ရလောက်အောင် တုန်လှုပ်စွာ အော်ဟစ်မြည်တမ်းလျက် ရှေ့တိုးရန် ငြင်းဆန်နေ၏။ သို့သော် နောက်ကရိုက်နှက်နေ၍ နာကျင်လွန်းသောကြောင့် တွန့်ဆုတ်တွန့်ဆုတ်နှင့် တရွတ်ဆွဲ လိုက်ပါနေရရှာသည်။ ဤမြင်ကွင်းကို ဝမ်းနည်းကြေကွဲစိတ်ဖြင့် ကြည့်နေသူ သိဒ္ဓတ္ထမင်းသားသည် မင်းကြီးကို မေး၏။

"ဆိတ်မကြီးနဲ့ ဆိတ်ကလေးကို ကြည့်စမ်းပါ ခမည်းတော်ဘုရား၊ သူတို့ နန်းတော်ထဲ ဝင်ဖို့ အကျောက်အကန် ငြင်းဆန်နေကြပါလား၊ အဲဒါ ဘာလုပ်တာလဲ ခမည်းတော် ဘုရား"

mgyoe.com

mgyoe.com SAMPLE BOOK

''နို့စားဆိတ်ပါ သားတော်၊ မြင်းတွေကို မြင်တော့ ကြောက်လို့ တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေကြတာပါ''

လယ်ထွန်မင်္ဂလာ ပွဲတော်အတွက် ဆိတ်သားအမိကို အသားပေါ်ဖို့ နန်းတော်တွင်း ဆွဲသွင်းနေခြင်း ဖြစ်ကြောင်း မင်းကြီး သိထားပြီး ဖြစ်သော်လည်း သားတော်ကို အဖြစ်မှန် ပြောပြရန် တွန့်ဆုတ်နေ၏။ မင်းသားသည် ခမည်းတော်၏ အဖြေကို သဘောမကျပေ။ မင်းကြီးကို ဆက်လက်၍ ပြောချင်နေသေး၏။

''ခမည်းတော်ဘုရား၊ ကြည့်ပါဦးဘုရား၊ တော်တော်ဆိုးတဲ့လူတွေ၊ သူတို့ ရိုက်တာနဲ့ ဆိတ်မ ဒဏ်ရာရနေပြီ၊ နို့တံကနေ နို့တွေတောင် ထွက်ကျနေပြီ၊ ရင်အုံတွေကြားကလည်း သွေးတွေ ထွက်ကျနေပြီ၊ အသံကုန် တပဲပဲ အော်ရင်း နောက်ပြန်ရုန်းနေတာ သွေးရူးသွေးတန်း ကြောက်နေသလိုပဲ''

မင်းကြီးက ပြန်လည် ပြောကြား၏။

''သားတော်ရယ်၊ အရေးမပါတာတွေ ပြောပြီး ဘာလို့ အချိန်ဖြုန်း နေရတာလဲ၊ ဒီနေ့ ကျင်းပမယ့် ခမည်းတော်တို့ရဲ့ လယ်ထွန်မင်္ဂလာပွဲအကြောင်း ပြောတာက ပိုမကောင်းဘူးလား၊ ခမည်းတော်ဖြင့် ဆယ့်ကိုးရွာက ထွန်ခြောက်ဆယ်နဲ့ ထွန်ယက်မယ့် လယ်ထွန်မင်္ဂလာပွဲက ထွက်ပေါ်လာတဲ့ ပျော်မြူးဟစ်ကြွေးသံကို သိပ်သဘောကျတာပဲ။ ခမည်းတော်ရဲ့ အခြွေအရံတွေဟာ ငြိမ်းချမ်းတဲ့ လုပ်ငန်းခွင်မှာ ပါဝင်ဆင်နွှဲရတာ ပျော်နေကြတယ်၊ ကောင်းမြတ်တဲ့ ဒီမြေပေါ်မှာ သူတို့ချွေးတွေ ပြိုက်ပြိုက်ကျလို့။ အဆင့်အလွှာ အနိမ့်အမြင့် မခွဲခြားဘဲ အတူလက်တွဲ လုပ်ကိုင်နေကြတယ်၊ ဒီလို ကျက်သရေရှိတဲ့ လယ်ထွန်မင်္ဂလာပွဲက အံ့သြစရာ တိတ်ဆိတ်ငြိမ်သက်တဲ့ ရသေ့သခ်ိမ်းကျောင်းထက် ပိုပြီးတော့ နှစ်သက်စရာကောင်းတာပေါ့ သားတော်ရယ်။ ပစ္စုပ္ပန် သံသရာမှာ ကြုံတွေ့ရမယ့် လောကထဲက သောကတွေကို ကြောက်ရွံ့တဲ့အတွက် တောရပ်မှီပြီး ဘဝရပ်တည်ဖို့ သူတစ်ပါးကို အားကိုးရတဲ့ သူတော်စင် ယောဂီရဲ့ သခ်ိမ်းကျောင်းထက် ပိုပြီးတော့ နှစ်သက်စရာကောင်းတာပေါ့။ လောကမှာ ဆာလောင်မှု ပြေပျောက်ပြီး သာယာဝပြောဖို့အတွက် စိုက်ပျိုးရေးလုပ်ငန်းမှာ အခုလို အားသွန်ကြိုးပမ်းတာဟာ ဒုက္ခကို အဆုံးသတ်ဖို့ အားထုတ်နေတဲ့ ရသေ့ယောဂီရဲ့ ကြိုးပမ်းမှုထက် ပိုပြီးတော့ မြင့်မြတ်တာပေါ့။ သားတော်၊ ခမည်းတော်တို့ဟာ ရှင်သန်ဖို့ မွေးဖွားလာကြတာပါ၊ ကောင်းနိုင်သမျှကောင်းအောင်၊ ကြာနိုင်သမျှကြာအောင် ရှင်သန်ကြဖို့ပဲ။ သက်ရှိသတ္တဝါ တစ်ဦးတစ်ယောက်ဟာ ဘဝရဲ့ သဘောသဘာဝကို လေ့လာစူးစမ်းနေစရာ မလိုပါဘူး၊ ဘဝမှာ ကြုံရတဲ့ အခက်အခဲတွေ၊ ပူဆွေးသောကတွေ၊ မပြည့်မစုံ လိုအပ်နေတာတွေကို ထိပ်တိုက်ရင်ဆိုင်ပြီး ဆန့်ကျင်ဘက် အဆီးအတားတွေကို ဖြတ်ကျော်ချိုတက်လိုက်တာကပဲ လူသားအတွက် သင့်တော်တယ်၊ အဲဒါဟာ လူသားရဲ့ အမြင့်ဆုံး သဘာဝစွမ်းရည်ပဲ။ သားတော် အလွန်အကျွံ အမွှမ်းတင်တဲ့ ကာဠာမလို လူစားမျိုးကို ခမည်းတော်တို့ အယုံအကြည် မရှိဘူး၊ သူက ထယ်ရေးကြောင်း

mgyoe.com SAMPLE BOOK

ထဲမှာ နှစ်ပိုင်းပြတ်သွားတဲ့ တီကောင်ကို မြင်လိုက်ရတော့ တောင်သူအလုပ်ကို မစင်ကြယ်တဲ့ အသက်မွေးမှုလို့ ရှုမြင်ပြီး ရသေ့ ရဟန်း ပြုသွားတဲ့သူ၊ လောကီဘဝကို စက်ဆုပ်ရွံရှာတဲ့သူ၊ ခမည်းတော်တို့ရဲ့ နောက်လိုက်နောက်ပါ အခြေအရံတွေကို ကြည့်လိုက်စမ်းပါ၊ ဆုံးဖြတ်ချက် ခိုင်မာပြတ်သားတဲ့ မျက်နှာတွေနဲ့၊ သူတို့ဟာ စိုက်ပျိုးရေးနဲ့ ဘဝရပ်တည်လာခဲ့ကြတယ်၊ ဘဝကို စိတ်ပျက်ငြီးငွေ့တယ်လို့ မရှိကြဘူး၊ အပိတ်အပင် အတားအဆီးမှန်သမျှကို ကျော်ဖြတ်နိုင်တဲ့ စွမ်းရည်သတ္တိ သားတော်မှာ ရှိပါတယ်၊ ဒီ အခြေအရံတွေရဲ့ ဦးစီးဦးဆောင် လုပ်လိုက်စမ်းပါ၊ သူတို့ လိုအပ်တဲ့ အစာရေစာတွေ ထုတ်လုပ်လိုက်စမ်းပါ၊ ဘဝရဲ့ အချိုမြိန်ဆုံး ရသတွေကို ခံစားလိုက်စမ်းပါ''

''ခမည်းတော်··· ခု ပြောနေတာတွေအားလုံး သားတော်ကို ပြောနေတာ ဖြစ်ပါလိမ့်မယ်''

ဟု သိဒ္ဓတ္ထ မင်းသားက ဆို၏။

''ဟုတ်တာပေါ့၊ သားတော်ကို ပြောနေတာ၊ သားတော်ကို တည့်တည့်ကြီးပြောနေတာ''

''ခမည်းတော်··· ဆာလောင်မွတ်သိပ်မှု ပြေပျောက်ဖို့ ရုန်းကန် တိုက်ပွဲဝင်ကြတာတဲ့လား၊ ငတ်မွတ်မှု ပြေပျောက်ဖို့၊ ရမ္မက်ဆန္ဒ ငြိမ်းအေးဖို့ သက်ရှိအားလုံး ရုန်းကန်တိုက်ပွဲဝင်နေကြတယ်လို့ သားတော် ထင်ပါတယ်။ လိင်ဆက်ဆံဖို့၊ အစာရေစာ စုဆောင်းဖို့ တိရစ္ဆာန်တွေတောင်မှ အားသွန် လှုပ်ရှားနေကြတာပါ၊ ဒါတွေဟာ သက်ရှိအားလုံးနဲ့သက်ဆိုင်တဲ့ သဘာဝတရား ဖြစ်ပါတယ် ဘုရား၊ ဒါနဲ့များ ဒီကိစ္စနှစ်ခုကို လူတွေရဲ့မြင့်မြတ်တဲ့ ဂုဏ်သရေလို့ ဆိုနိုင်ပါသလား ခမည်းတော်ဘုရား''

''သားတော်··· တိရစ္ဆာန်တွေဟာ သူတို့ရဲ့ အစာရေစာကို သူတို့ကိုယ်တိုင် မထုတ်လုပ်နိုင်ဘူး၊ ရပ်တည်ရှင်သန်ဖို့ သားကောင်ချင်း အမဲလိုက်တယ်၊ အပင် အရွက်အမြစ်အဉတွေကို စားသောက်တယ်''

''ခမည်းတော်··· တိရစ္ဆာန်တွေကို အမဲလိုက်တဲ့ လူတွေဟာ လူမပီသဘူးလို့ ခမည်းတော် ထင်မြင်ယူဆပါသလား''

''သားတော်ရယ်··· လူတွေဟာ အမဲသားငါး ရှောင်ကြဉ်ပြီးတော့လည်း ရှင်သန်နိုင်ကြတာပေါ့။ သာကီဝင်တွေရဲ့ အဓိက အစားအစာဟာ ဆန်ပါ''

''ဒီနေ့ ကျင်းပတဲ့ လယ်ထွန်မင်္ဂလာ ပွဲတော်ရဲ့ နေ့လယ်စာဟာ ဘယ်လို အစားအစာဖြစ်မယ်ဆိုတာကို ပြောနိုင်ပါသလား ခမည်းတော်ဘုရား''

''အသီးအရွက်ဟင်းနဲ့ အမဲဟင်း ပါတဲ့ ထမင်းပွဲ ဖြစ်လိမ့်မယ် ထင်ပါတယ် သားတော်''

သိဒ္ဓတ္ထမင်းသားသည် ဝမ်းနည်းကြေကွဲစွာ လျှောက်တင်လေ၏။

mgyoe.com

mgyoe.com

"အမဲဟင်း ဘယ်က ရပါသလဲ ခမည်းတော်ဘုရား… အမဲဟင်းလျာကို စိုက်ပျိုးလို့ ရမယ် မထင်ပါဘုရား၊ လည်ပင်းကို ကြိုးနဲ့ချည်ပြီး နန်းတော်မုခ်ဦးကနေ ဆွဲသွင်း သွားကြတဲ့ ဆိတ်မနဲ့ ဆိတ်သားငယ်၊ နောက်ကနေ တုတ်နဲ့ ရိုက်မောင်းလို့ အဆက်မပြတ် အော်ရင်း လိုက်သွားကြရှာတဲ့ ဆိတ်တွေ။ အဲဒီဆိတ်သားအမိဟာ သားတော်တို့ရဲ့ ဟင်းလျာ ဖြစ်လိမ့်မယ်လို့ သားတော် ယုံကြည်ပါတယ် ခမည်းတော်ဘုရား၊ သားတော် အမှန်အတိုင်း သိပါတယ်၊ အဲဒီဆိတ်တွေဟာ သားတော်တို့ရဲ့ နို့စားတိရစ္ဆာန်တွေ မဟုတ်ပါဘူး၊ ကူကယ်ရာမဲ့ တိရစ္ဆာန်တွေကို ဟင်းလျာ လုပ်တာဟာ လူမဆန်တဲ့ လုပ်ရပ် ဖြစ်ပါတယ် ခမည်းတော်ဘုရား၊ အစာအတွက် သတ်ဖြတ်ခြင်းဟာ လူ့ဂုဏ်သိက္ခာကို မြှင့်တင်ခြင်း မဟုတ်ပါဘုရား၊ အို… ခမည်းတော်ဘုရား… မိခင် ဆိတ်မကြီးနဲ့ အမေ့ဘေးက ကပ်ပြီး လိုက်သွားတဲ့ ဆိတ်သားငယ်လေးကို သားတော်တို့ စားသောက်ဖို့ သတ်လိုက်ကြမှာလား ခမည်းတော်ဘုရား၊ အိုး… လူတွေ လူတွေ"

"ဆိတ်မကြီးနဲ့ ဆိတ်ကလေးကို သတ်ကြမလား၊ မသတ်ကြဘူးလား ဆိုတာ ခမည်းတော် အတိအကျ မပြောနိုင်ဘူး သားတော်၊ ခမည်းတော်ရဲ့ အမိန့်နဲ့ လုပ်ကြမှာ မဟုတ်ဘူး၊ နန်းတော်က စားဖိုမှူးရဲ့ အမိန့်အတိုင်း လုပ်ကြမှာ၊ ရသေ့ ရဟန်းဟာ လှူဒါန်းတဲ့ အစားအစာ မှန်သမျှကို မခွဲမခြား သုံးဆောင်သလိုပေါ့၊ ခမည်းတော်ကတော့ ပွဲတော်စာအဖြစ် တည်ခင်းပေးတဲ့ ဟင်းလျာကို စားလိုက်တာပဲ၊ ပွဲတော်မှာ အမဲဟင်း ပါလည်း စားလိုက်တာပဲ၊ ခမည်းတော်က အရသာ မျိုးစုံအောင် ကြိုက်တာ ဆိုတော့ အမဲဟင်းရယ် အသီးအရွက်ဟင်းရယ်လို့ ခွဲခြားမနေတော့ဘူး၊ ဟင်းလျာအတွက် ဆိတ်မကို သတ်သလား၊ ဆိတ်သိုးကို သတ်သလား၊ ဆိတ်သားငယ်ကို သတ်သလား ဆိုတာ ခမည်းတော် ခွဲခြားစစ်ကြောနေစရာမှ မလိုတာ၊ သားကောင်ရဲ့ အရောင်အသွေး၊ ကိုယ်ထည် ပမာဏ၊ အသက်အရွယ် ဒါတွေကို ခွဲခြားနားလည်ဖို့ ခမည်းတော် အားမထုတ်ဘူး၊ ဘာဟင်း ကိုပဲ တည်ခင်းတည်ခင်း စားရမှာပေါ့ သားတော်ရယ်။ ပွဲတော်စာရဲ့ အရည်အသွေးကို အကဲဖြတ်ဖို့ စားဖိုမှူးတွေ ရှိနေတာပဲ၊ ဒီကိစ္စအတွက် သားတော် ကြောင့်ကြစိုက်စရာ မလိုပါဘူး"

ဟု မင်းကြီးက မိန့်ကြားလေ၏။

၆

mgyoe.com

mgyoe.com
SAMPLE BOOK

# ကူကယ်ဖို့ရည်

မင်းသားသည် ခမည်းတော် မင်းကြီးကို တိုးလျှိုးတောင်းပန်၏။

"ခမည်းတော်… ဆိတ်မကြီးနဲ့ ဆိတ်သားငယ် သားတော်ရှေ့မှာ ရောက်နေသလို မြင်ယောင်မိတယ် ဘုရား၊ ကူကယ်ရာမဲ့တဲ့ ဒီဆိတ်သားအမိဟာ မကြာခင် အချိန်အတွင်းမှာ မာနခက်ထန်တဲ့ သာကီဝင်တွေရဲ့ ဝမ်းဗိုက်ထဲ ရောက်သွားမှာကို သားတော် စောင့်ဆိုင်း မနေနိုင်တော့ပါဘူး ဘုရား၊ သနားစရာ ဒီခြေလေးချောင်း သတ္တဝါတွေကို သနားကြင်နာတော်မူပါ ခမည်းတော်ဘုရား၊ ဒီဆိတ်နှစ်ကောင်ကို ဟင်းလျာအဖြစ် မသတ်လိုက်ဖို့ စားဖိုမှူးကို အမိန့်ချမှတ်တော်မူပါဘုရား၊ အမိန့်တော်ကို ယူဆောင်ပြီး သားတော် ချက်ချင်း ပြန်သွားလိုက်ပါ့မယ် ဘုရား"

သုဒ္ဓေါဒနမင်းကြီးသည် သားတော်မင်းသား၏ လှိုက်လှိုက်လှဲလှဲ တောင်းပန်မှုကို လိုက်လျောသည့် အနေဖြင့် ဆိတ်သားအမိကို မသတ်ဖြတ်ရန် အမိန့်ချမှတ်တော်မူ၏။ သိဒ္ဓတ္ထမင်းသားသည် မြင်းကို နောက်ပြန်လှည့်လိုက်ပြီး နန်းတော်ဆီသို့ အမြန်ဆုံး မောင်းနှင်သွားလေ၏။ နန်းတော် နောက်ဖေးရှိ စားဖိုဆောင်နှင့်ကပ်လျက် တည်ရှိသော ဂိုဒေါင်မှ ထွက်ပေါ်လာသော ကြောက်မက်ဖွယ် စူးစူးဝါးဝါး ဟစ်အော်သံ တစ်ခုကို သိဒ္ဓတ္ထမင်းသား ကြားလိုက်ရသည်။ မင်းသားသည် မြင်းကို အသံလာရာသို့ ချက်ချင်း ဦးတည်မောင်းနှင်လိုက်သည်။ ထို့နောက် ဆိတ်သားအမိကို ရှာဖွေသည်။ ဆိတ်သားအမိ

mgyoe.com

ကား မြေမှာ လဲကျနေလေပြီ။ ၄င်းတို့၏ ခြေတို့ကို တုပ်နှောင်ထား၏။ ခေါင်းနှင့် ကိုယ်ကား အိုးစားကွဲနေကြလေပြီ။ လည်ချောင်းတို့မှ စီးကျနေသော သွေးများ ပူနွေးလျက် ရှိသေးသည်။ ခြေတို့လည်း ဆတ်ဆတ်တုန်ခါလျက် ရှိနေသေးသည်။

သိဒ္ဓတ္ထမင်းသားသည် နာကြည်းစွာ ဟစ်အော်လိုက်၏။

"အိုး… ဆိုးလိုက်တဲ့လူ၊ ဘယ်လို လုပ်လိုက်တာလဲ၊ နှလုံးသားမှ ရှိရဲ့လား"

မင်းသားသည် ကြောက်မက်ဖွယ် မြင်ကွင်းကို မကြည့်ရက်နိုင်ပေ။ နဖူးပြင်ကို ဘယ်လက်ဝါးဖြင့် တွန်းဖိ၍ ပုတ်ရင်း အကြည့်လွှဲလိုက်သည်။ လက်ကို နဖူးပြင်မှာ တင်ထားဆဲ ဖြစ်၏။ ဝမ်းနည်းပက်လက် နာကျင်ကြေကွဲရင်း သားသတ်သမား၏ မျက်နှာကို ငေးစိုက် ကြည့်နေ၏။ သားသတ်သမားသည် သွေးစိမ်းရှင်ရှင် ပေကျံနေသော သားသတ်ဓားကို ကိုင်ဆောင်လျက် မလှုပ်မယှက် ရပ်နေလေ၏။

"သားသတ်သမား… နို့ရည်တွေ တင်းကားနေတဲ့ ဒီသားသည်အမေ ဆိတ်မကို သတ်နိုင်လောက်အောင် ဘယ်လိုများ ရက်စက်ခဲ့သလဲ၊ မိုက်လိုက်တဲ့သတ္တဝါ၊ ဆိတ်ကလေး ကလည်း လူလိုပဲ နို့စို့နေတုန်း ရှိသေးတာ၊ နို့မခွာသေးတဲ့ ဒီဆိတ်ကလေးကို ဘယ်လို များ သတ်ရက်ခဲ့သလဲ၊ ပြောစမ်းပါဦး၊ ဒီလို သတ်ဖြတ်မှုကို ဘယ်သူ့အတွက် လုပ်လိုက် တာလဲ"

"ခွင့်လွှတ်တော်မူပါ အရှင့်သား၊ ဆိတ်မကြီးရဲ့ အသားက လယ်ထွန်မင်္ဂလာပွဲ အတွက် ဖြစ်ပါတယ် ဘုရား၊ ဆိတ်သူငယ်ရဲ့ အသားကတော့ မင်းကြီးနဲ့ အရှင်မင်းသား တို့အတွက်ပါ ဘုရား"

"ဒီဆိတ်ကလေးကို ငါ့အတွက် သတ်ရမယ်လို့ ဘယ်သူ အမိန့်ပေးခဲ့တာလဲ"

စားဖိုမှူးသည် ကြောက်ရွံ့သောကြောင့် အတန်ငယ် နှုတ်ဆိတ်သွား၏။ ထို့နောက် လက်ချောင်းများ ချိတ်ဆက်လျက် ကွေးဆုပ်ထားသော လက်အစုံဖြင့် မင်းသားကို ဦးတင် လျှောက်ထား၏။

"သည်းခံ ခွင့်လွှတ်တော်မူပါ အရှင်မင်းသား၊ အရှင့်သားနဲ့ ကြင်ရာတော် မင်းသမီးတို့ရဲ့ ပွဲတော်စာ အမဲဟင်းအတွက် အသားရဖို့ ဆိတ်သားငယ် ဒါမှမဟုတ် နွားသားငယ်ကို နေ့စဉ်နေ့တိုင်း သတ်ဖြတ်ခဲ့တာပါ ဘုရား၊ ဒီနေ့မှ ထူးထူးခြားခြား ဖြစ်ပွား ခဲ့တာရယ်လို့ မရှိပါ ဘုရား"

"တော် တော်၊ ငါ့အတွက်ပဲ ဖြစ်ဖြစ်၊ မင်းသမီးအတွက်ပဲ ဖြစ်ဖြစ် နန်းတော်ကနေ အမဲဟင်း ယူမလာနဲ့တော့။ နန်းတော်ထဲမှာ ဒါမျိုးတွေ နေ့တိုင်း ဖြစ်ခဲ့တာကို ငါ မသိခဲ့ဘူး၊ ခုချိန်ကစပြီး အသား မစားမိဖို့ ဂရုစိုက်တော့မယ်၊ နှလုံးသား မဲ့လိုက်တဲ့ သားသတ် ကောင်… ဒီပြစ်မှုမျိုး ဘယ်လိုများ လုပ်နိုင်ခဲ့သလဲ ပြောစမ်းပါဦး။ ဒီလို သတ်ဖြတ်တာ ဘာကောင်းသလဲ၊ ဒီပြစ်မှုတွေရဲ့ အကျိုးဆက်ကနေ ဘယ်လိုများ လွတ်မြောက်နိုင်မှာလဲ"

mgyoe.com

မင်းသားသည် သားသတ်သမား စားဖိုမှူးကို ဆက်တိုက် မေးခွန်းထုတ်နေ၏။ စားဖိုမှူးသည် သွေးစွန်းနေသည့် ဓားကို ပစ်ချလိုက်ပြီး လက်နှစ်ဖက်ကို ယှက်ပိုက်လျက် ကိုယ်ကို ကိုင်းညွတ်ကာ အရိုအသေပြုရင်း မင်းသားကို လျှောက်တင်၏။

''အရှင့်သား နှစ်သက်ကောင်း နှစ်သက်နိုင်ပါလိမ့်မယ် ဘုရား၊ ကျွန်တော်မျိုးဟာ မြင့်မြတ်တဲ့ ဂင်္ဂါမြစ်ဆီ တစ်နှစ် တစ်ခါ သွားပါတယ် ဘုရား၊ ဝတ်ရုံအဝါကို တစ်ကိုယ်လုံး ခြုံပြီး မြင့်မြတ်တဲ့ ဂင်္ဂါမြစ်ရေမှာ စိမ်ပါတယ် ဘုရား၊ ကျွန်တော်မျိုးရဲ့ အပြစ်အားလုံးကို မြင့်မြတ်တဲ့ ရေစင်နဲ့ ဆေးကြောပါတယ် ဘုရား၊ ကျွန်တော်မျိုးတို့ သားသတ်တဲ့ အလုပ်ကို လုပ်ကိုင်လာတာ ဆွေးမျိုး ခုနစ်ဆက် ရှိပါပြီ ဘုရား၊ ရှေးက မိဘ ဘိုးဘွားတွေလည်း ဒီနည်းနဲ့ပဲ အပြစ်တွေကို ဆေးကြောခဲ့ကြပါတယ် အရှင့်သား''

''ရှုးလိုက် မိုက်လိုက်တဲ့ လူ၊ တခြားနည်းနဲ့ ကုသိုလ်ကောင်းမှု မလုပ်ဘူးလား''

''အရှင်မင်းသား… ကုသိုလ်ကောင်းမှုလည်း လုပ်ပါတယ် ဘုရား၊ ကျွန်တော်မျိုးမှာ အိုမင်းမစွမ်း မကျန်းမမာ ဖြစ်နေရှာတဲ့ ဂိလာန ဖခင်ကြီး ရှိပါတယ်ဘုရား၊ ဖခင်ကြီးဟာ သေလုမြောပါး ဖြစ်နေတဲ့ နွားငယ်လေးလို အမြဲအော်ဟာစ် ညည်းတွားနေရပါတယ် ဘုရား၊ အဲဒီဖခင်ကြီးကို ကျွန်တော်မျိုးကိုယ်တိုင် ပြုစုလုပ်ကျွေးပါတယ် ဘုရား၊ သန့်ရှင်းရေး လုပ်ပေးပါတယ် ဘုရား၊ ဆေးကြောပေးပါတယ် ဘုရား၊ အစာခွံ့ကျွေးပါတယ် ဘုရား၊ အိပ်ရာဝင်တဲ့အထိ သိပ်ပေးပါတယ် ဘုရား၊ ကုသိုလ်ရဖို့ ရည်ရွယ်ပြီး ဒီလို ပြုစုလုပ်ကျွေးလာတာ ခုနစ်နှစ်ရှိပါပြီ ဘုရား''

''အရှုးပဲ၊ မြင့်မြတ်တဲ့ ဂင်္ဂါရေက မကောင်းမှုတွေကို ဆေးလျှော်ပစ်လိုက်သလို ကုသိုလ် ကောင်းမှုတွေကိုလည်း ဆေးလျှော်ပစ်လိုက်လိမ့်မယ်လို့ကော မစဉ်းစားမိဘူးလား၊ ရှုးသွပ်တဲ့ အယူအစွဲတွေကို ဆုပ်ကိုင်မထားဘဲ အခု ကျူးလွန်နေတဲ့ ပြစ်မှုမျိုးတွေကို ရှောင်ကြဉ်ပါ၊ ငမိုက်သားရဲ့ ဖခင်အိုကြီး ခုနစ်နှစ်လုံးလုံး ဆင်းရဲဒုက္ခ ခံစားနေရတာဟာ သူ ကျူးလွန်ခဲ့တဲ့ ပြစ်မှုကြီးတွေရဲ့ အကျိုးဆက်ပေါ့''

မင်းသား၏ နှလုံးသားသည် ညှိုးလျှပူပန်လျက် ရှိနေ၏။ မင်းသားသည် ဆိတ်သားအမိ၏ ရုပ်အလောင်းကို နောက်ဆုံးအကြိမ် ကြည့်လိုက်၏။ လောကကြီး တစ်ခုလုံး နာမကျန်းဆင်းရဲမှု အစုအဝေး ဖြစ်သည်ဟု သူ တွေးမိလိုက်သည်။ ဤနာမကျန်းမှုကို ကုစား ဖြေဖျောက်ပေးနိုင်ရန် မင်းဧကရာဇ်ဖြစ်အောင် ကြိုးစားရမည်လော၊ သို့တည်းမဟုတ် သစ္စာတရားကို ထိုးထွင်းသိမြင်အောင် အားထုတ်ရမည်လော ဟူသည်ကိုလည်း စဉ်းစားခန်း ဖွင့်နေပြန်လေသည်။

မင်းသားသည် စကားတစ်ခွန်းမျှ မပြောတော့ပေ။ ဂိုဒေါင်မှ ထွက်ခွာလိုက်ပြီး မြင်းပေါ် တက်လိုက်သည်။ ထို့နောက် လယ်ထွန်မင်္ဂလာပွဲ ကျင်းပရာသို့ သွားလေ၏။



mgyoe.com

m.g.y.o.e..c.o.m. SAMPLE BOOK

# သုဘာ

သုဘာသည် တစ်ချိန်က ကပိလဝတ်မြို့တော်၌ အလှဆုံး ဖြစ်ခဲ့၏။ ရမ္မက်သွေးကြွအောင် အမြူဆွယ်နိုင်ဆုံး ပြည့်တန်ဆာမတစ်ယောက်လည်း ဖြစ်ခဲ့၏။ ယခုအခါ သုဘာ အိုလေပြီ။ သုဘာ၏ စိတ်ဓာတ်လည်း ကျန်းမာကြံ့ခိုင်ခြင်း မရှိတော့ပေ။ သုဘာ တစ်ကိုယ်တည်း ကပိလဝတ် မြို့တော်အတွင်း ခြေဦးတည့်ရာ လှည့်လည် သွားလာနေ၏။ တစ်ချိန်က အဖိုးအနဂ္ဃ ထိုက်တန်ခဲ့သော ကာသိတိုင်းဖြစ် ဝတ်ရုံသည် ယခုအခါ သုဘာ၏ကိုယ်ပေါ်၌ ဖွာလန်ကြဲအောင် စုတ်ပြတ်နေလေပြီ။ သုဘာသည် ညစ်ပေစုတ်ပြတ်နေသည့် အပေါ်ရုံကို မြေပေါ်မှာ ဖြန့်ခင်းလိုက်၏။ ထို့နောက် ကိုယ်အပေါ်ပိုင်း ဝတ်လစ်စားလစ် ဖြစ်သွားသည်ကို အလေးမမူဘဲ ဝတ်ရုံစုတ် အခင်းပေါ်မှာ ထိုင်လိုက်၏။ လယ်ထွန်မင်္ဂလာ ပွဲသဘင်သို့ သွားနေသည့် သာကီဝင်မင်းသား အစဉ်အတန်းကြီးကို ငေးစိုက်ကြည့်နေရင်း သုဘာ တစ်ယောက်တည်း ရေရွတ်နေလေ၏။

"ဒီအုပ်စုထဲက လူငယ်တွေကို ငါ မသိပါလား၊ သူတို့ရဲ့ ခမည်းတော်တွေကိုတော့ ငါ ကောင်းကောင်းသိတာပေါ့။ ဩော်… သူတို့ ဆံပင်တွေ ဖြူနေပါပေါ့လား၊ တစ်ချိန်ကတော့ သူတို့ဆံပင်တွေ နက်မှောင်နေတာပဲ။ သူတို့ ငါ့ဆီ လာခဲ့ကြဖူးတယ်၊ အဲဒီတုန်းက ငါ့ကို သူတို့ ကြည့်ပုံဟာ ခု ကြည့်ပုံနဲ့ တခြားစီပဲ။ အို… သဏ္ဍောဒန ရယ်… မြို့တော်ရဲ့ ပြည့်တန်ဆာမဘဝကို စွန့်လွှတ်ပြီး ကိုယ်လုပ်တော် မောင်းမ လုပ်လှည့်ပါလို့ တောင်းဆိုတာကို မှတ်မိပါသေးရဲ့လား၊ လာအိပ်ကြတဲ့ အချောဆုံး အလှဆုံး လိစ္ဆဝီမင်းသားတွေရော တခြား သာကီဝင် မင်းသားတွေပါ ဒီလိုမျိုး ကမ်းလှမ်းကြတယ် ဆိုတာ ပြောပြတော့ မျက်စိမျက်နှာ ပျက်ခဲ့တာ၊ ရှက်သွေးဖြန်းခဲ့တာ မှတ်မိပါ

mgyoe.com

mgyoe.com SAMPLE BOOK

သေးရဲ့လား၊ အို··· သက္ကောဒန··· ချစ်ရသူကြီးရေ···။ ခုတော့ လိစ္ဆဝီတွေလည်း လာမအိပ်ကြတော့ဘူးလေ၊ ကိုယ်လုပ်တော် မောင်းမအဖြစ် ရွေးကောက်လှည့်ပါတော့''

သုဘာသည် အသံကုန် ဟားတိုက် ရယ်မောရင်း ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်သည်။ လမ်းပေါ်၌ တစ်ဦး တစ်ယောက်မျှ မရှိပေ။ သူ့ရယ်သံကို မည်သူမျှ မကြားနိုင်ဟု နားလည်လိုက်သော သုဘာသည် ပါးစပ်ပိတ်လိုက်ပြီး ခေါင်းငိုက်စိုက်နှင့် မျက်လွှာချနေလေ၏။

ထိုစဉ် အဆိပ်ပြင်းသည့် ပုရွက်ဆိတ် အနက်ကြီးများ အတန်းလိုက် သူ့ရှေ့မှာ ဖြတ်သွားနေသည်ကို သုဘာ တွေ့လိုက်ရ၏။ သုဘာသည် ပုရွက်ဆိတ် အနက်ကြီးများကို စိုက်ကြည့်နေရင်း ရုတ်တရက် အကြံတစ်ခု ရလိုက်သည်။ ပုရွက်ဆိတ် အနက်ကြီး တစ်ကောင်ကို ဂရုတစိုက် ဖမ်းယူလိုက်၏။ မျက်လုံးအစုံကို မှေးမှိတ်ထားရင်း ပုရွက်ဆိတ်ကို သူ့ရင်သားပေါ် တင်လိုက်သည်။ ပုရွက်ဆိတ် ဒဏ်ရာရသွားအောင် ခပ်ဆတ်ဆတ်လည်း ဖိခြေလိုက်သေးသည်။ ထို့နောက် တစ်ကိုယ်တည်း ရေရွတ်နေ၏။

''ကိုက်စမ်း အဆိပ်ပြင်းတဲ့ကောင်၊ ကိုက်ပါ၊ ကိုက်စမ်းပါ၊ မင်း ငါ့ကို ကိုက်တော့ ဗိမ္ဗိသာရကို သတိရလိုက်တာ၊ ငါ အပျိုရည် ပျက်ခဲ့တာ အဲဒီညပေါ့''

သုဘာသည် မျက်လုံးများ မှိတ်ထားဆဲ ဖြစ်သည်။ လက်နှစ်ဖက်ကို ရင်ဘတ်ပေါ် တင်ထား၏။ ရုတ်တရက်ပင် ပုရွက်ဆိတ်ကို ရင်သားပေါ်မှာ ခြေပစ်လိုက်သည်။ မြေမှာ ခင်းထားသော အပေါ်ရုံကို ကောက်ယူလိုက်ပြီး လမ်းပေါ် တက်ပြေးလေ၏။ သူမဆီသို့ မြင်းစီးလျက် လာနေသော လုလင်ပျိုတစ်ယောက်ကို တွေ့လိုက်သည်။ သုဘာသည် အကြောက်အလန့် ကင်းမဲ့စွာ မြင်းရှေ့မှာ ခုန်ဝင်လိုက်၏။ ဇက်ကြိုးကို ဖမ်းဆွဲလိုက်ပြီး မြင်းကို ရပ်တန့်စေ၏။

မြင်းစီးလုလင်ပျိုကား လယ်ထွန်မင်္ဂလာပွဲသဘင်သို့ သွားရောက်ရန် နောက်ကျနေသည့် သိဒ္ဓတ္ထမင်းသား ဖြစ်ပေသည်။ မင်းသားသည် စိတ်ရောဂါသည် အမျိုးသမီး သုဘာ၏ အပြုအမူကို အပြစ်ဟု မမှတ်ယူပေ။ သုဘာသည် လမ်းကို ပိတ်ရပ်လျက် မင်းသားကို အချိန်အတန်ငယ် ကြာအောင် တိတ်ဆိတ်ငြိမ်သက်စွာ ငေးစိုက်ကြည့်နေသည်။ အရူးမတစ်ယောက် ဖြစ်သည်ဟု အတိအကျ သိလိုက်ရသောအခါ မင်းသားသည် သုဘာ ပြုလိုရာ ပြုခွင့် ပေးထားလိုက်၏။ သုဘာသည် မြင်းဇက်ကြိုးကို လွှတ်လိုက်ပြီး ခြေနင်းကို ဆုပ်ကိုင်လိုက်ပြန်သည်။ အသက်ပြင်းပြင်း တစ်ချက် ရှူသွင်းလိုက်ပြီးနောက် မင်းသားကို ပြော၏။

''မင်းလို မင်းသားလေးတွေ ဆယ့်နှစ်ယောက်နဲ့ မင်းသမီးလေးတွေ လေးယောက်ကို ငါ့အိမ်ကနေ စွန့်ပစ်ခဲ့ရဖူးတယ်၊ အားလုံး မဟာဆိ မဟာသွေးတွေချည်းပဲ။ အစေခံမက ငါ့ကလေးတွေကို အဝတ်နဲ့ ထုပ်ပတ်ပြီး စွန့်ပစ်လိုက်တာ၊ ကလေးတွေကို အစေခံမ စွန့်ပစ်ရာက ပြန်လာတော့လည်း မင်းသားငယ်၊ မင်းသမီးငယ်လေးတွေကို ဘယ်လို လုပ်လိုက်သလဲ ဆိုတာ တစ်ခါမှ ငါ မေးမကြည့်ခဲ့ဘူး၊ ငါ့မှာ မေးခွင့်လည်း မရှိခဲ့ဘူး၊

mgyoe.com

ငါ့ဝမ်းနဲ့ လွယ်မွေးခဲ့ရတဲ့ ကလေးတွေကို အဲဒီဘီလူးမ လည်မျို ညှစ်သတ်လိုက်ပြီး သုသာန် တစပြင်မှာ စွန့်ပစ်ခဲ့တယ်ဆိုတာ ငါ သိတယ်၊ အို… နတ်ဒေဝတာတို့၊ ကြီးလေးလိုက်တဲ့ ပြစ်မှုကြီးပါလား၊ ဒါပေမဲ့ မင်းသားရယ်… ငါ ဘာမှ မတတ်နိုင်ခဲ့ဘူး၊ မင်းဟာ ဟို အစေခံမ အဝတ်နဲ့ ထုပ်ပြီး စွန့်ပစ်ခဲ့တဲ့ ငါ့ကလေးတစ်ယောက် ဖြစ်နိုင်တယ်၊ မင်းဟာ အဲဒီ သဘက်မရဲ့ လက်ကနေ လွတ်မြောက်ပြီး ခုလို လူလားမြောက်လာတာ နေမှာပေါ့။ သား… သားရယ်… ငါလေ မင့်အမေပါ၊ မင့်အဖေကတော့… သုဒ္ဓေါဒနပေါ့။ ကပိလဝတ် က သာကီဝင်တွေ အားလုံးရဲ့ မျက်နှာပေါက်ကို ငါ သိတယ်၊ ဒါပေမဲ့ သားရယ်… သူတို့က ငါ့ကို မသိကြဘူး၊ နီတာရဲလေး မင့်ကို ဟိုအယုတ်တမာမ အဝတ်နဲ့ ထုပ်ပတ်နေ တုန်းက မင်း နာလွန်းလို့ ငိုလိုက်တာ၊ မင့်မျက်နှာကို နမ်းရင်း အမေ့ကို ခွင့်လွှတ်ပါ သားရယ်… လို့ ငါ ပြောခဲ့သေးတယ်၊ ဒါထက်ပိုပြီး ဘာများ ငါ တတ်နိုင်မှာလဲ၊ မင့်ကို ငါ ခိုးကြောင်ခိုးဝှက်နဲ့ မွေးမြူမယ်ဆိုရင် ဟိုကောင်မက ငါ့ကို ပြုံးမှတ်ထားပြီး ငါ ရထားတဲ့ ကပိလဝတ်ရဲ့ ပြည့်တန်ဆာ အကြီးအမှူးရာထူးကနေ ဖြုတ်ချမှာပေါ့။ ငါ့သွေးသားကနေ ပေါက်ဖွားခဲ့တဲ့ ငါ့သား။ ငါ့သွေးသားနဲ့ ကြီးထွားလာခဲ့တဲ့ ငါ့သား။ အမေ့ကို ခွင့်လွှတ်ပါ သားရယ်… အမေ… လို့ တစ်ခွန်းလောက် ခေါ်လိုက်ရင် အမေ ပျော်ပျော်ကြီး သေနိုင် ပါပြီကွယ်''

သုဘာသည် စိတ်ထိခိုက်လွန်း၍ မျက်ရည်များ ကျလာပြီး ရှိုက်ကြီးတငင် အော်ငိုလေ၏။

မင်းသားလည်း ထိထိရှရှ ခံစားလိုက်ရ၏။ မင်းသားသည် မြင်းပေါ်မှ ဆင်း လိုက်ပြီး အဘွားအို၏ ဦးခေါင်းကို ကိုင်လျက် စကားဆို၏။

''ဟုတ်ပါတယ် အမေ၊ ကျွန်တော်ဟာ ဘုရင်သုဒ္ဓေါဒနရဲ့ သားအစစ်ပါ''

မင်းသား၏ စကားကို ကြားလိုက်ရသည်နှင့် ဒုက္ခသည် အဘွားအိုသည် မိခင် မေတ္တာဖြင့် အရူးအမူး ဖြစ်သွား၏။ မင်းသား၏ မျက်နှာ၊ ရင်ဘတ်နှင့် လက်ချောင်းများကို ကိုင်တွယ် စမ်းသပ်နေလေသည်။ အဘွားအိုသည် ဟန်ချက် မထိန်းနိုင်လောက်အောင် တုန်တုန်ရီရီ ဖြစ်နေ၏။ ပါးလျသော နှုတ်ခမ်းအစုံသည် တဆတ်ဆတ် တုန်နေ၏။

''အမေ… အမေ့အတွက် ကျွန်တော် ဘာများ လုပ်ပေးနိုင်ပါသလဲ''

ဟု သိဒ္ဓတ္ထမင်းသားက မေး၏။

''သား… အမေ့သားရယ်… အမေ ဆာတယ်၊ ဒင်္ဂါးပြား တောင်းနေတာ၊ အမေ့ကို ဒင်္ဂါး ပေးပါ သားရယ်''

သုဘာသည် ချက်ချင်းပင် ရွှေဒင်္ဂါးနှစ်ပြား ရလိုက်၏။ ရွှေဒင်္ဂါးများကို လက် နှစ်ဖက်နှင့် ဆုပ်ကိုင်ကာ ရင်မှာ ဖိထားလျက် မင်းသား၏ မျက်နှာကို ငေးစိုက်ကြည့် နေရင်း နောက်သို့ အနည်းငယ် ဆုတ်လိုက်သည်။ ထို့နောက် ကိုယ်ကိုလှည့်၍ ထွက်ပြေး သွားလေ၏။ ပြေးနေရင်း ပင်ပန်းလာသည်နှင့် မြေပေါ်မှာ ထိုင်ချလိုက်ပြီး ခေါင်းငိုက်စိုက် ချထားလျက် ငိုလေ၏။

mgyoe.com

mgyoe.com SAMPLE BOOK

သုဘာသည် အလွန်အမင်း စိတ်ထိခိုက်နေ၍ နေရာမှ မလှုပ်ရှေ့နိုင်တော့ပေ။ သိဒ္ဓတ္ထမင်းသားသည် ဒုက္ခသည် အမျိုးသမီးကို ငေးစိုက် ကြည့်နေလေ၏။

သုဘာသည် ဒင်္ဂါးပြားများကို ပွေ့ပိုက်လျက် ငိုကြွေးနေရာမှ ရုတ်တရက် ခေါင်းထောင်လိုက်သည်။ အရောင် တလက်လက် တောက်ပနေသည့် ဒင်္ဂါးနှစ်ပြားကို အာသာငမ်းငမ်း ငေးစိုက်ကြည့်နေ၏။ သိဒ္ဓတ္ထမင်းသားသည် မူလနေရာမှာပင် မလှုပ်မယှက် ရှိနေသေးသည်။ မင်းသားက သူမကို စိတ်ဝင်တစား ငေးကြည့်နေမှန်း သိလိုက်သော သုဘာသည် မင်းသားရှိရာသို့ ပြေးသွားပြန်လေ၏။

"သား… ဒီဒင်္ဂါးတွေ ပြန်ယူပါ၊ ဗိုက်ပြည့်မယ့် စားစရာကို အမေ မလိုချင်တော့ဘူး၊ ချုံးချုံးကျနေတဲ့ အမေ့စိတ်၊ ပူဆွေးသောကရောက်နေတဲ့ အမေ့စိတ်ကို ဖြေသိမ့်ပေးနိုင်မယ့် အရာကိုပဲ လိုချင်ပါတယ်၊ ယူပါ၊ ဒီဒင်္ဂါးတွေကို ယူပါ၊ ပျော်ရွှင်တဲ့ စိတ်ဝိညာဉ် ပြန်လည်ရရှိအောင် ဘယ်အရာက ကူညီဖေးမပေးနိုင်မယ် ဆိုတာ အမေ့ကို ပြောစမ်းပါ"

အစွန့်ပယ်ခံ အမျိုးသမီးကို သိဒ္ဓတ္ထမင်းသားက အရေးတယူ ဆက်ဆံနေ၏။ မင်းသားသည် အမျိုးသမီး၏ စိတ်မချမ်းမြေ့မှုကို နားလည်နိုင်၏။ သောကအငွေ့ ရိုက်ခတ်မှုကြောင့် မင်းသားလည်း မရွှင်မပျ ဖြစ်နေလေသည်။

"အမေ… ကျွန်တော်ဟာ အမေ့လို ခိုကိုးရာမဲ့သူတွေကို ကူကယ်နိုင်မယ့် တရားဒေသနာကို ကြိုးစားရှာဖွေနေတာပါ၊ အခု ရှင်သန်နေကြသူတွေ အသချေ အနန္တနဲ့ မွေးဖွားလာကြမယ့်သူတွေ အသချေ အနန္တကို ကူကယ်နိုင်မယ့် နည်းလမ်းကို မရရအောင် ရှာဖွေပါ့မယ်၊ အတားအဆီး အနှောင့်အယှက်တွေ ဘယ်လောက်ပဲ ကြမ်းတမ်းကြမ်းတမ်း ရအောင် ရှာဖွေမှာပါ၊ ကျွန်တော် ပေးခဲ့တဲ့ ဒင်္ဂါးတွေကို ပြန်မလိုချင်ပါဘူး၊ အမေ ယူလိုက်ပါ၊ အမေ အဆာပြေအောင် လုပ်လိုက်ပါ"

"သာဓု… သာဓု… သာဓုပါ သားရယ်… အမေ မသေခင် ကယ်တင်ပါကွယ်၊ ပူဆွေးသောကက အမေ့ကို တမြည့်မြည့် ကျွမ်းလောင်နေပါပြီ"

ဟု သုဘာက သိဒ္ဓတ္ထမင်းသားကို တောင်းပန်တိုးလျှိုးနေလေ၏။

သိဒ္ဓတ္ထမင်းသားသည် ဒုက္ခသည် အမျိုးသမီး သုဘာ၏ မျက်ဝန်းများကို နောက်ဆုံးအကြိမ် ကြည့်လိုက်သည်။ သုဘာသည် ဒင်္ဂါးစေ့များကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထား၏။ မိခင်စိတ်အပြည့်ဖြင့် မင်းသားကို ကြည့်နေ၏။ မင်းသားသည် အကြည့်လွှဲလိုက်ပြီး မြင်းပေါ်သို့ ခုန်တက်ကာ ခပ်သုတ်သုတ် မောင်းနှင်ထွက်ခွာသွား၏။ လယ်ထွန်မင်္ဂလာပွဲသဘင်ကား ခြိမ့်ခြိမ့်သဲသဲ ရှိနေလောက်ပေပြီ။

❀

mgyoe.com

mgyoe.com
SAMPLE BOOK

# စိတ်ကူးထဲက တိုင်းပြည်

သိဒ္ဓတ္ထမင်းသားသည် အိပ်ရာထက်၌ ဇနီးသည်နှင့်အတူ ထိုင်နေရင်း စကားဆို၏။

"ယသော်ရယ်… မင်း ရှိနေလို့သာပေါ့၊ မဟုတ်ရင် ဒီလို ခမ်းနားတဲ့ မင်းစည်းစိမ်ကို ငါ စွန့်ပစ်လိုက်တာ ကြာပြီ၊ ကြီးမားတဲ့ ဆွဲအားတစ်ခုက ငါ့ကို ဆွဲငင်နေတယ်"

"နှမတော် တစ်ယောက်တည်းလား မောင်တော်၊ ဒီဗိုက်ထဲက သားတော်လေးကော မပါဘူးလား"

ဟု ယသောဓရာက ပြန်မေး၏။

မင်းသားက ပြန်လည် ဖြေကြား၏။

"ယသောဓရာ၊ ဒီသားလေးကြောင့် မင့်ကို ပိုပိုပြီး ချစ်နေတာပေါ့၊ ဒါပေမဲ့ သန်းနဲ့ချီတဲ့ ဒုက္ခသည်တွေကို အလုပ်အကျွေးပြုဖို့ မောင်တော့်ကို လှုံ့ဆော်တာတွေက တစ်နေ့တခြား ပိုများများလာတယ်၊ ဒီဇမ္ဗူဒိပ်မှာ အခု ရှိနေတဲ့ ဒုက္ခသည်တွေ အတွက်တင် မကဘူး၊ မွေးဖွားဆဲ သတ္တဝါတွေနဲ့ နောင် မွေးဖွားလာကြမယ့် သတ္တဝါတွေ၊ သန်းပေါင်း များစွာသော ဒုက္ခိတတွေ အားလုံးအတွက် အလုပ်အကျွေး ပြုရမှာ။ အိပ်မပျော်နိုင်ဘဲ အိပ်ရာထဲမှာ ဘာတွေ စဉ်းစားနေတာလဲလို့ မင်း မေးခဲ့ပေါင်း များလှပြီပဲ။ ငါ ဆက်ပြီး ဖုံးကွယ်မထားနိုင်တော့ဘူး၊ မင်းသာ သားယောကျာ်းလေး မွေးခဲ့မယ်ဆိုရင် မင့်ကို ငါ ခွဲခွာလိုက်တော့မယ်၊ သားတော်လေးက ခမည်းတော်ကြီးရဲ့ ထီးရိုက်နန်းရာကို ခံယူပြီး

mgyoe.com

mgyoe.com

မင်း ဆက်လုပ်လိမ့်မယ်၊ ထီးနန်းအဆက် မပြတ်စေရပါဘူးလို့ ခမည်းတော် မင်းကြီးကို ငါ ကတိပေးထားတယ်''

''အို… ဘာတွေ ပြောနေတာလဲ မောင်တော်ဘုရား''

ယသောရောမင်းသမီးသည် ဘာမှ ဆက်၍ မပြောနိုင်တော့ဘဲ သိဒ္ဓတ္ထမင်းသား၏ ရင်ခွင်ထဲသို့ လဲပြိုကျသွား၏။ မျှော်လင့်ချက်တို့ ဝေးလွင့်ပြီ ဖြစ်၍ မျက်ရည်ဖြိုင်ဖြိုင် သွန်ချလျက် ရှိုက်ကြီးတငင် ငိုကြွေးလေ၏။ မင်းသားသည် မင်းသမီး၏ နှလုံးခုန်ချက်တိုင်းကို ပိပိပြင်ပြင် ခံစားမိနေ၏။ မင်းသမီးသည် မင်းသား၏ လက်ပေါ်၌ မျက်နှာမှောက်လျက် ရှိနေရာ မင်းသား၏လက်မှာ မျက်ရည်တို့ဖြင့် ရွှဲရွှဲစိုနေတော့၏။ ကိုယ်ဝန်သည် မင်းသမီး၏ ဝမ်းဗိုက်ပူပူသည် မင်းသားကို ထိလျက် ဖိလျက် ရှိနေရာ မင်းသား၏ နှလုံးသည်းပွတ်ကို အထိခိုက်ဆုံး ထိုးဆွချက် ဖြစ်နေ၏။ မင်းသမီးက မင်းသားပေါ်သို့ ဖိစီးမှီခိုနေစဉ် မင်းသမီး၏ ဝမ်းကြာတိုက်ရှိ ကလေးငယ် တသိမ့်သိမ့် လှုပ်ရှားနေသည်ကို မင်းသား ခံစားမိလိုက်၏။ နာကျင်ခံခက်သော ဝေဒနာကြောင့် ကလေးငယ် လှုပ်လှုပ်ရှရှ ဖြစ်သွားလေသလောဟု မင်းသား တွေးလိုက်မိ၏။ မင်းသားသည် နောက်သို့ မှီချလိုက်ပြီး မင်းသမီး၏ ဝမ်းဗိုက်ပူပူကို ငေးစိုက်ကြည့်နေ၏။ မင်းသား၏ မျက်ဝန်းအစုံသည် အချစ်တို့ဖြင့် ရွှန်းလဲ့တောက်ပနေလေ၏။ ကလေးငယ်၏ အလှုပ်အရှား ခံစားမိလိုက်သော ဝမ်းဗိုက်နေရာကို ပွတ်သပ်လိုစိတ် ဖြစ်မိသည်။ ထို့နောက် ငိုကြွေးနေသော မင်းသမီးကို တိုးလျှစွာ ပြော၏။

''မငိုပါနဲ့ နှမတော်ရယ်… မျက်ရည်တွေ သုတ်လိုက်ပါ၊ အထဲက ကလေး နေရတာ သက်သာအောင် ထလိုက်ပါဦး''

မင်းသားသည် မင်းသမီးကို ရင်ခွင်ထဲမှ ထူမပေးလိုက်ပြီး သောကဖြင့် ညှိုးလျှပူဆွေးနေသော မင်းသမီး၏ မျက်နှာကို ငေးကြည့်နေ၏။ ပြေလျော့နေသော ဆံနွယ်များကို ပွတ်သပ်ပေးရင်း မျက်ရည်များကို သုတ်ပေးနေ၏။ မျက်ရည်များ တစိမ့်စိမ့် စီးကျနေသောကြောင့် သုတ်၍ မနိုင်အောင်ပင် ဖြစ်နေလေ၏။

မင်းသမီးသည် ရှိုက်သံများကြားမှ စကားဆို၏။

''နှမတော်ကို ဘယ်တော့မှ ခွဲမသွားပါဘူးလို့ ကတိပေးစမ်းပါ မောင်တော်ရယ်၊ မောင်တော် ဒီကတိကို မပေးမချင်း မျက်ရည်တွေ တိတ်မှာ မဟုတ်ပါဘူး မောင်တော်၊ နှမတော် အသက်ရှင်နေသရွေ့ နှမတော်ကို ခွဲမသွားပါနဲ့ မောင်တော်၊ နှမတော်ကို အထီးကျန်အောင် မလုပ်ပါနဲ့၊ မောင်တော်သာ နှမတော်ရဲ့ ကမ္ဘာပါ၊ နှမတော် အသက်ရှင်နေတာ မောင်တော့်အတွက်ပါ၊ မောင်တော့်ကို ချစ်မြတ်နိုးနေရပြီး မောင်တော့်ကို ပြုစုယုယနေရမှပဲ နှမတော် ပျော်ပျော်ရွှင်ရွှင် အသက်ရှင်နိုင်မှာပါ၊ နှမတော် တစ်သက်လုံး ငိုနေရအောင် မလုပ်ပါနဲ့ မောင်တော်ဘုရား''

mgyoe.com

 m.gyoe.com SAMPLE BOOK 

''ယသော်ရယ်··· မင့်ရဲ့ ချစ်ခြင်းမေတ္တာ အကြင်နာတွေကို မောင်တော့် အတွက် ပဲ စုပြုံကန့်သတ် မထားပါနဲ့လား၊ ဒီနန်းဆောင်ရဲ့ အပြင်ဘက်က ကမ္ဘာအထိ မင့်ရဲ့ အကြင်နာတွေ ဖြန့်ကြက်လိုက်စမ်းပါကွယ်၊ ငါတို့ရဲ့ ချစ်ခြင်းမေတ္တာ၊ ငါတို့ရဲ့ သနား ကရုဏာတွေနဲ့ ထိုက်တန်တဲ့သူတွေ အပြင်ဘက်ကမ္ဘာမှာ အများကြီး ရှိနေပါတယ်၊ နှမတော်အနေနဲ့ ပြင်ပကမ္ဘာကို ကရုဏာသက်နိုင်မယ်ဆိုရင် မောင်တော်နဲ့ ခွဲခွာရပေမယ့် ဝမ်းနည်းကြေကွဲရမှာ မဟုတ်ပါဘူး။ ယသော်··· မောင်တော်တို့ ခွဲခွာကြမယ့်နေ့ဟာ ဒီနေ့ မဟုတ်သေးပါဘူး၊ မနက်ဖြန်လည်း မဖြစ်နိုင်သေးပါဘူး၊ ဖခမည်းတော်ရဲ့ ထီးနန်း အမွေကို ဆက်ခံနိုင်ဖို့ သားယောက်ျားလေး မွေးဖွားပေးတယ် ဆိုရင်တော့ မောင်တော် သေချာပေါက် ထွက်ခွာရလိမ့်မယ်၊ သမီးတော်လေး မွေးလာတယ် ဆိုရင်တော့ အချိန်ယူ ရဦးမှာပေါ့''

''မောင်တော့်ရဲ့ လက်ရုံးရည်ကို ပြသခဲ့တုန်းက၊ လေးတော်တင်ပွဲ နေ့တုန်းက ပေါ့ မောင်တော်ရယ်၊ အဲဒီတုန်းက နှမတော်ရဲ့လည်မှာ မောင်တော်က အမြတ်တနိုး ပန်းကုံးစွပ်ပေးခဲ့တယ်လေ။ အဲဒါဟာ နှမတော်ကို မောင်တော်ရဲ့ ရာသက်ပန် အဖော် အဖြစ် ရွေးချယ်လိုက်တာ မဟုတ်ဘူးလား၊ မောင်တော် ပန်းကုံးမစွပ်ခင် မောင်တော့်ဆီ ပထမဆုံး ရောက်ခဲ့ရတုန်းကတည်းက မောင်တော့်ကို သိခဲ့တာပါ၊ သံသရာမှာလည်း အတူ ကျင်လည်ခဲ့ကြတာလေ။ မရေမတွက်နိုင်လောက်တဲ့ အတိတ်ဘဝတွေမှာ မောင်တော်နဲ့ နှမတော်တို့ အတူတူ နေခဲ့ကြတာ မဟုတ်လား၊ မောင်တော် ပြောသမျှ စကားလုံးတိုင်းဟာ နှမတော်အတွက် နှစ်သက်စရာတွေပါ၊ မောင်တော်ရဲ့ အတွေးအထိတွေကလည်း နှစ်သက် စရာပါ၊ ဆံဖျားအစ ခြေဖျားအဆုံး မောင်တော်ရဲ့ တစ်ကိုယ်လုံးဟာ နှမတော်အတွက် နှစ်သက်မြတ်နိုးစရာပါ မောင်တော်ဘုရား၊ ဘယ်လို အကြောင်းပြချက်နဲ့ မောင်တော့်ကို မတွယ်တာ မမြတ်နိုးဘဲ နေနိုင်မှာလဲ၊ ပြောစမ်းပါ မောင်တော်ရယ်··· နှမတော်မှာ ဘယ်လို မကောင်းတာတွေ၊ ဘယ်လို အားနည်းချက်တွေ ရှိနေပါသလဲ၊ မောင်တော့်အပေါ် ရိုရိုကျိုးကျိုးနဲ့ သစ္စာရှိတဲ့ မောင်တော်ရဲ့ ထာဝရဇနီးတစ်ယောက် ဖြစ်ဖို့ဆိုရင် ဆိုးကွက်တွေ၊ အားနည်းချက်တွေ အားလုံးကို နှမတော်ကိုယ်တိုင် ဖယ်ရှားပစ်ပါ့မယ်''

ဟု ယသောဓရာက တောင်းပန်လေ၏။

တစ်ရံတစ်ခါမျှ မခံစားခဲ့ရဖူးသော ယသောဓရာအပေါ် ထားရှိသည့် အကန့်သတ် မဲ့ ချစ်ခြင်းမေတ္တာကို သိဒ္ဓတ္ထမင်းသား ခံစားလိုက်ရ၏။ မင်းသားသည် နှုတ်ဆိတ်နေ၏။ စီးကြောင်းသန်သည့် ရေတံခွန်သဖွယ် တွဲကျလျက် ရှိနေသော မင်းသမီး၏ ဆံနွယ်မျှင် များကို လက်ချောင်းများဖြင့် ပွတ်သပ်ထိုးမွေလျက် ရှိနေ၏။

တိုးတိုးလျလျ အကြင်နာလွှမ်းသော လေသံဖြင့် နှမတော်ဟု ခေါ်လိုက်ပြီး ဆက်လက် စကားဆို၏။

mgyoe.com

mgyoe.com SAMPLE BOOK

"ခုချိန်ထိ နမတော်ရဲ့ အပြစ်အနာဆာကို မတွေ့မိသေးပါဘူး၊ ဇနီးကောင်း ရထားတဲ့၊ ကံကောင်းတဲ့ တခြားယောကျ်ားတွေလိုပဲ မောင်တော်လည်း ကျေနပ်ပျော်ရွှင်ပါတယ်၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ နမတော်ကို ခွဲခွာသွားတယ် ဆိုရင်တောင်မှ နမတော်အပေါ် ထားရှိတဲ့ မောင်တော်ရဲ့ ချစ်ခြင်းမေတ္တာတွေ ပြောင်းလဲသွေဖည်သွားမှာ မဟုတ်ပါဘူး၊ မောင်တော်ရဲ့ ဆန္ဒက နမတော်အပေါ် ထားရှိတဲ့ ချစ်ခြင်းမေတ္တာတွေကို သတ္တဝါအားလုံးဆီ ရောက်အောင် ဖြန့်ဝေလိုက်ချင်တာပါ၊ ခွင့်ပြုပါ နမတော်ရယ်... ယူဇနာနှစ်ဆယ်၊ သုံးဆယ် ကျယ်ဝန်းတဲ့ သကျနေပြည်တော်ရဲ့ မင်းစည်းစိမ်ကို ဆုပ်ကိုင်ထားပြီး နောက်ဆုံးတစ်နေ့ အိုမင်းမစွမ်းနဲ့ ရောဂါရပြီး သေဆုံးလိုက်ဖို့ မောင်တော် မွေးဖွားလာခဲ့တာ မဟုတ်ဘူး၊ အရိုးဆွေးလို့ မြေကြီးရဲ့သြဇာ ဖြစ်လိုက်ရတာဟာ မြင့်မြတ်တဲ့ အလုပ်တစ်ခု မဟုတ်ဘူးလေ၊ လူသားတွေကို အလုပ်အကျွေးပြုခြင်းဟာ အမြင့်မြတ်ဆုံး ကောင်းမှုတစ်ခု ဖြစ်တယ်လို့ မောင်တော် ယုံကြည်တယ် နမတော်ရယ်"

"မောင်တော် ခွင့်ပြုမယ်ဆိုရင် လျှောက်ထားချင်ပါတယ် ဘုရား"

ဟု ယသောဓရာ ဆို၏။ မျက်ရည်များကို သုတ်လိုက်ကာ ခေါင်းကို မတ်မတ်ထောင်လိုက်ပြီး ဆက်လက်၍ ဆိုပြန်၏။

"နမတော် နားလည်သလို လျှောက်ထားပါရစေ ဘုရား၊ ပြောမှား ဆိုမှားရှိရင် ခွင့်လွှတ်ပါဘုရား၊ မောင်တော်က တောထွက်ချင်နေတယ်၊ ခန္ဓာကိုယ်ကို ညှဉ်းဆဲရတဲ့ ဆင်းဆင်းရဲရဲ ရသေ့ ရဟန်းဘဝနဲ့ ဒုက္ခအားလုံးက လွတ်မြောက်မယ့်လမ်းကို ရှာဖွေတွေ့ရှိနိုင်လိမ့်မယ်လို့ မျှော်လင့်နေတယ်၊ ကမ္ဘာအနှံ့က မြို့တွေ၊ ရွာတွေ မင်းနေပြည်တော်တွေမှာ လှည့်လည်တရားဟောပြီး လူသားတွေကို အလုပ်အကျွေး ပြုနိုင်လိမ့်မယ်လို့ မျှော်လင့်နေတယ်၊ ဒါပေမဲ့ မောင်တော်ရယ်၊ ခမည်းတော် မင်းကြီး ပြောသလိုပေါ့၊ ကပိလဝတ်ကို ဗဟိုပြုပြီး ဇမ္ဗူဒိပ်တစ်ခုလုံး သိမ်းကျုံးပါဝင်တဲ့၊ ငြိမ်းချမ်းတဲ့ နေပြည်တော်တစ်ခု တည်ထောင်လိုက်မယ်၊ အကြင်နာတရား ပြည့်ဝတဲ့ အုပ်ချုပ်မှု တစ်ခုအောက်မှာ ရှိတဲ့ ဇမ္ဗူဒိပ် ပြည်သူတွေဆီ ငြိမ်းချမ်းရေး ဆောင်ကြဉ်းပေးလိုက်မယ်၊ ပြည်သူတွေကို ချမ်းသာကြွယ်ဝအောင် လုပ်ပေးလိုက်မယ် ဆိုရင် ပိုပြီး ကြီးကျယ်မြင့်မြတ်တဲ့နည်းနဲ့ အလုပ်အကျွေးပြုရာ ရောက်တယ်လို့ မောင်တော် မထင်မိဘူးလား၊ ပြည်သူတွေကို တစည်းတလုံးတည်းဖြစ်အောင် စည်းရုံးနိုင်တဲ့ အဲဒီလို အစိုးရဟာ ပြည်သူတွေ မဆင်းရဲအောင်၊ စိုးရိမ်ပူပန်ကြောက်လန့်မနေရအောင် ကာကွယ်စောင့်ရှောက်ပေးနိုင်ပါတယ် ဘုရား"

သိဒ္ဓတ္ထမင်းသားသည် ရယ်လိုက်ပြီး အရယ်တစ်ဝက်နှင့် ဆက်ပြော၏။

"ယသောဓရာရယ်၊ မောင်တော်လည်း အရင်က မင်းလို တွေးခဲ့ဖူးတာပေါ့၊ မင်း ပြောတဲ့ အာဏာအဝန်းအဝိုင်းတစ်ခု တည်ဆောက်ဖို့ လူသတ်ရလိမ့်မယ်၊ ပြီးတော့ သကျနေပြည်တော်မှာ စည်းစိမ်ဥစ္စာ အရင်းအနှီးနဲ့ လူသားစွမ်းအင် အရင်းအမြစ်ကလည်း လုံလုံလောက်လောက် ရှိတာ မဟုတ်ဘူး၊ ဘယ်လို နေပြည်တော်မျိုးဟာ ကြောက်ရွံ့

mgyoe.com

mgyoe.com SAMPLE BOOK


ထိတ်လန့်ခြင်း ကင်းမဲ့ပြီး ချမ်းသာကြွယ်ဝခြင်းနဲ့ ပြည့်စုံလိမ့်မယ်လို့ နှမတော် ထင်သလဲ၊ မင်းညီမင်းသားတွေ၊ မိဖုရား မောင်းမမိဿံတွေ၊ ပုဏ္ဏားတွေ၊ သူဌေးသူကြွယ်တွေ၊ သူတို့ တစ်တွေကို နှစ်သိမ့်ကျေနပ်စေနိုင်မယ့်၊ သူတို့ဘဝတွေ ပိုပြီးကြွယ်ဝနိုင်မယ့်၊ ပိုပြီး ဖိမ်ကျ နိုင်မယ့် နေပြည်တော်မျိုးကို နှမတော် ဆိုလိုတာ မဟုတ်ဘူး ထင်ပါတယ်၊ ဒီလိုမှ မဟုတ် ရင်တော့ သာမန်လူတန်းစားတွေကို အလုပ်အကျွေးပြုမယ့် အစိုးရတစ်ရပ်က အုပ်ချုပ်တဲ့ နေပြည်တော် ဖြစ်ရမယ်၊ လူထုရဲ့ အကျပ်အတည်း အခက်အခဲတွေကို သိနိုင်တဲ့၊ သန်းပေါင်း များစွာသော လူထုထဲက ပေါ်ထွက်လာတဲ့ အုပ်ချုပ်သူတွေဟာ အဲဒီနေပြည်တော်ကို စီမံကွပ်ကဲတာ ဖြစ်ရမယ်၊ အဲဒီလို နေပြည်တော်မှာ အမျိုးဇာတ် ခွဲခြားတာတွေ၊ အဆင့် အလွှာ ခွဲခြားတာတွေ၊ အာဏာပါဝါနဲ့ ခွဲခြားကန့်သတ်တာတွေ ရှိမှာမဟုတ်ဘူး၊ မောင်တော့် အနေနဲ့ကတော့ နန်းတော်ကို စွန့်ခွာပြီး သာမန်လူတစ်ယောက် ဖြစ်လိုက်ဖို့ ဝန်မလေးဘူး၊ ဒါပေမဲ့ မောင်တော်တို့ရဲ့ သာကီဝင်တွေဟာ မာန ခက်ထန်ကြတယ်၊ သူတို့ရဲ့ သာမန်လူ တစ်ယောက်အပေါ် ပြုမူဆက်ဆံပုံဟာ ခွဲခြားမှုတွေနဲ့ပါ၊ သာမန်လူတစ်ယောက်အပေါ် ကျွန်တွေ ဆက်ဆံပုံနဲ့ မတူနိုင်ဘူး၊ သာကီဝင်တွေဟာ ဇမ္ဗူဒိပ်တစ်ခုလုံး စည်းရုံးသိမ်းသွင်း ဖို့ ချိတက်တိုက်ခိုက်ကြတယ် ဆိုရင်တောင်မှ သူတို့ရဲ့ ရာထူးအာဏာ ပိုပြီး တည်မြဲအောင် တိုက်ခိုက်တာပဲ ဖြစ်လိမ့်မယ်၊ အမျိုးဇာတ် ခွဲခြားတာတွေ၊ အဆင့်အလွှာ ခွဲခြားတာတွေ၊ အာဏာပါဝါနဲ့ ခွဲခြားကန့်သတ်တာတွေကို အဆုံးသတ်ဖို့တော့ မဖြစ်နိုင်ဘူး၊ လူဆိုတာ ဘာဖြစ်ဖြစ် စွမ်းဆောင်နိုင်တယ် ဆိုတဲ့ အမြင်နဲ့ ကြည့်တယ် ဆိုပါစို့၊ ဇမ္ဗူဒိပ် အင်ပါယာကြီး တစ်ခု စံပြ တည်ဆောက်နိုင်တယ် ဆိုပါစို့၊ အဲဒီလို စံပြအင်ပါယာကြီး တည်ဆောက်နိုင် တာနဲ့ တို့ရဲ့ လိုအင်ဆန္ဒတွေ ပြည့်ဝပါ့မလား၊ စဉ်းစားကြည့်စမ်းပါဦး၊ သစ်ပင် မြက်ပင် တွေကို ရိတ်လိုက် ဖြတ်လိုက်သလို နေမှာပေါ့၊ လောဘတွေ ရာဂတွေ၊ ဒေါသတွေ၊ အာဃာတတွေ၊ ဒီကိလေသာတွေ အညွှန့်တလူလူ တက်နေမှာပဲ၊ လိုအင်ဆန္ဒ ပြည့်ဝနိုင်မှာ မဟုတ်ဘူး၊ ဘယ်လိုမှ ထိန်းချုပ်လို့ ရနိုင်မှာ မဟုတ်ဘူး၊ ယသောဓရာ... တိုင်းပြည် အုပ်ချုပ် မင်းလုပ်ပြီးတော့ ဒီပြဿနာကို ဖြေရှင်းပေးနိုင်မှာ မဟုတ်ဘူး၊ ကိုယ်ကျင့်တရား ကောင်းမွန်အောင် သွန်သင်ပေးမယ့် စနစ်တစ်ခုဖြစ်တဲ့ သဒ္ဓမ္မနည်းနဲ့ပဲ ပြဿနာကို ဖြေရှင်း ပေးနိုင်လိမ့်မယ်၊ ငြိမ်းချမ်းခြင်းနဲ့ ကျေနပ်ရောင့်ရဲခြင်းကို ဒုက္ခသားတွေဆီ ဆောင်ကြဉ်း ပေးနိုင်လိမ့်မယ်''

mgyoe.com

mgyoe.com SAMPLE BOOK

# ပါရမီဖြည့်ဖက်

ယသောဓရာက ပြန်လည် ဖြေကြား၏။

''မောင်တော်ဘုရား၊ မောင်တော် ပြောတဲ့ ကိုယ်ကျင့်ကောင်းအောင် လေ့ကျင့်ပေးမယ့် စနစ်ဟာ စိတ်ဓာတ်တွေ ကောင်းမွန်လာအောင်ပဲ လုပ်ပေးနိုင်မှာပါ၊ လူ့အဖွဲ့အစည်း ရပ်တည်နိုင်ဖို့ တကယ့်လိုအပ်ချက်ဖြစ်တဲ့ စီးပွားရေး တည်ငြိမ်မှုကို ထောက်ပံ့ပေးနိုင်မှာမို့လား၊ မြှင့်တင်ပေးနိုင်မှာမို့လား၊ ငြင်းစရာ စကားတစ်ခုအနေနဲ့ ဆိုကြပါစို့၊ ကျားကျား မမ ကမ္ဘာသူ ကမ္ဘာသားအားလုံး ကိုယ်ကျင့်တရားနဲ့ ပြည့်စုံအောင်၊ လောကီလိုအင်ဆန္ဒတွေ၊ ကိလေသာ အညစ်အကြေးတွေက လွတ်ကင်းအောင် သူတော်စင်တစ်ယောက်က လုပ်ပေးနိုင်တယ် ဆိုပါစို့၊ အဲဒီလိုဆိုရင် မျိုးဆက်တစ်ခုတည်းနဲ့ လူသားမျိုးဆက် ပြတ်သွားမှာပေါ့၊ အဲဒါဟာ အလုပ်အကျေးပြုခြင်း မဟုတ်ပါဘူး၊ မတွေးရဲစရာ ပြစ်မှုကြီးသာ ဖြစ်ပါတယ် မောင်တော်ဘုရား''

သိဒ္ဓတ္ထသည် မင်းသမီးကို တအံ့တဩ ကြည့်နေ၏။ မင်းသမီး၏ လွတ်လပ်သော အတွေးအခေါ်ကို သဘောကျနေသည်မှာ သေချာ၏။ ကျေနပ်အားရမှုကို ဖုံးကွယ်မထားဘဲ မင်းသမီးကို ပြော၏။

''နှမတော်ရဲ့ နက်နဲတဲ့ အသိအလိမ္မာ ဗဟုသုတကို မောင်တော် သဘောကျပါတယ်၊ မောင်တော်ရဲ့ ကြင်ရာတော်ဟာ တုနှိုင်းမမီလောက်တဲ့ အလှနဲ့ မြင့်မြတ်တဲ့ သူတော်ကောင်းလက္ခဏာ ရှိရုံတင်မကဘဲ ပညာရှိတဲ့ မိန်းမတစ်ယောက် ဖြစ်တဲ့အတွက် ဝမ်းသာပါတယ်၊ မောင်တော်က သဒ္ဓမ္မတရားထူးကို ထိုးထွင်းသိမြင်ဖို့ ရည်ရွယ် မျှော်လင့်

mgyoe.com

mgyoe.com
SAMPLE BOOK


တာပါ၊ ပြောစမ်းပါဦး၊ နှမတော် ပြောခဲ့တဲ့ အယူအဆတွေဟာ နှမတော်ရဲ့ ကိုယ်ပိုင် အယူအဆတွေလား၊ တစ်ယောက်ယောက်က နှမတော် လက်ခံအောင် ရိုက်သွင်းခဲ့တာ တွေလား''

''ပြောခဲ့တာတွေဟာ နှမတော်ရဲ့ ကိုယ်ပိုင် အယူအဆတွေလို့ ခံစားရပါတယ် မောင်တော်၊ ဘဝနဲ့ ပတ်သက်တဲ့၊ လောကရေးရာနဲ့ ပတ်သက်တဲ့ အဲဒီ အယူအဆတွေကို ထုတ်ဖော်တတ်အောင် ခမည်းတော်ရဲ့ အကြံပေး ပုဏ္ဏားတော်ကြီး သမ္ဗူလက တွန်းအားပေး ခဲ့တာ ထင်ပါတယ်၊ သူ့ရဲ့ ကျွမ်းကျင်လိမ္မာတဲ့ ဖွင့်ဆိုရှင်းပြချက်တွေကို နှမတော် နားထောင်ခဲ့ရပါတယ်၊ နှမတော်ကို စာပေ သင်ကြားပေးတာလည်း သူပါပဲ၊ သူက တခြား ပုဏ္ဏားတော် ဆရာကြီးတွေနဲ့ မတူဘူး၊ သူက နှမတော်ကို အတင်းအကျပ် ဝေဒဏ္ဍတွေ အလွတ် အကျက်မခိုင်းဘူး၊ လွတ်လွတ်လပ်လပ် တွေးခေါ်ယူဆတာကို အားပေးတယ်၊ ဘာသာရေး ဆရာကြီးတွေ အားလုံးရဲ့ အယူအဆတွေကို ပြောပြပေးတယ်၊ အဲဒီတော့ ခိုင်မာတောင့်တင်းတဲ့ စီးပွားရေးစနစ်နဲ့ ကောင်းမြတ်တဲ့ ကိုယ်ကျင့်တရား အပေါ်မှာ တည်ဆောက်ထားတဲ့၊ အချုပ်အခြာ အာဏာပိုင်ဆိုင်ထားတဲ့ အစိုးရတစ်ရပ်ကသာ အကြီးမြတ်ဆုံးနည်းနဲ့ အလုပ်အကျွေးပြုနိုင်တယ်လို့ နှမတော် ကောက်ချက်ချနိုင် တာပေါ့''

''ယသောဓရာ၊ မင့်ရဲ့ အယူအဆကို ဆန့်ကျင်ကန့်ကွက်စရာ မရှိပါဘူး၊ လူကို အထောက်အကူ ပြုနိုင်တဲ့ စီးပွားရေးစနစ်နဲ့ ကိုယ်ကျင့်တရား လေ့ကျင့်မှုဆိုတာ ဘယ်လိုဟာမျိုး ဖြစ်မလဲ၊ နှမတော် ထင်မြင်ယူဆထားတဲ့ စီးပွားရေးစနစ်ကို အရင် ပြောပြပါဦး။ သမ္ဗူလဆီက ရခဲ့တာပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် တခြားဆရာ တစ်ယောက် ယောက်ဆီက ရခဲ့တာပဲဖြစ်ဖြစ် ဘယ်က ရခဲ့တယ်ဆိုတာ မောင်တော့်အတွက် အရေးမကြီး ပါဘူး''

''မောင်တော်၊ စိုးရိမ်ကြောက်ရွံ့ခြင်း ကင်းတဲ့ ကမ္ဘာ၊ ချမ်းသာကြွယ်ဝတဲ့ ကမ္ဘာနဲ့ ပတ်သက်လို့ စောစောက မောင်တော် ပြောတဲ့ အယူအဆတွေဟာ သမ္ဗူလရဲ့ အယူအဆတွေနဲ့ တော်တော့်ကို တူပါတယ်၊ ပြည်တွင်းက စည်းစိမ်မှန်သမျှကို အစိုးရက သိမ်းပိုက်ထားရမယ်၊ စက်ရုံတွေ၊ ကုန်သွယ်မှုတွေ၊ တိရစ္ဆာန် မွေးမြူရေးတွေကိုလည်း အစိုးရကပဲ စီမံကွပ်ကဲရမယ်လို့ သမ္ဗူလက ပြောပါတယ်၊ အဲဒီလို လုပ်လိုက်ရင် သန်းကြွယ် သူဌေးကြီးတွေ ရှိမှာ မဟုတ်တော့ဘူး၊ ဆင်းရဲမွဲတေတဲ့ သူတောင်းစားတွေလည်း ရှိမှာ မဟုတ်တော့ဘူးလို့ သူ ယူဆပါတယ် ဘုရား''

''ကောင်းလိုက်တဲ့ အကြံပါလား၊ အဲဒီလို အစိုးရတစ်ရပ် ထူထောင်လိုက်ရင် ငွေနောက်လိုက်နေတဲ့ သြဇာရှိတဲ့ သူကြွယ်ကြီးတွေ ပျောက်ကွယ်သွားမယ်ဆိုတာ သံသယ မရှိပါဘူး၊ ဒါပေမဲ့ သူတို့နေရာကို ဘုရင်မင်းမြတ်နဲ့ မိဖုရားတွေ၊ မင်းညီမင်းသား တွေ၊ နောက်လိုက်နောက်ပါ အရာရှိတွေက ဝင်ယူမသွားပေဘူးလား၊ စည်းစိမ်ဥစ္စာ ကြွယ်ဝမှု မတူညီတာကို ညီအောင် ညှိလို့ ဖြစ်နိုင်တယ် ဆိုရင်တောင်မှ အာဏာပါဝါကိုတော့

mgyoe.com

mgyoe.com SAMPLE BOOK

ညီအောင် ညှိလို့ ရမယ်မထင်ဘူး နှမတော်၊ အကျိုးဆက်အနေနဲ့ ဖြစ်လာနိုင်တာက ရာသက်ပန် ဆင်းရဲလာခဲ့တဲ့ အောက်ခြေလူတန်းစား အများစုဟာ ဖိနှိပ်မှုတစ်မျိုးက လွတ်မြောက်ပြီး ဖိနှိပ်မှု နောက်တစ်မျိုးအောက် ရောက်သွားမှာပဲ''

''တရားမျှတတဲ့ အုပ်ချုပ်သူရဲ့ လက်ထက်မှာ အဲဒါမျိုး ဖြစ်မလာနိုင်ပါဘူး မောင်တော်ဘုရား''

''ယသောဓရာရယ်… မောင်တော်တို့ရဲ့ စိတ်ကူးထဲက စီးပွားရေးစနစ်ကို ကျင့်သုံးတဲ့ တရားမျှတတဲ့ အုပ်ချုပ်သူ ပေါ်ပေါက်ခဲ့ဖူးတယ်လို့ ကြားဖူးလို့လား''

''မကြားဖူးပါဘူး မောင်တော်၊ လက်ရှိ လူမှုရေးစနစ်ကို စစ်ရေးအရ အပြင်းအထန် အမြစ်ပြတ်အောင် သုတ်သင်ပြီးမှပဲ ဇာတ်ခွဲခြားမှု၊ အာဏာဝါပါ ခွဲခြားမှုတွေ ကင်းတဲ့ နိုင်ငံမျိုးကို ထူထောင်နိုင်လိမ့်မယ်လို့ သမ္ဘုလက ပြောပါတယ် ဘုရား''

''ယသောဓရာ… စောစောက မောင်တော် ပြောခဲ့တဲ့ ကိုယ်ကျင့်တရား လေ့ကျင့်ပေးတဲ့ စနစ်က အများကြီး ပိုပြီး အရေးကြီးတယ် ဆိုတာကို ခု မင်း နားလည်လောက်ပြီ ထင်ပါတယ်၊ မှန်ကန်ဖြောင့်မတ်မှုကို ကျင့်သုံးနိုင်မှပဲ မင်းကောင်းမင်းမြတ်ရယ်လို့ ဖြစ်ပေါ်လာနိုင်လိမ့်မယ်၊ လူရဲ့ လွတ်မြောက်မှုနဲ့ ပျော်ရွှင်မှုဟာ စည်းစိမ်ဥစ္စာပေါ်မှာ မှီတည်တာမဟုတ်ဘူး၊ လူ့စိတ်ထဲမှာ ဖြစ်ပေါ်တဲ့ မှန်ကန်ဖြောင့်မတ်မှုအပေါ်မှာ မှီတည်တာ၊ ခုချိန်ထိ ဇမ္ဗူဒိပ်တစ်ဝန်းလုံးမှာ မင်းကောင်းမင်းမြတ် မပေါ်ထွန်းသေးဘူး ဆိုရင် အဲဒါဟာ သဒ္ဓမ္မ မပေါ်ထွန်းသေးလို့ပါ၊ အဲဒါကြောင့်ပဲ တိုင်းနိုင်ငံ အများစုက စည်းစိမ်ဥစ္စာနဲ့ အာဏာပါဝါတွေ ပိုင်ဆိုင်ထားကြပေမယ့် လူ့အဖွဲ့အစည်းကြီးတစ်ခုလုံး ဒုက္ခ ပင်လယ်ဝေနေရတာပေါ့။ အများ ကောင်းစားဖို့ အများပျော်ရွှင်ဖို့ အဲဒီ သဒ္ဓမ္မကို ငါ ရှာဖွေမယ်၊ အချိန်ကြာမယ်ဆိုတာ ငါ သိပါတယ်၊ ခက်ခဲမယ် ဆိုတာ ငါ သိပါတယ်၊ အားသွန်ခွန်စိုက် လုပ်ရမယ့်ကိစ္စ ဖြစ်တယ်ဆိုတာ ငါ သိပါတယ်၊ ယသော်… လူသားတွေကို အကြီးမြတ်ဆုံးလက်ဆောင် ပေးအပ်နိုင်အောင် မင့်ရဲ့ ပူးပေါင်းပံ့ပိုးမှုကို မောင်တော် လိုချင်ပါတယ်''

ယသောဓရာသည် မတ်တတ်ရပ်လိုက်ပြီး သိဒ္ဓတ္ထမင်းသားကို တမင်သက်သက် အချိန်ယူ၍ ငေးကြည့်နေလိုက်၏။ ပြီးမှ စကားဆို၏။

''မောင်တော်… မောင်တော့်အတွက် ဂုဏ်ယူပါတယ်၊ မောင်တော့်စိတ်ထဲမှာ ဘာရှိတယ် ဆိုတာကို နှမတော် နားလည်ပါတယ်၊ အဲဒီစိတ်ကူးက မချိမအင်ပါယာကြီး တည်ထောင်မယ် ဆိုတာထက် အများကြီး ပိုပြီးမြင့်မြတ်တယ် ဆိုတာကိုလည်း ကောင်းကောင်း နားလည်ပါတယ်၊ မောင်တော် ရည်ရွယ်တဲ့အတိုင်း ဉာဏ်အလင်း ရရှိဖို့ တောထဲ သွားစရာ မလိုဘူး ထင်ပါတယ်၊ နှမတော်နဲ့ နီးနီးနားနား ဒီနန်းမဆောင်ထဲမှာ နေရင်းနဲ့ကော အဲဒီ ဉာဏ်အလင်းကို မရရှိနိုင်ဘူးလား၊ မောင်တော်က နူးညံ့ပါဘိသနဲ့၊ မဖြစ်နိုင်ပါဘူး မောင်တော်ရယ်… မောင်တော်က မွန်မြတ်တဲ့ တရားထူးကို ရှာဖွေတာ ဖြစ်ပေမယ့် မောင်တော် ဒုက္ခရောက်တာကို နှမတော် မကြားရက်၊ မမြင်ရက်နိုင်ပါဘူး၊ နန်းဆောင်

mgyoe.com

mgyoe.com
SAMPLE BOOK


တွေကြား မြေကွက်ကောင်းကောင်း တစ်နေရာမှာ သီးသန့်ဆောင်လေးတစ်ခု ဆောက်ပြီး စိတ်ကြိုက်နေပေါ့ မောင်တော်ရယ်…။ ကမ္ဘာဌာန်းတရားတွေ ပွားများပေါ့။ မောင်တော် ပြောပြခဲ့တဲ့ မှန်ကန်ဖြောင့်မတ်တဲ့ အကျင့်လမ်းစဉ် သဒ္ဓမ္မအပေါ်မှာပဲ အာရုံစိုက်နေပေါ့။ နှမတော်က မောင်တော့်ကို ကျွန်တစ်ယောက်လို ပြုစုလုပ်ကျွေးပါ့မယ်။ မောင်တော်… နှမတော်ကို ခွဲမသွားပါနဲ့နော်၊ မောင်တော် ထွက်သွားရင် ခံစားရမယ့် ဝမ်းနည်းကြေကွဲမှုကို နှမတော် ခံစားနိုင်မှာ မဟုတ်ဘူး''

''ယသောဓရာရယ်… မင်းက ဉာဏ်ပညာ ကြီးရင့်သူပါ၊ မောင်တော့်ကို ချစ်လို့ ဒါတွေ ပြောနေတယ်ဆိုတာ မောင်တော် သိပါတယ်၊ စိတ်တည်ငြိမ်မှု သမာဓိဟာ အိမ်ထောင်သည်ဘဝနဲ့ မစပ်ဟပ်ပါဘူး၊ မောင်တော့်စိတ်ဟာ ကောင်းကင်မှာ လွတ်လွတ်လွင့်မျောနေတဲ့ ဝါဂွမ်းမျှင်လေးလို ပြင်ပအာရုံ အနှောင့်အယှက်တွေကနေ ကင်းလွတ်နေရမယ်''

''ဒါဆိုရင်လည်း မောင်တော်ရယ်၊ ကပိလဝတ်မြို့ထဲက မောင်တော် ကြိုက်တဲ့နေရာမှာပဲ နေပါနော်''

''မဟုတ်သေးဘူး ယသောဓရာ''

''ဒါဖြင့်ရင်လည်း သကျနေပြည်တော် ပိုင်နက်ထဲက သင့်တော်တဲ့ တစ်နေရာရာမှာ နေပါလား မောင်တော်ရယ်''

''ဒါတော့ လောလောဆယ် မပြောနိုင်သေးဘူး၊ မောင်တော့်မှာ ရှိနေတဲ့ အတ္တကို ပယ်သတ်နိုင်ဖို့ အမျိုးအနွယ်တွေ အမျိုးဇာတ်တွေ မင်းဆက်တွေကို ထည့်မတွက်ဘဲ ကျေနပ်ရောင့်ရဲနိုင်တဲ့ ဘဝမျိုးနဲ့ အမှန်တကယ်ကို အသားကျနေမှ ဖြစ်မယ်၊ ဒီတော့ ဒီစကြဝဠာကြီးထဲက မောင်တော် ခြေချတဲ့ နေရာတိုင်းဟာ မောင်တော့်အိမ် ဖြစ်လိမ့်မယ်''

ယသောဓရာသည် မြေပြင်ပေါ် ဒူးထောက် ထိုင်ချလိုက်ပြီး သိဒ္ဓတ္ထ၏ ခြေအစုံကို ပွေ့ပိုက်ကာ ခြေဖမိုးတို့ကို နမ်းရှိုက်လေ၏။ ထို့နောက် သိမ်မွေ့စွာ စကားဆိုလေ၏။

''မောင်တော်၊ မရေမတွက်နိုင်တဲ့ ဘဝသံသရာတွေမှာ မောင်တော့်ကို ချစ်မြတ်နိုးခဲ့ရပါတယ် ဘုရား၊ မောင်တော့်အပေါ်မှာ ကျိုးနွံစွာ သစ္စာစောင့်သိတဲ့ မောင်တော့်မယား မိယသော်… မောင်တော့်အတွက် ဆုတောင်းပေးပါတယ် ဘုရား။

မခံစားနိုင်ပါဘူး မောင်တော်၊ လူ့ခံစားချက်ရှိတဲ့ မိန်းမတစ်ယောက်အနေနဲ့ ငိုမိပါတယ် ဘုရား၊ ဒါပေမဲ့လေ… တစ်ပါးသူတွေ လွတ်မြောက်နိုင်ဖို့အတွက် ဘဝနဲ့ ရင်းပြီး ရည်ရွယ်ရဲတဲ့ လင်သားတစ်ယောက်ရဲ့ ဇနီးပျိုတစ်ယောက်အနေနဲ့ ပြုံးလိုက်ပါတယ်။

မောင်တော်… မြင့်မြတ်တဲ့ အတွေးအကြံတွေ ဖြစ်ပေါ်နိုင်ပါစေ၊ သမ္မာဒေဝနတ်ကောင်းနတ်မြတ်တွေရဲ့ ကူညီစောင့်ရှောက်မှုကို ခံယူနိုင်ပါစေ ဘုရား''


mgyoe.com

mgyoe.com SAMPLE BOOK

# ခွဲခွာချိန်

ထိုနေ့ကား ဝါဆိုလပြည့်နေ့ ဖြစ်၏။ နှင်းထုဖုံးသည့် ဟိမဝန္တာတောင်ထွတ်တို့ အပေါ်မှ လမင်း ထွက်ပေါ်လာနေ၏။ မြေပြင်မှာ လရောင်ဆမ်းလျက် ရှိနေသည်။ ထိုစဉ် မိုးဖွဲဖွဲက လရောင်ကို ထိုးခွဲလျက် ရွာချလိုက်သည်။ နှင်းမှုန်နှင်းခဲ အစအနများ သစ်ရွက်ဖျားတို့မှ မြေပေါ်သို့ လျှောကျလေရာ တိုးလျှသော အသံပင် ထွက်ပေါ်နေလေ၏။ ထို့နောက် မိုးသားတိမ်တောင်များ ကောင်းကင်ယံမှ လွင့်ပျောက်သွားကြပြန်လေသည်။ ကောင်းကင် ကြည်လင်လာပြန်၏။ ကပိလဝတ် နေပြည်တော် တစ်ခုလုံး လရောင်လွှမ်းလျက် ရှိနေစဉ် သိဒ္ဓတ္ထမင်းသား၏ နန်းဆောင်အတွင်း၌ ကလေးငယ်တစ်ယောက် မွေးဖွားလေ၏။ ကပိလဝတ်၏ ထီးရိုက်နန်းရာကို ဆက်ခံမည့် သားငယ်တစ်ယောက် မွေးဖွားကြောင်း အသိပေးကြေညာသည့် အနေဖြင့် နန်းတော်တွင်းရှိ ခေါင်းလောင်းကို နာရီဝက်ကြာအောင် အချက်ကျကျ တီးခတ်လေ၏။ နန်းတော် တံခါးများနှင့် သိဒ္ဓတ္ထမင်းသား၏ နန်းဆောင် ပြတင်းတံခါးများကို ဟင်းလင်းဖွင့်ထားလိုက်လေ၏။ ကပိလဝတ်မြို့တော်တစ်ခုလုံး မီးရှူးတိုင်များ ထိန်ထိန်ညီးအောင် ထွန်းညှိလိုက်လေ၏။ မီးရှူးရောင် ထိန်ထိန်ညီးသည့် လမ်းမများပေါ်၌ လည်းကောင်း၊ ဥယျာဉ်များ၌ လည်းကောင်း မြို့သူမြို့သားတို့ ပျော်ပွဲခင်းလျက် ရှိကြလေ၏။ ဂီတသံကို စည်းချက်လိုက်၍ ပျော်ရွှင်စွာ ကခုန်ကြ၏။ မြို့တွင်းမှာရော မြို့ပြင်မှာပါ အုတ်အုတ်ကျက်ကျက် ပျော်ပါးနေကြချိန်၌ ယသောဓရာ မင်းသမီးသည်ကား ဖွားခါစ မင်းသားငယ်ကို နံဘေးမှာ ထားလျက် နန်းဆောင်အတွင်း၌ အိပ်မောကျနေလေ၏။ နန်းဆောင် အပြင်ဘက်၌ကား ပုဏ္ဏားတော် ပညာရှိတို့သည်

mgyoe.com

သုဒ္ဓေါဒနမင်းကြီး၏ အမိန့်တော်အရ ဝေဒမန္တန်များကို အဆက်မပြတ် ရွတ်ဖတ်သရဇ္ဈာယ်လျက် ရှိနေကြလေ၏။ ဖွားစသူငယ်ကို ကောင်းချီးပေးခြင်း ဖြစ်ပေသည်။

သားတစ်ယောက် ဖွားမြောက်လိုက်ပြီ ဖြစ်ကြောင်း သိဒ္ဓတ္ထ သိလိုက်၏။ မီးရောင်ထိန်ထိန်လင်းသည့် လမ်းတို့၌ မြို့သူမြို့သားများ ပျော်မြူးနေကြသည်ကို သူ မြင်၏။ ပုဏ္ဏားတော်တို့၏ ဝေဒရွတ်ဖတ်သံကိုလည်း သူကြားနေရသည်။ နေပြည်တော်တစ်ဝန်းလုံး လရောင်ထဲ နစ်မြုပ်လျက် ရှိသည်ကိုလည်း သတိထားမိလိုက်၏။ တိမ်လုံးဖြူကြီးတစ်ခု လမင်းဆီသို့ တရွေ့ရွေ့ ချဉ်းကပ်လာပြီး လမင်းတစ်ခုလုံး ရုတ်တရက် ဖုံးအုပ်လိုက်သည်ကို သူ ကြည့်နေ၏။ တစ်စုံတစ်ရာက သူ့ကို ပုတ်နှိုး သတိပေးလိုက်သလို ခံစားလိုက်မိ၏။ ချက်ချင်းပင် ဝတ်လဲတော်ခန်းသို့ သွားရောက်ပြီး အဝတ်အစားများ လဲဝတ်၏။ မွေးကင်းစ သားငယ်နှင့် ဇနီးသည်တို့ကို တွေ့မြင်လိုစိတ် ပြင်းပြစွာ ဖြစ်ပေါ်နေ၏။ ခြေသံလုံအောင် ဂရုစိုက်လှမ်းရင်း ယသောဓရာ အိပ်စက်နေသည့် မီးနေဆောင် တံခါးဝသို့ ချဉ်းကပ်လိုက်သည်။ စူးရှသော အမွှေးနံ့ကို ရှူလိုက်ရ၏။ တံခါးဝမှ ခေါင်းပြူကြည့်လိုက်စဉ် သတိရှိရှိ စောင့်နေသော အထိန်းတော် ခုဇ္ဇုတ္တရာက ခေါင်းထောင်၍ ပြန်ကြည့်၏။

"ကျွန်မ··· မင်းသမီးရော ကလေးပါ အိပ်စက်နေပါစေ"

ဟု မင်းသားက လေသံဖြင့် ပြော၏။

"ကောင်းပါပြီ အရှင့်သား၊ မင်းသမီးရော ကလေးပါ နှစ်နှစ်ခြိုက်ခြိုက် အိပ်စက်နေကြပါတယ် ဘုရား"

"နှစ်ယောက်လုံး နေကောင်းကြတယ် မဟုတ်လား"

"မှန်လှပါ··· နှစ်ယောက်လုံး နေကောင်းကြပါတယ် ဘုရား"

"ဟဲ့- ကျွန်မ··· သေသေချာချာ ပြောစမ်း၊ ခု မွေးဖွားတာ သားလေး ဟုတ်ရဲ့လား"

"သဘောကျ နှစ်ခြိုက်တော်မူပါ အရှင့်သား၊ အရှင့်သားရဲ့ ကြင်ရာတော် မင်းသမီး သားတော်လေး မွေးဖွားခဲ့တာ သေချာပါတယ် ဘုရား"

"ငါ သိချင်တာ ဒါပဲ၊ မင်းသမီးကိုရော ကလေးကိုပါ ကောင်းကောင်းမွန်မွန် စောင့်ရှောက်ပါ၊ ငါ သွားမယ်"

သိဒ္ဓတ္ထမင်းသားသည် မထွက်ခွာမီ မတ်တတ်ရပ်လျက် မင်းသမီးနှင့် သားတော်လေးကို ငေးစိုက်ကြည့်နေရင်း စိတ်ကူးဖြင့် စကားဆိုနေ၏။

"ယသောဓရာ၊ မင့်ကို ငါ ပြောခဲ့တဲ့အတိုင်းပဲ၊ ငါ သွားတော့မယ်၊ ခမည်းတော် မင်းကြီးရဲ့ လိုအင်ဆန္ဒ ပြည့်ဝအောင် သားတော်လေးကို ကျွေးမွေးပြုစု စောင့်ရှောက်လိုက်ပါ၊ ငါ ထွက်ခွာဖို့အတွက် အခုထက် ကောင်းမြတ်တဲ့အချိန် မရှိနိုင်တော့ဘူး၊ ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအားလုံးတို့ရဲ့ ကောင်းကျိုးချမ်းသာအတွက် ဉာဏ်အလင်း ရှာဖွေဖို့ ငါ သွားတော့မယ်၊ ငါ ပြန်လာမှာပါ၊ ဒါပေမဲ့ ဘုရား မဖြစ်မချင်းတော့ ပြန်လာမှာ

mgyoe.com

mgyoe.com SAMPLE BOOK

မဟုတ်ဘူး၊ ချစ်ရတဲ့ ယသော်··· မောင်တော် သွားမယ်၊ သား··· ခမည်းတော် သွားမယ်''

သိဒ္ဓတ္ထသည် လှေကားမှ ဖြည်းညင်းစွာ ဆင်းလာခဲ့ပြီး နန်းဆောင်ရှေ့ ကွင်းပြင်ကို ခပ်သုတ်သုတ် ဖြတ်လိုက်သည်။ ထို့နောက် ဆန္နအမတ် ရှိရာသို့ သွားလေ၏။ ဆန္န၏ အဆောင်အဝင်တံခါးမှာ ပွင့်လျက်သား ရှိနေ၏။ ဆန္နသည် အဝတ်အစားသစ်များ လဲဝတ်ထား၏။ အပြင်ထွက်ဖို့ အဆင်သင့် ဖြစ်နေသည်။ ဆန္န၏ အခန်းတွင်းသို့ ဝင်လိုက်ရင်း သိဒ္ဓတ္ထက ဆို၏။

''ဆန္န မြန်မြန်လုပ်၊ ကဏ္ဍကကို သွားဆွဲချေ''

''အရှင့်သား၊ မြို့သူမြို့သားတွေ ကျင်းပနေတဲ့ ပျော်ပွဲသဘင်ကို ကျွန်တော်မျိုး သွားရောက်ကြည့်ရှုဖို့ ပြင်ဆင်နေတာပါ၊ မင်းသားလည်း ပွဲတော်ထွက်ကြည့်ဖို့ လာခဲ့တာထင်ပါတယ်၊ ခဏစောင့်ပါ အရှင့်သား၊ ကျွန်တော်မျိုး ခုပဲ စီးတော်မြင်း သွားဆွဲလိုက်ပါ့မယ် ဘုရား''

ဆန္နသည် အနည်းငယ် သွားလိုက်ပြီး နောက်ပြန်လှည့်၍ မင်းသားကို စကားဆို၏။

''အရှင့်သား··· ဒီနေ့ဟာ အရှင့်သားအတွက် ပျော်စရာကောင်းတဲ့ နေ့ပါ၊ အရှင့်သားကို ကျွန်တော်မျိုး ဂုဏ်ယူပါတယ် ဘုရား''

''ဟုတ်ပါပြီ၊ ငါ ပျော်သလို ဆန္နလည်း ပျော်နိုင်ပါစေ''

ဟု မင်းသားက တုံ့ပြန်စကားဆို၏။

ဆန္နသည်–

''ဒါပေမဲ့ အရှင့်သား ကြည့်ရတာ ပျော်သင့်သလောက် မပျော်သလိုပါလား''

ဟု မှတ်ချက်ချရင်း ထွက်ခွာသွား၏။

သိဒ္ဓတ္ထသည် လရောင်အောက်ရှိ မြင်းဇောင်းများဆီသို့ သွားနေသော ဆန္နကို လှမ်းမြင်နေရ၏။ သူ ထွက်ခွာမည်ကို မည်သူမျှ မသိနိုင်ဟု သိဒ္ဓတ္ထ နားလည်၏။ သို့သော် နန်းဆောင်ထဲ၌ လှုပ်ရှားမှု တစ်စုံတစ်ရာ ရှိ၊ မရှိ သိနိုင်ရန် အာရုံစိုက်၍ နားစွင့်ကြည့်လိုက်သည်။ ဘာသံမှ မကြားရပေ။ အပြင်မှ မြို့သူမြို့သားတို့၏ ဆူညံသံနှင့် နန်းတော်တွင်းမှ ပုဏ္ဏားတော်တို့၏ ရွတ်ဖတ်သရဇ္ဈာယ်သံကိုသာ ကြားရ၏။

မကြာမီပင် ဆန္နသည် ကဏ္ဍကကို ဆွဲလျက် ပြန်လာ၏။ သိဒ္ဓတ္ထမင်းသားသည် မြင်းဖြူကြီး ကဏ္ဍက၏ ဇက်ကြိုးကို လက်နှင့် အားပြုဆွဲကိုင်ရင်း တက်စီးလိုက်၏။ ကဏ္ဍကသည် အနည်းငယ် လှုပ်ယမ်းသွားပြီး အနီးရှိ ညမွှေးပန်းပင်ကို နံပါးစောင်းနှင့် ပွတ်တိုက်မိလေရာ သိဒ္ဓတ္ထ၏ ကိုယ်ပေါ်သို့ လည်းကောင်း၊ ကဏ္ဍက၏ ကျောပေါ်သို့ လည်းကောင်း ညမွှေးပန်းများ ကြွေကျလေ၏။ သိဒ္ဓတ္ထ၏ နောက်မှကပ်လျက် ဆန္နလည်း မြင်းပေါ် တက်စီးလိုက်သည်။

mgyoe.com

သိဒ္ဓတ္ထတို့ မြင်းစီးလာရာ နန်းတော် အပြင်တံခါးကို ဖြတ်လိုက်ပြီး လမ်းမပေါ် ရောက်လေ၏။ လမ်းမကြီးပေါ်၌ ဝတ်ကောင်းစားလှများ ဆင်ယင်လျက် မြူးမြူးကြွကြွ ရှိနေကြသော မြို့သူမြို့သားများသည် သိဒ္ဓတ္ထကို တွေ့လိုက်ရလျှင် သောင်းသောင်းဖြဖြ ဟစ်အော်၍ ကောင်းချီးပေးကြ၏။ ခေါင်းပေါင်းများကို ချွတ်ယူ ဝှေ့ယမ်း၍ နှုတ်ဆက်ကြ၏။ မင်းသား ရောက်ရှိလာခြင်းသည် မြို့သူမြို့သားများအတွက် အားတက်စရာ ဖြစ်နေ၏။ ပျော်ရွှင်မြူးထူးနေသော လူအုပ်ကြီးသည် လမ်းတစ်လျှောက်လုံး အင်တိုက်အားတိုက် ကောင်းချီးသြဘာပေးကြလေ၏။ မင်းသားလည်း ဦးရစ်ပေါင်းကို မြှောက်၍ မြှောက်၍ ကောင်းချီးပေးသူများကို မကြာမကြာ ပြန်လည်နှုတ်ဆက်ရင်း မြင်းကို မောင်းနှင်လျက် ရှိ၏။ နောက်ဆုံး၌ မြို့ဝင်တံခါးသို့ ရောက်လေ၏။

မင်းသားသည် မြို့ဝင်တံခါးကို ကျော်လွန်သည့်တိုင် မြင်းကို ဆက်လက် မောင်းနှင်လျက် ရှိနေရာ ဆန္နမှာ သံသယဝင်လာ၏။

"အရှင့်သား၊ အပြင်ဘက်က လူတွေလည်း မြို့တော်ကို လာပြီး ပျော်ရွှင်နေကြပါတယ်၊ အပြင်မှာ ပွဲသဘင် မရှိတော့ပါဘူး"

"ဆန္န၊ ပွဲသဘင် ကြည့်ရှုဖို့ ထွက်လာခဲ့တာ မဟုတ်ဘူးလေ"

"ဒါဆို ဘာလုပ်ဖို့ ထွက်လာခဲ့တာလဲ အရှင့်သား"

"ဆိုးဆိုးရွားရွား စိတ်ပျက်စရာတွေ၊ ဝမ်းနည်းစရာတွေ၊ ဆင်းရဲငြိုငြင်ခြင်းတွေကို ရင်ဆိုင်ရမယ့် ခရီးကို ဖြတ်သန်းဖို့ ထွက်လာခဲ့တာ"

"အဲဒီခရီးကို မြင်းနဲ့ပဲ ဆက်သွားမှာလား အရှင့်သား"

မင်းသားသည် ရယ်ချင်မိ၏။ သို့သော် အရယ်ကို ထိန်းလိုက်ပြီး ပြန်ပြော၏။

"ငါ့ခရီးက အဖော်ခေါ်လို့ မရတဲ့ ခရီးပဲ၊ မလဒတိုင်းကို ဖြတ်မယ်၊ အနော်မာ မြစ်ကမ်း ရောက်တဲ့ထိ မင်းနဲ့အတူ ဒီအတိုင်း ဆက်ပြီ· မြင်းစီးသွားမယ်၊ လက တကယ်ကို သာနေပါလား၊ နေ့လိုကို လင်းနေတာပဲ"

အခြေအနေ အားလုံးကို ဆန္န ရှင်းလင်းစွာ နားလည်လိုက်၏။ မင်းသားသည် လောကီဘောင်ကို စွန့်ခွာနေခြင်း ဖြစ်၏။ တစ်နေ့နေ့ တစ်ချိန်ချိန် ဤခရီးကို မင်းသား လျှောက်လှမ်းလိမ့်မည်ဟု သိထားပြီး ဖြစ်သော်လည်း ယခုလိုနေ့မျိုး၌ ယခုလိုပုံစံမျိုးနှင့် ထွက်ခွာလိမ့်မည်ဟု ဆန္န ထင်မထားခဲ့ပေ။ ဆန္န၏ နှလုံးသားထဲသို့ ကြောက်ရွံ့ခြင်း ဝင်ရောက်လာ၏။ မင်းသားနှင့် ပတ်သက်သမျှ ဆန္နမှာ တာဝန်အပြည့် ရှိနေ၏။ သုဒ္ဓေါဒန မင်းကြီးကို ပြန်လည်တင်ပြ လျှောက်ထားရပေဦးမည်။

ဆန္နသည် ထိတ်ထိတ်ပျာပျာနှင့် ပြော၏။

"အရှင့်သား၊ ဒီခရီးဟာ အနှောင့်အယှက် အဟန့်အတားတွေနဲ့ ပြည့်နှက်နေပါတယ် ဘုရား၊ ဘေးရန်တွေ ရှိနေပါတယ် ဘုရား"

mgyoe.com

mgyoe.com
SAMPLE BOOK

"ငါ ရွေးလိုက်တဲ့ လမ်းဟာ အနှောင့်အယှက် အဟန့်အတားတွေ ပြည့်နှက်နေတယ် ဆိုတာ အစကတည်းက ပြောထားပြီးသားပဲ ဆန္နရယ်၊ အနှောင့်အယှက် အဟန့်အတား မရှိတဲ့ ခရီးဟာ အသုံးမကျပါဘူး၊ အဓိပ္ပာယ်ရှိတဲ့လမ်း သဘာဝကျတဲ့လမ်းဆိုရင် အနှောင့်အယှက် အဟန့်အတားတွေ ရှိရမှာပေါ့။ ဆန္န… ဘာမှ မကြောက်ပါနဲ့၊ ဘာမှ ကြောက်စရာ မရှိပါဘူး၊ အနော်မာမြစ်ကမ်း ရောက်တာနဲ့ မင့်ကို ကဏ္ဍကနဲ့အတူ ပြန်လွှတ်လိုက်မှာပါ"

အရဏ်ကျင်းချိန်၌ ဂါဝုတ်သုံးဆယ် ခရီးပေါက်ခဲ့ပြီး အနော်မာမြစ်ကမ်းသို့ ရောက်လေ၏။ ခရီးတစ်လျှောက်လုံး အစမှ အဆုံးတိုင်အောင် လရောင်ဖြာဝင်းလျက် ရှိခဲ့သည်။ အနော်မာမြစ်သည် တိတ်ဆိတ်စွာ စီးဆင်းလျက် ရှိ၏။ ကမ်းခြေနှစ်ဖက်လုံး၌ သဲသောင်ထွန်းနေပြီး ရေစီးကြောင်းမှာ ခပ်ကျဉ်းကျဉ်းသာ ရှိတော့၏။ ဆန္နသည် အိပ်ချင်မူးတူး မျက်လုံးအစုံကို လက်နှင့် ပွတ်နေ၏။ ထိုစဉ် သိဒ္ဓတ္ထက ကဏ္ဍကကို ပြော၏။

"ကဏ္ဍက… ငါ့အတွက် နောက်ဆုံးတာဝန် ထမ်းပေးပါ၊ ကဲ… မြစ်ကို ကူးကြစို့"

အချက်ပေးလိုက်သည်နှင့် ကဏ္ဍကသည် အရှိန်မြှင့်၍ သဲပြင်ကို ဖြတ်ပြေးလိုက်ပြီး မြစ်ရေစီးကြောင်းကို ခုန်ကျော်၍ တစ်ဖက်ကမ်း ရောက်အောင် ကူးလိုက်လေ၏။

သိဒ္ဓတ္ထသည် မြင်းပေါ်မှ ဆင်းလိုက်၏။ ကဏ္ဍက၏ ကျေးဇူးကို အသိအမှတ်ပြုသည့်အနေဖြင့် သိဒ္ဓတ္ထသည် ကဏ္ဍက၏ ဦးခေါင်းကို ပွေ့ဖက်ရင်း ဦးထိပ်ကို နမ်းလိုက်၏။

ပတ်ဝန်းကျင်၌ မှုန်ပျပျ အလင်းရောင် ပျံ့နှံ့လျက် ရှိနေသည်။ အနော်မာမြစ်ကမ်းသည် ကျေးငှက်သာရကာတို့၏ တေးသံသာဖြင့် စီစီဝေဝေ ရှိနေ၏။ ပန်းစုံပွင့်သည့် တောအုပ်ကို ဖြတ်ကျော်တိုက်ခတ်လာသော လေပြည်လေညင်းသည် ပန်းရနံ့မျိုးစုံကို သယ်ဆောင်လာ၏။ ထိုစဉ် သိဒ္ဓတ္ထသည် ကပိလဝတ်ကို သတိရလိုက်၏။ နန်းဆောင်၊ ခမည်းတော်၊ ဇနီးနှင့် သားတို့ကို သတိရမိ၏။ ဝမ်းနည်းကြေကွဲခြင်းကို နက်နက်ရှိုင်းရှိုင်း ခံစားလိုက်ရ၍ သက်ပြင်းတစ်ချက် ရှူသွင်းလိုက်ပြီး လေကို ခပ်ပြင်းပြင်း မှုတ်ထုတ်လိုက်သည်။

ဆန္နက ပြော၏။

"အရှင့်သား၊ ခမည်းတော် မင်းကြီးရော ယသောဓရာ မင်းသမီးပါ ထိတ်ထိတ်ပျာပျာ ဖြစ်နေလောက်ပြီ၊ နန်းတော်မှာ အရှင့်သားကို မတွေ့လို့ လိုက်ရှာရတာနဲ့ အကြီးအကျယ် စိတ်မကောင်း ဖြစ်နေကြရော့မယ်၊ မင်းသမီးတော့ မျက်ရည်မဆည်နိုင်တဲ့ဘဝ ရောက်ပြီ၊ ခု အရှင့်သား တောထွက်လိုက်တဲ့ အချိန်ဟာ အရှင့်သား မျက်နှာကို မင်းသမီး အကြည့်ချင် အမြင်ချင်ဆုံး အချိန်ပဲ၊ သားတော်လေး မွေးဖွားပေးတဲ့အတွက် မင်းသမီးကို အပြုံးတစ်ပွင့်လောက် ဆုချရမယ့်အချိန်၊ မသင့်တော်ပါဘူး ဘုရား"

"ဒီမယ် ဆန္န၊ ငါလည်း ဝမ်းနည်းကြေကွဲနေရတာပဲ၊ ချစ်သူနဲ့ ကွေကွင်းရခြင်းဟာ ဝမ်းနည်းစရာပါ၊ ဒါပေမဲ့ လှမ်းခဲ့တဲ့ ငါ့ခြေလှမ်းကို ပြန်လှည့်တော့မှာ မဟုတ်

mgyoe.com

mgyoe.com SAMPLE BOOK

ဘူး။ ဆန္ဒ… ငါတို့ မတ်တတ်ပြေးကတည်းက မင်းက ငါ့ရဲ့ အရင်းနှီးဆုံး မိတ်ဆွေမို့ မင့်ဆီကလည်း ငါ ခွင့်တောင်းဖို့ လိုတယ်''

သိဒ္ဓတ္ထ၏ စကားကို ကြားလိုက်ရစဉ် ဆန္ဒ၏ မျက်ဝန်းအစုံ၌ မျက်ရည်များ ပြည့်လျှံလာ၏။ မသိမ်းဆည်းနိုင်သော မျက်ရည်များ မြေသို့ ကျလေ၏။ ဆန္ဒသည် ဘယ်လက်ဖြင့် မြင်း၏ လည်ပင်းကို ကိုင်ထားလျက် သူ့မျက်ဝန်းမှ မျက်ရည်များကို ညာလက်ဖြင့် သုတ်နေသည်။ အဖြစ်အပျက်ကို ကြည့်နေသော ကဏ္ဍကသည် သူ ရင်းနှီး ယဉ်ပါးသည့် ဆန္ဒ ငိုနေမှန်း သိ၏။ ကဏ္ဍကသည် ဆန္ဒ၏ ပါးနှစ်ဖက်ပေါ် စီးကျနေသည့် မျက်ရည်များကို လျှာနှင့် လျက်ပေး၏။

ဆန္ဒသည် မြင်း၏ လည်ပင်းကို လွှတ်လိုက်ပြီး ဦးခေါင်းကို ပြောင်းကိုင်လိုက်သည်။ ဆန္ဒ၏ နှလုံးသား ဆတ်ဆတ်တုန်နေ၏။ ဆန္ဒသည် အားယူ၍ မင်းသားကို မေး၏။

''အရှင့်သား၊ ခု အရှင့်သား ဘာလုပ်မှာလဲ ဘုရား''

''ဟောဒီ အေးချမ်းတဲ့ အနော်မာမြစ်ကမ်းမှာ ငါ လျှော်တေသကၤန်း ဆင်မြန်းတော့မယ်''

သိဒ္ဓတ္ထသည် ပြောပြောဆိုဆိုနှင့် အဖိုးအနဂ္ဃ ထိုက်တန်သော သူ၏ အဝတ်အစားများကို ချွတ်လိုက်၏။ မင်းသား အဆောင်အယောင်၊ အဆင်တန်ဆာ အားလုံးကိုလည်း ချွတ်လိုက်၏။ အဆင်သင့် အောက်မှ ခံ၍ ဝတ်လာခဲ့သော သင်္ကန်း ပေါ်လာ၏။ ဆန္ဒ အံ့အားသင့်သွားသည်။ မင်းသားသည် နန်းဆောင်မှ မထွက်မီကပင် သင်္ကန်းဝတ်ခဲ့ပြီး ထိုနန်း အဆောင်အယောင် အဝတ်အစားများကို အပေါ်မှ ဖုံး၍ ဝတ်ဆင်ခဲ့ကြောင်း ဆန္ဒ သဘောပေါက်လိုက်၏။ သိဒ္ဓတ္ထသည် ဘာမှ ဆက်မပြောတော့ဘဲ သန်လျက်ကို ထုတ်လိုက်သည်။ ဦးခေါင်းပေါ် သန်လျက် ဝဲကာ ဘယ်လက်ဖြင့် ဆံစကို နောက်မှ ပင့်သိမ်း၍ စုကိုင်လျက် ဆံစုကို ဖြတ်လိုက်လေ၏။

''အို… အရှင်မင်းသား''

ဟု ညည်းတွားလိုက်သူကား ဆန္ဒတည်း။

''ဘာဖြစ်လို့ ဝမ်းနည်းနေရတာလဲ ဆန္ဒရယ်၊ ငါ့ရည်ရွယ်ချက်ကို ကြို့မပြော ခဲ့ဘူးလား''

''အရှင်မင်းသား… ပြောခဲ့ပါတယ် ဘုရား၊ ဒါပေမဲ့ ကျွန်တော်မျိုးရဲ့ မျက်စိ ရှေ့မှာ ဒီလို လုပ်လိမ့်မယ်လို့ မထင်ခဲ့တာပါ''

''ဆန္ဒရယ်… လက်တွေ့ မလုပ်တဲ့ ရည်ရွယ်ချက်ဟာ ဘာအသုံးကျမှာလဲ၊ ငါက တစ်ခုခု ကြံထားရင် အဲဒါကို လက်တွေ့ လုပ်တယ်၊ ဆန္ဒ… မင့်ကိုရော ကဏ္ဍက ကိုပါ ခွဲခွာရမယ့်အချိန် ရောက်လာပြီ၊ ဆန္ဒ ပြန်ပါ၊ ငါ့စကားကို ခမည်းတော် မင်းကြီး ဆီမှာ ပြန်ပြောပါ။

mgyoe.com

mgyoe.com SAMPLE BOOK

ခု သဲသောင်ပေါ်မှာ ချထားတဲ့ ငါ့သန်လျက်၊ ငါ့ဆံပင်၊ မင်းမြောက်တန်ဆာတွေနဲ့ အဝတ်အစားတွေကို ယူသွားပါ၊ အားလုံးကို ဖခမည်းတော်လက်ထဲ ထည့်လိုက်ပါ၊ ငါ ရဟန်းပြုလိုက်ပြီ ဆိုတဲ့အကြောင်း သူ့ကို ပြောလိုက်ပါ၊ ခုချိန်ကစပြီး ငါ့အချိန်နဲ့ ငါ့ခွန်အားကို ဗောဓိဉာဏ်အလင်း ရရှိဖို့အတွက်ပဲ အသုံးပြုတော့မယ်၊ မြင့်မြတ်တဲ့ ငါ့ရည်ရွယ်ချက် မပြီးမြောက်မချင်း နောက်လှည့်မကြည့်တော့ဘူး ဆိုတာကို ပြောလိုက်ပါ၊ ငိုနေမယ့် ယသောဓရာ၊ မယ်တော့်ကိုယ်စား ငါ့ကို ပြုစုစောင့်ရှောက်ခဲ့တဲ့ မိထွေးတော် မိဖုရားကြီးတို့ကို ငါ ကျန်းကျန်းမာမာ ရှိနေကြောင်း ပြောလိုက်ပါ၊ ငါ့ကို လိုက်ရှာစရာ မလိုဘူး၊ သင့်တော်တဲ့ အချိန်ကျရင် ကပိလဝတ်ကို ငါ ပြန်လာမယ်၊ ကဏ္ဍက··· ဆန္န··· ငါ့ကို ခွင့်ပြုကြပါ''

ဆန္နသည် စကားတစ်လုံးမှ မပြောနိုင်ဘဲ မင်းသား၏ ခြေအစုံကို ပွေ့ပိုက်ရင်း ဖမိုးပေါ်သို့ လဲပြိုကျသွားပြီး အသည်းအသန် ငိုကြွေးလေ၏။ အဟိတ်တိရစ္ဆာန် ကဏ္ဍကသည်ပင် မင်းသား၏ ခြေအစုံဆီသို့ ဦးခေါင်းငိုက်စိုက် ချထားရင်း တိတ်တိတ်ဆိတ်ဆိတ် ရှိနေ၏။ ဆန္နသည် မင်းသား၏ ခြေဖမိုးပေါ် မျက်နှာမှောက်လျက် ငိုနေဆဲ ဖြစ်၏။ ဆန္န၏ကျောကို လက်နှင့် ပုတ်၍ မင်းသားက နှစ်သိမ့်၏။ ကိုယ်ကို ကုန်း၍ ကဏ္ဍက၏ မျက်နှာကိုလည်း လက်နှင့် ပွတ်ပေး၏။ ထို့နောက် နှုတ်ဆိတ်လျက်ပင် နူးညံ့သော သဲပြင်ကို ဖြတ်လျှောက်ကာ ဆန္နနှင့် ကဏ္ဍကကို ကျောခိုင်း ထွက်ခွာသွားလေ၏။

အနော်မာမြစ်သည် လှိုင်းကြက်ခွပ်လေးများ ဖွဲ့ကာ တငြိမ့်ငြိမ့် စီးဆင်းနေ၏။ မြစ်ရေစီးသံ သဲ့သဲ့ ကြားနေရသည်။ သဲပြင်ပေါ်၌ ရေစီးကြောင်း အခွဲလေးများလည်း ဖြစ်ပေါ်နေ၏။ နံနက်ခင်း နေရောင်ခြည်သည် သစ်ကိုင်းသစ်ရွက်တို့ အကြားမှ တိုးထွက်လာနေသည်။ ပန်းပွင့်အကြွေတို့သည် မြစ်ကမ်းပါးရှိ သဲပြင်ကို နမ်းရှိုက်နေကြ၏။ လင်းလက်တောက်ပသည့် ချမ်းမြေ့ကြည်နူးဖွယ် နေ့သစ်တစ်ခု စတင်လိုက်လေပြီတည်း။

၀

mgyoe.com

mgyoe.com SAMPLE BOOK

# ဆန္ဒ ပြန်လာခြင်း

ဆန္ဒ တစ်ယောက်တည်း ခြေကျင်ပြန်လာသည်ဟု ကြားလိုက်ရသော သုဒ္ဓေါဒနမင်းကြီးသည် အလျင်စလို ပြေးထွက်လာခဲ့ပြီး နန်းတော်မုခ်ဦးမှ ကြိုနေ၏။ မင်းကြီးသည် ဆန္ဒကို တွေ့လိုဇောဖြင့် စိတ်မထိန်းနိုင်ဘဲ ရှိနေ၏။ အထုပ်ကြီး တစ်ထုပ်ကို ပင်ပန်းကြီးစွာ သယ်ဆောင်လာသူ ဆန္ဒသည် ယိုင်ခွေခွေနှင့် ဖြည်းဖြည်းချင်း လျှောက်လှမ်းလာနေ၏။ သိဒ္ဓတ္ထမင်းသား ကဏ္ဍကမြင်းတို့နှင့်အတူ ထွက်သွားခဲ့သော်လည်း အပြန်ခရီးကား ဆန္ဒ တစ်ယောက်တည်းသာ ဖြစ်၏။

မင်းကြီးသည် စူးစမ်းမှု၊ စိုးရိမ်မှုတို့နှင့်အတူ ဆန္ဒကို စူးစိုက်ကြည့်နေ၏။ ဆန္ဒသည် အဝတ်အစားများ အဆင်တန်ဆာများနှင့် ဆံစုတို့ ထည့်ထားသည့် အထုပ်ကြီးကို မင်းကြီး ရှေ့မှာ ချလိုက်၏။ ထို့နောက် ဒူးထောက်ချလိုက်ပြီး မင်းကြီးကို အရိုအသေပြုကာ ဘာမှမပြောနိုင်ဘဲ မြေပြင်မှာ ထိုင်နေ၏။ လက်အစုံကို ပင့်မြှောက်၍ ရှိခိုးဦးခိုက်လျက်သား ရှိနေပြီး ငေါင်းစင်းစင်းကြီး ငေးကြည့်နေ၏။

ထိုစဉ် မင်းကြီးက မေးလိုက်သည်။

"ဆန္ဒ… ပြောစမ်း၊ သားတော် ဘယ်မှာလဲ"

"အကြောင်းစုံကို လျှောက်တင်မှာပါ အရှင်မင်းကြီး၊ မင်းသား ကျန်းကျန်းမာမာ ရှိနေပါတယ် ဘုရား"

"ဘယ်မှာလဲ"

mgyoe.com

mgyoe.com SAMPLE BOOK

''ဒီကနေ ဂါဝုတ်သုံးဆယ် ဝေးကွာတဲ့ မလဒတိုင်း အနော်မာမြစ်ကမ်း တစ်နေရာ ဝါသိဋ္ဌရသေ့ရဲ့ သင်္ခမ်းကျောင်းနားမှာ နေခဲ့ပါတယ် ဘုရား''

''ကဏ္ဍကမြင်းကော...''

''အရှင်မင်းကြီး... စိတ်မကောင်းစရာပါ ဘုရား၊ အဲဒီအကြောင်း နောက်မှ လျှောက်တင်ပါ့မယ် ဘုရား၊ အဲဒီ အနော်မာမြစ်ကမ်းမှာ မင်းသားဟာ အဝတ်အစားတွေ အဆင်တန်ဆာတွေကို ချွတ်၊ ဆံတော်ကို ပယ်ရိတ်ပြီး ရသေ့ ရဟန်း ပြုလိုက်ပါတယ် ဘုရား။ အရှင်မင်းကြီး၊ ယသောဓရာမင်းသမီးနဲ့ မိထွေးတော် မိဖုရားကြီးတို့ကို သူ့စကား အတိုင်း အတိအကျ လျှောက်တင်ဖို့ ရဟန်းပြုသွားတဲ့ မင်းသားက အမိန့်ရှိလိုက်ပါတယ် ဘုရား။

ခု သဲသောင်ပေါ်မှာ ချထားတဲ့ ငါ့သန်လျက်၊ ငါ့ဆံပင်၊ မင်းမြောက်တန်ဆာ တွေနဲ့ အဝတ်အစားတွေကို ယူသွားပါ၊ အားလုံးကို ဖခမည်းတော်လက်ထဲ ထည့်လိုက်ပါ၊ ငါ ရဟန်းပြုလိုက်ပြီ ဆိုတဲ့အကြောင်း သူ့ကို ပြောလိုက်ပါ၊ ခုချိန်ကစပြီး ငါ့အချိန်နဲ့ ငါ့ခွန်အားကို ဗောဓိဉာဏ်အလင်း ရရှိဖို့အတွက်ပဲ အသုံးပြုတော့မယ်၊ မြင့်မြတ်တဲ့ ငါ့ရည်ရွယ်ချက် မပြီးမြောက်မချင်း နောက်လှည့်မကြည့်တော့ဘူး ဆိုတာကို ပြောလိုက်ပါ၊ ငါ ကျန်းကျန်းမာမာ ရှိနေကြောင်း ငိုနေမယ့် ယသောဓရာနဲ့ မယ်တော့်ကိုယ်စား ငါ့ကို ပြုစုစောင့်ရှောက်ခဲ့တဲ့ မိထွေးတော် မိဖုရားကြီးကို ပြောလိုက်ပါ၊ ငါ့ကို လိုက်ရှာစရာ မလိုဘူး၊ သင့်တော်တဲ့ အချိန်ကျရင် ကပိလဝတ်ကို ငါ ပြန်လာမယ်၊ ကဏ္ဍက... ဆန္န... ငါ့ကို ခွင့်ပြုကြ။

အရှင်မင်းကြီး... ဒါဟာ မင်းသား မှာလိုက်တဲ့ စကား အတိအကျ ဖြစ်ကြောင်း ပါ ဘုရား''

မင်းသား မှာလိုက်သည့် သတင်းစကားကို နားထောင်နေသော သုဒ္ဓေါဒန မင်းကြီး မျက်ရည်စို့လာ၏။ သောကသည် မင်းကြီးသည် သက်ပြင်းရှည်ကြီး တစ်ချက် ချလိုက်၏။ လက်နှစ်ဖက်ကို ပူးယှက် ဆုပ်ကိုင်လိုက်ပြီး လက်ချင်း ပွတ်နေပြန်၏။ မင်းသား၏ အဝတ်အစား အဆင်တန်ဆာနှင့် သန်လျက်တို့ကို ငေးစိုက်ကြည့်ရင်း လက်နှင့်လည်း ကိုင်တွယ်သုံးသပ်ရင်း စကားဆို၏။

''သားတော်၊ ဗောဓိဉာဏ်အလင်းကို လိုချင်တယ် ဆိုရင်လည်း ရှိပါစေတော့၊ ခမည်းတော် အားယူပြီး ဖြေသိမ့်ပါ့မယ်''

မင်းကြီးသည် မင်းသား၏ ဆံစုနှင့် အသုံးအဆောင်များကို လက်နှစ်ဖက်နှင့် ပွေ့ကိုင်ရင်း နန်းတွင်းကွင်းပြင်ကို ခပ်သုတ်သုတ် ဖြတ်လျှောက်ကာ မင်းသား စံမြန်းခဲ့ သည့် နန်းဆောင်သို့ သွားလေ၏။ ဆန္နသည် မင်းကြီးနောက်မှ လိုက်ပါပြီး ကာဠုဒါယီ သည် မင်းကြီးဘေးမှ လိုက်ပါနေ၏။

mgyoe.com

mgyoe.com
SAMPLE BOOK


မင်းကြီးသည် ကဏှာကမြင်းအကြောင်း တွေးပူမိ၏။ ဆန္နကို မေးလိုက်သည်။

"ဆန္န… အရပ်လေးမျက်နှာကို တမန်တော်တွေ လွှတ်လိုက်တာပဲ၊ ခုနစ်ရက်တောင် ရှိသွားပြီ၊ ဘာသတင်းမှ မရခဲ့ဘူး၊ ဆန္န လာမှပဲ သားတော်ရဲ့သတင်း ကြားရတော့တယ်။ ဆန္န… ပြောစမ်းပါဦး၊ ဆန္န ခြေကျင် ပြန်လာတယ်၊ ကဏှာကကော ဘာဖြစ်သွားလဲ"

"အရှင်မင်းကြီး၊ ကဏှာကဟာ သင်္ကန်းဝတ်ထားတဲ့ မင်းသားကို ငေးစိုက်ကြည့်နေပါတယ် ဘုရား၊ မင်းသား ထွက်သွားတော့ မင်းသားရဲ့ပုံရိပ် တရွေ့ရွေ့ ဝေးသွားတာကို လိုက်ပြီး ငေးကြည့်နေပါတယ် ဘုရား၊ နောက်ဆုံး မင်းသားကို မမြင်ရတော့တဲ့အခါမှာ တစ်ချက် ဟီလိုက်ပြီး သဲသောင်ပြင်မှာ ဝရုန်းသုန်းကား လုပ်ပါတယ် ဘုရား၊ ကျွန်တော်မျိုးက ဇက်ကြိုးကနေ ဖမ်းဆွဲပြီး လိုက်ထိန်းရပါတယ် ဘုရား၊ မြစ်ကို ပြန်ဖြတ်ကူးဖို့ ကျွန်တော်မျိုး သူ့အပေါ် တက်စီးပါတယ် ဘုရား၊ ဒါပေမဲ့ အရှင်မင်းကြီး… သူက ကျွန်တော်မျိုးကို ခါထုတ်လိုက်ပါတယ် ဘုရား၊ ဒေါနဲ့ မာန်နဲ့ ကမ်းစပ်သဲပြင်မှာ ကဆုန်ပေါက်ပြေးပြီး မြစ်လယ် ရေနက်ကြောထဲ ခုန်ချလိုက်ပါတယ် ဘုရား၊ ကဏှာက ဒီလို မြစ်ရေထဲ ကျသွားတာဟာ စိတ်ခံစားရလို့ တမင်သက်သက် ခုန်ချလိုက်တာ ဖြစ်မယ်ထင်ပါတယ် ဘုရား၊ ကျွန်တော်မျိုးတို့ နှစ်ယောက် သူ့အပေါ် စီးနေရင်းနဲ့ကိုပဲ ဒီမြစ်ကို သူ ခုန်ကျော်နိုင်ခဲ့သေးတာပဲ"

"ဆန္နကော… ဘယ်လိုလဲ"

"အရှင်မင်းကြီး၊ ကျွန်တော်မျိုးဖြင့် ဘာလုပ်ရမှန်းကို မသိအောင် ဖြစ်သွားပါတယ် ဘုရား၊ တစ်ယောက်တည်း အထီးကျန်ဖြစ်ခဲ့တာပါ ဘုရား၊ ကပိလဝတ်ဆီကို ခဏကြာအောင် ငေးကြည့်နေခဲ့ပါတယ် ဘုရား၊ အဝတ်အစားတွေ၊ အဆင်တန်ဆာတွေနဲ့ သန်လျက်ကို ထုပ်ပိုးထားတဲ့ အထုပ်ကြီးကို ကျောပိုးသယ်ရင်း မြစ်ထဲ ခုန်ချလိုက်ပြီး ရေကူးပါတယ် ဘုရား၊ မြစ်ရေလယ်ကြော အရောက်မှာ ရေနစ်သေလိုက်တာကမှ ကောင်းဦးမယ်လို့ စိတ်ကူးပေါက်ခဲ့ပါသေးတယ် ဘုရား၊ ဒါပေမဲ့ မင်းသားရဲ့ သတင်းစကားကို အရှင်မင်းကြီးဆီအရောက် သယ်ဆောင်ပေးဖို့ ရှိပါသေးတာမို့ သေလို့ မဖြစ်သေးဘူးလို့ ဆုံးဖြတ်ချက်ချခဲ့ပါတယ် ဘုရား"

❀

mgyoe.com

mgyoe.com SAMPLE BOOK

# ဗိမ္ဗိသာရမင်းနှင့် တွေ့ဆုံခြင်း

ဗိမ္ဗိသာရမင်း နန်းတက်ခြင်း နှစ်ပတ်လည် ပွဲသဘင်ကို ပျော်ပျော်ပျော်ရွှင် စည်စည်ကားကား ကျင်းပနေကြသည်မှာ ရက်သတ္တတစ်ပတ် ပြည့်လေပြီ။ ရာဇဂြိုဟ် မြို့သူမြို့သားတို့သည် ၎င်းတို့၏ နေအိမ်များကို တန်ဆာဆင်ထားကြ၏။ အဓိကကျသော လမ်းမကြီးများနှင့် လမ်းသွယ်များတို့၌ လူများ ယာဉ်များ စည်ကားလျက် ရှိနေ၏။

ထိုနေ့၌ သိဒ္ဓတ္ထရဟန်းသည် ရာဇဂြိုဟ်သို့ ရောက်ရှိလာ၏။ သိဒ္ဓတ္ထရဟန်းသည် သစ္စာတရား ရှာဖွေရင်း ကောသလတိုင်း လိစ္ဆဝီတိုင်း၊ မလဒတိုင်း၊ အင်္ဂတိုင်း၊ ဝင်္ဂတိုင်း၊ မဂဓတိုင်းများ အတွင်းရှိ ရသေ့သင်္ခမ်းကျောင်း တစ်ခုပြီးတစ်ခု၊ သူတော်စင်တို့ နေထိုင်ရာ တောအုပ် တစ်ခုပြီးတစ်ခု ခြောက်နှစ်ကြာအောင် လှည့်လည်နေထိုင်ခဲ့ပြီးနောက် ရာဇဂြိုဟ်သို့ ရောက်ရှိလာခြင်း ဖြစ်၏။ သိဒ္ဓတ္ထရဟန်းသည် စွန့်ပစ်ထားသည့် အဝတ်စများကို စုစပ်၍ ချုပ်ထားသော ပံ့သကူသင်္ကန်းကို ဝတ်ရုံလျက် မြေသပိတ်ကို လက်ဝယ်စွဲကာ ရာဇဂြိုဟ်မြို့အတွင်း အိမ်စဉ်လှည့်ကာ ဆွမ်းခံလေ၏။ ဆွမ်းခံပြီးနောက် ပဏ္ဍဝတောင်သို့ သွားရောက်ပြီး တောင်ရိပ်ခိုလှုံကာ အရှေ့အရပ်သို့ မျက်နှာမူထိုင်လျက် နေ့ဆွမ်း ဘုဉ်းပေးလေ၏။

အမူအရာ ဣန္ဒြေရှိလှသော၊ ခန္ဓာကိုယ် အချိုးအဆက် ပြေပြစ်သော၊ ထူးထူးခြားခြား လှပခံ့ညားသော သိဒ္ဓတ္ထရဟန်းကို တွေ့လိုက်ရသည့် ဗိမ္ဗိသာရမင်းကြီး၏ မင်းချင်းတို့သည် လိုက်လံစုံစမ်းကြ၏။ သိဒ္ဓတ္ထရဟန်း ပဏ္ဍဝတောင်ခြေ၌ ရပ်တန့်လိုက်သောအခါ မြင်းသည်တော် မင်းချင်းတို့သည် မြင်းများကို ဒုန်းစိုင်းမောင်းနှင်ကာ နန်းတော်သို့

mgyoe.com

mgyoe.com SAMPLE BOOK

အမြန်ပြန်လာကြပြီး မင်းကြီးအား အကြောင်းစုံ လျှောက်ထားကြ၏။ သိဒ္ဓတ္ထရဟန်းကို တွေ့လိုစိတ် ပြင်းပြနေသော မင်းကြီးသည် မြင်းဆွဲယာဉ်ဖြင့် ပဏ္ဍဝတောင်သို့ ချက်ချင်း လိုက်သွားလေ၏။ ပဏ္ဍဝတောင်နှင့် နီးလာသောအခါ လမ်းမသာယာတော့သဖြင့် မင်းကြီး သည် တောင်ခြေအထိ ခြေကျင်ဆင်း၍ လျှောက်ရ၏။ မင်းကြီးသည် နေ့ဆွမ်းဘုဉ်းပေးပြီး နေ့သန့်စင်ရာ၌ ရှိနေသော သိဒ္ဓတ္ထရဟန်းကို ခပ်လှမ်းလှမ်းမှပင် မြင်လိုက်ရ၏။

မင်းကြီးသည် သိဒ္ဓတ္ထရဟန်းထံသို့ ချက်ချင်း မသွားသေးပေ။ မင်းကြီးသည် သိဒ္ဓတ္ထရဟန်းကို ခပ်လှမ်းလှမ်းမှ ကြည့်နေရင်း ပီတိဖြစ်နေ၏။ ထို့နောက် တင်ပျဉ်ခွေ ထိုင်နေသည့် ရဟန်းအနီးသို့ ချဉ်းကပ်၍ ရိုသေစွာ စကားဆို၏။

"ရဟန်းမြတ်၊ တပည့်တော် ဗိမ္ဗိသာရမင်းပါ ဘုရား၊ အရှင်ဘုရားအကြောင်း သတင်းရခဲ့ပါတယ် ဘုရား၊ အရှင်ဘုရားဆီ လာရောက်တွေ့ဆုံပြီး စကားပြောရတာ အလွန်ပင် နှစ်သက်ဝမ်းမြောက်မိပါတယ် ဘုရား၊ အရှင်ဘုရားအတွက် အနှောင့်အယှက် မဖြစ်ဘူးဆိုရင် စကားစမြည် လျှောက်ထားချင်ပါတယ် ဘုရား"

"မင်းကြီး၊ စကားပြောဖို့ သင့်တော်တယ်ဆိုရင် ကျွန်ုပ် စကားပြောပါတယ်၊ မင်းကြီး သိချင်တာကို ပြောပြပေးပါ့မယ်၊ မေးပါ"

"ရဟန်းမြတ်၊ အရှင်ဘုရားဟာ ဘယ်သူ ဘယ်ဝါ ဖြစ်တယ်ဆိုတာ သိပါရစေ ဘုရား"

"သစ္စာတရား ရှာဖွေနေတဲ့ ရဟန်းတစ်ပါး ဖြစ်ပါတယ် မင်းကြီး၊ သစ္စာတရား ရှာဖွေရင်း တောရသခ်မ်းကျောင်းတွေဆီ လှည့်လည်လာခဲ့ပါတယ်၊ သူတော်စင်တို့ နေထိုင်ရာ တောအုပ်တွေ၊ ကျောင်းတိုက်တွေ တစ်ခုပြီးတစ်ခု လှည့်လည်ရင်း တိုင်းဒေသများစွာ ရောက်ခဲ့ပါပြီ၊ အခု ပဏ္ဍဝတောင်ရိပ် ရောက်လာတာပါပဲ"

"ရဟန်းမြတ်၊ အရှင့်ရဲ့ အရေအဆင်းဟာ နှစ်သက်စရာ ကောင်းလှပါတယ်၊ အရှင့်ရဲ့ အသွင်အပြင်ဟာ မင်းမျိုးမင်းနွယ်ပုံ ပေါက်နေပါတယ်၊ အရှင်ဟာ အရွယ် ကောင်း ယောက်ျားတစ်ယောက် ဖြစ်ပါတယ်၊ အရာရာဟာ နှစ်သက်စရာပါ၊ အရှင်ဟာ ကာယဗလ အလွန်သန်မာမယ်ဆိုတာ သေချာပါတယ်၊ တော်ဝင်အမျိုးအနွယ်ကနေ ရဟန်း ပြုလာတာ ဟုတ်ပါသလား၊ အမိန့်ရှိတော်မူပါ၊ အရှင့်ရဲ့ အမျိုးအနွယ်ကို သိချင်ပါတယ်"

"မင်းကြီး၊ ချမ်းသာကြွယ်ဝပြီး အာဏာတန်ခိုးလည်း ကြီးမားတဲ့ ကောသလ နေပြည်တော်ဟာ ဟိမဝန္တာ ဆင်ခြေလျှောမှာ တည်ရှိပါတယ်၊ ကျွန်ုပ်ရဲ့ဖခင် သုဒ္ဓေါဒန ဟာ တရားမျှတတဲ့ မင်းတစ်ပါး ဖြစ်ပါတယ်၊ ကောသလတိုင်းမှာ ပါဝင်တဲ့ ကပိလဝတ်ကို အုပ်ချုပ်သူ ဖြစ်ပါတယ်၊ ကျွန်ုပ်ဟာ အာဒိစ္စမင်းဆက်က ဆင်းသက်လာသူ ဖြစ်ပါတယ်၊ သာကီနွယ်ဝင် ဖြစ်ပါတယ်၊ မင်းကြီး၊ ကျွန်ုပ်ဟာ လောကီစည်းစိမ် မှန်သမျှကို စွန့်လွှတ် ပြီး ရသေ့ရဟန်း ပြုလာသူ ဖြစ်ပါတယ်၊ သတ္တဝါ အားလုံးကို သနားကရုဏာသက်မိလို့ လူသားရဲ့ လွတ်မြောက်ရေးအတွက် သစ္စာတရား ရှာဖွေရင်း လှည့်လည်နေတာပါ"

mgyoe.com

mgyoe.com SAMPLE BOOK

"အရှင်ဘုရား၊ ငယ်ရွယ်နုပျိုချိန်မှာ ထီးနန်းစည်းစိမ် အားလုံးကို အပြီးအပိုင် စွန့်လွှတ်၊ ရသေ့ရဟန်းဝတ်ပြီး ဝိမုတ္တိလမ်းစ ရှာဖွေတဲ့ တခြား မင်းသားဆိုလို့ နာဠပုတ္တပဲ ရှိပါတော့တယ်၊ အရှင်ဘုရားရဲ့ လုံ့လကြိုးကုတ် အားထုတ်မှုဟာ ကိုယ်ကျိုးစီးပွားအတွက် မဟုတ်ဘဲ အများကောင်းကျိုးအတွက် ဖြစ်တာကြောင့် နှစ်သက်ဝမ်းမြောက်မိပါတယ် ဘုရား၊ တပည့်တော် ဦးညွှတ်ရိုကျိုး ရှိခိုးဦးခိုက်ပါတယ် အရှင်မြတ်ဘုရား"

ဗိမ္ဗိသာရမင်းကြီးသည် ပြောပြောဆိုဆိုနှင့် သိဒ္ဓတ္ထရဟန်း၏ ရှေ့မှောက်၌ ဒူးထောက် ထိုင်ချလိုက်ပြီး မြေပြင်ပေါ်သို့ ဦးခေါင်းစိုက်ချကာ ရဟန်းမြတ်ကို ရှိခိုးလေ၏။ ရှိခိုးပြီးနောက် ရဟန်းမြတ်၏ နံဘေး၌ ရပ်နေရင်း စကားဆိုပြန်၏။

"ရဟန်းမြတ်ဘုရား၊ အရှင်ဘုရားဟာ တပည့်တော်ရဲ့ ရှိခိုးဦးခိုက်မှုကို ခံယူတဲ့ ဒုတိယရဟန်းတော် ဖြစ်ပါတယ် ဘုရား၊ ပထမရဟန်းကတော့ နာဠပုတ္တအရှင်မြတ် ဖြစ်ပါတယ် ဘုရား၊ အရှင်မြတ် နာဠပုတ္တဟာ သက်ရှိအားလုံးကို အနှောင်အတွယ် ကင်းကင်းနဲ့ ကရုဏာသက်နိုင်သူ ဖြစ်တဲ့အတွက် တပည့်တော် သူ့ကို ရှိခိုးခဲ့ပါတယ် ဘုရား၊ အရှင်ဘုရား ရှာဖွေတဲ့ သစ္စာတရားကို အခု တွေ့ရှိပါပြီလား အရှင်ဘုရား၊ ရှာဖွေတွေ့ရှိပြီး ဖြစ်တယ်ဆိုရင် တပည့်တော်ကို ဟောကြားတော်မူပါ အရှင်ဘုရား"

"မတွေ့ရှိသေးပါဘူး မင်းကြီး၊ သစ္စာတရား ရှာဖွေဆဲပဲ ရှိပါသေးတယ်၊ ပရမတ္ထ သစ္စာတရားကို အမြင့်မြတ်ဆုံး အမှန်ကန်ဆုံး အဓိပ္ပာယ်နဲ့ ခုချိန်ထိ မသိမြင်နိုင်သေးပါဘူး၊ အာရုံတစ်ခုတည်း အပေါ်မှာ စိတ်ကို စူးစိုက်ထားရတဲ့ စိတ်တည်ငြိမ်မှု သမထ အကျင့်ကို အနော်မာမြစ်ကမ်းမှာ သီတင်းသုံးနေတဲ့ ဝါသိဋ္ဌရသေ့ဆီကနေ သင်ယူခဲ့ပါတယ်၊ ဣန္ဒြေထိန်းချုပ်ရတဲ့ တပအကျင့်ကို ဗြာဟ္မဏနွယ်ဖွား ရသေ့မ သာကိယာဆီကနေ သင်ယူခဲ့ပါတယ်၊ အဝတ်သင်္ကန်း အစားအစာဆွမ်းနဲ့ ပတ်သက်တဲ့ အလေ့အကျင့်တွေကိုတော့ ဗြာဟ္မဏနွယ်ဖွား ရသေ့မ ပညာရဲ့ သခ်မ်းကျောင်းမှာ သင်ယူခဲ့ပါတယ်၊ ဒါတင် မကသေးပါဘူး၊ အသက်ရှူမှုကို ထိန်းချုပ်တာ အပါအဝင် တခြား သမထနည်းတွေကို ရေဝတရသေ့ဆီကနေ သင်ယူခဲ့ပါတယ်၊ ဒါနဲ့လည်း အားမရသေးလို့ ဆက်လက်ပြီး နည်းနာခံယူဖို့ ကောသလတိုင်းမှာ တပည့်တပန်း မြောက်မြားစွာကို နည်းပြသွန်သင်နေတဲ့ ထင်ရှားကျော်ကြားတဲ့ ရသေ့ကြီး အာဠာရကာလာမဆီကို သွားခဲ့ပါတယ်၊ အကန့်အသတ်မဲ့ ချစ်ခြင်းတရား (မေတ္တာ)၊ သနားခြင်း (ကရုဏာ)၊ ဝမ်းမြောက်ခြင်း (မုဒိတာ)နဲ့ အညီအမျှ ရှုမြင်ခြင်း (ဥပေက္ခာ)ဆိုတဲ့ ဗြဟ္မဝိဟာရတရားလေးပါး သမထကမ္မဋ္ဌာန်းကို အဲဒီရသေ့ကြီးဆီကနေ သင်ယူခဲ့ပါတယ်၊ ကမ္ဘာပေါ်က သက်ရှိအားလုံးအပေါ်မှာ မေတ္တာ၊ ကရုဏာ၊ မုဒိတာနဲ့ ဥပေက္ခာတရားတွေ ကျင့်သုံးခဲ့ပါတယ်၊ မင်းကြီး... ကျွန်ုပ်ရဲ့ စိတ်ဟာ ထင်ထင်ရှားရှားကြီး ကြည်လင်သန့်ရှင်းခဲ့ပါတယ်၊ လွတ်လပ်ပေါ့ပါးခဲ့ပါတယ်၊ အာရုံခံစားမှု နယ်အတွင်းမှာ အမြင့်မြတ်ဆုံးဖြစ်တဲ့ အဲဒီသစ္စာတရားဟာ ကျွန်ုပ် ရှာဖွေနေတဲ့ လွတ်မြောက်မှု ဟုတ်ပါရဲ့လား၊ အဲဒီ အာဠာရကာလာမရဲ့ အကျင့်လမ်းဟာ အာကိဉ္စ

ဉာဏ်ယန ဖြဟ္မာဘုံမှာ ကပ်ကမ္ဘာတစ်သောင်း ကြာအောင် တည်နေနိုင်တဲ့ လွတ်မြောက်မှုကို ပေးနိုင်ပါတယ်၊ အဲဒါကို ကျွန်ုပ် အားမရခဲ့ပါဘူး၊ ဒါကြောင့် ဥဒကရာမပုတ္တရဲ့ သခ်မ်းကျောင်းဆီ ဆက်သွားခဲ့ပါတယ်၊ သူက ဈာန်သမာပတ် ရှစ်မျိုးကို သင်ပေးပါတယ်၊ သိပ်မကြာခင်မှာပဲ စိတ်ဓာတ် အမြင့်မြတ်ဆုံး၊ အသိမ်မွေ့ဆုံး ဖြစ်တဲ့ နေဝသညာနာသညာယတနဈာန်ကို ရရှိခဲ့ပါတယ်၊ မင်းကြီး… အဲဒါကိုလည်း ကျွန်ုပ် အားမရခဲ့ပါဘူး။

ဒါပေမဲ့… မင်းကြီး၊ ရသေ့ဆရာကြီးတွေ အားလုံးဟာ မြင့်မြတ်ကြပါတယ်၊ ကျွန်ုပ် ရှာဖွေနေတဲ့ ဝိမုတ္တိ သူတို့ဆီမှာ မရှိပေမယ့် ဒီရသေ့ကြီးတွေဟာ လူ့လောကမှာ ဉာဏ်ပညာ ကြီးမြတ်သူတွေ ဖြစ်ကြပါတယ်၊ သူတို့ဆီက တော်တော်များများ လေ့လာသင်ယူခဲ့ပါတယ်၊ အာဠာရကာလာမနဲ့ ဥဒကရာမပုတ္တတို့ဟာ အထူး ရိုသေလေးစားထိုက်သူတွေ ဖြစ်ကြပါတယ်၊ လူသားတွေကို လွတ်မြောက်စေနိုင်တဲ့ ပရမတ္ထ သစ္စာတရားကို အမှန်ကန်ဆုံး အဓိပ္ပာယ်နဲ့ ရှာဖွေတွေ့ရှိလိုက်တဲ့ တစ်နေ့မှာ သူတို့ဆီ ပြန်လာပြီး သူတို့ကိုလည်း ပြန်လည်သင်ကြားပေးဖို့ တောင်းပန်လိုက်ပါတယ်၊ သူတို့ဟာ အဲဒီလောက်ထိ နှိမ့်ချရိုကျိုးတတ်သူတွေ ဖြစ်ပါတယ်။

မင်းကြီး… ကျွန်ုပ်ဟာ ကောသလတိုင်းကနေပြီး ဝေသာလီနားက ကျောက်လိုဏ်ဂူမှာ ဒုက္ကရစရိယအကျင့်တွေ ကျင့်သုံးနေတဲ့ ရသေ့သူတော်စင် ဒဒ္ဒုမြဒဏ္ဍိကပုတ္တဆီ သွားရောက်ခဲ့ပါတယ်၊ သူ့ဆီမှာ ရသေ့သူတော်စင် အကျင့်တွေကို နည်းလေးမျိုးနဲ့ ကျင့်သုံးခဲ့တာကို သတိရနေတုန်းပါပဲ။ ကျွန်ုပ်ဟာ လွန်ကျူးခဲ့ဖူးတဲ့ အပြစ်တွေကို ဒဏ်ယူပြီး ဖြေဖျောက်ခဲ့ပါတယ်၊ ခန္ဓာကိုယ်ကို ညှဉ်းဆဲတဲ့ အတ္တကိလမထ အကျင့်ကို ကျင့်သုံးခဲ့ပါတယ်၊ ဘဝကို စိတ်ပျက်ငြီးငွေ့အောင် ကျင့်ခဲ့ပါတယ်၊ ခေါင်းမာခဲ့ပါတယ်၊ ပထမဆုံး လူ့ဝလေ့ထုံးတမ်းကို အရေးမထားဘဲ ဝတ်လစ်စားလစ် နေခဲ့ပါတယ်၊ အစားအစာကို လက်ခုပ်နဲ့ ခံယူခဲ့ပါတယ်၊ အသား၊ ငါးနဲ့ အချဉ်ဖောက်ထားတဲ့ နို့ကို မသုံးဆောင်ပါဘူး၊ ဘောဇဉ်ကို အိမ်တစ်အိမ်ကပဲ ခံယူပြီး သုံးဆောင်ပါတယ်၊ မြက်အခင်း တစ်လွှာပေါ်မှာပဲ အိပ်ပါတယ်၊ နောက်တော့ ရေညှိ၊ ကောက်ရိုးနဲ့ ကျွဲ၊ နွား၊ သိုး၊ ဆိတ်တို့ရဲ့ မစင်ကို စားသုံးပါတယ်၊ ကျွဲ၊ နွား၊ သိုး၊ ဆိတ်တို့ရဲ့ ကျင်ငယ်ကို သောက်ပါတယ်၊ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးတွေကို ပယ်နုတ်ပါတယ်၊ ဦးခေါင်းစိုက် ထောင်နေရတဲ့ အကျင့်ကိုလည်း ကျင့်ပါတယ်၊ ဒါပေမဲ့ သစ္စာတရားကို မသိမြင်ခဲ့ပါဘူး၊ ရေတစ်ပေါက် အပေါ်မှာတောင် ကရုဏာထားခဲ့ပါတယ်၊ ရေပိုးရေမွှားလေးတွေကို ညှဉ်းဆဲသတ်ဖြတ်မိမှာ စိုးလို့ပါ၊ ဘယ်လောက် သေးငယ်တဲ့ သတ္တဝါကိုပဲဖြစ်ဖြစ် မသေစေမိအောင် ဂရုစိုက်ပါတယ်၊ အဲဒီလို ပြင်းပြင်းထန်ထန် တင်းတင်းကျပ်ကျပ် ကျင့်ကြံရင်း ကင်းကင်းဆိတ်ဆိတ် နေချင်တဲ့အတွက် လူသူအရောက်အပေါက် မရှိတဲ့ တောကြီးမျက်မည်းထဲမှာပဲ သူတော်စင် အကျင့်နဲ့ နေခဲ့ပါတယ်၊ အဲဒီအကျင့်ကို ကျင့်သုံးတဲ့အတွက် စိတ်တည်ငြိမ်မှု သမာဓိကို မရရှိခဲ့ပါဘူး၊ သက်ရှိအားလုံးအပေါ်မှာ တစ်သားတည်း ထားရှိတဲ့ ကရုဏာတရားကို

mgype.com

mgyoe.com SAMPLE BOOK

တော့ ပွားများနိုင်ခဲ့ပါတယ်၊ အဲဒီအကျင့်ကို ကျင့်သုံးနေရင်း ကျွန်ုပ် ရှာဖွေနေတဲ့ ဝိမုတ္တိလမ်းနဲ့ ဝေးကွာလာခဲ့ပါတယ်၊ မနိုးစပ်ခဲ့ပါဘူး၊ ရိုးရှင်းတဲ့ သမာဓိဈာန်ကို ကျင့်သုံးပြီး စစ်မှန်တဲ့ အသိဉာဏ်ကို ရရှိနိုင်တယ်လို့ ထင်မိတဲ့အတွက် ခန္ဓာကိုယ်ကို ညှဉ်းဆဲရတဲ့ အတ္တကိလမထ အကျင့်ကို စွန့်လွှတ်ပြီး ဝေသာလီကို ပြန်လာခဲ့ပါတယ်၊ မင်းကြီး... ကျွန်ုပ် ဝေသာလီမှာ ရှိနေတုန်းက ပဉ္စဝဂ္ဂီငါးဦးက ကျွန်ုပ်ကို အနီးကပ် ပြုစုလုပ်ကျွေးကြပါတယ်၊ ကျွန်ုပ် အချိန်မရွေး သစ္စာတရားကို ထိုးထွင်း သိမြင်လိုက်နိုင်တယ်လို့ သူတို့ မျှော်လင့်နေကြတာ ပါ၊ အတ္တကိလမထအကျင့်ကို ကျွန်ုပ် စွန့်လွှတ်လိုက်တော့ သူတို့ စိတ်ပျက်ပြီး ထွက်ခွာ သွားကြပါတယ်၊ အခု အမြင့်မြတ်ဆုံး ဉာဏ်အလင်း(သမ္မောဓိ)ကို ရှာဖွေရာမှာ စွဲလမ်း ယုံကြည်မှု အားလုံး ကျွန်ုပ် စွန့်လွှတ်လိုက်ပါပြီ''

ဗိမ္ဗိသာရမင်းက တောင်းပန် လျှောက်ထား၏။

''အရှင်ဘုရား၊ သမ္မောဓိ ဆိုတဲ့ အရှင်ဘုရားရဲ့ ရည်ရွယ်ချက် ပြည့်ဝအောင် ကူညီဖို့ ဒီတောင်ပေါ်မှာပဲ ဖြစ်ဖြစ်၊ တောင်ခြေမှာပဲ ဖြစ်ဖြစ် အရှင်ဘုရားအတွက် နေရာ သခ်မ်းကျောင်း ဆောက်လုပ်ပေးပါ့မယ်၊ အရှင်ဘုရား ဆန္ဒရှိမယ်ဆိုရင် ပြောတာပါ၊ နေ့စဉ်လည်း ဆွမ်းလှူပါ့မယ်၊ တပည့်တော်ရဲ့မြို့မှာ သီတင်းသုံးပါ ဘုရား''

''မင်းကြီး... အလိုမရှိပါဘူး၊ ဥရုဝေလမှာ သွားရောက်နေထိုင်ပါ့မယ်၊ အဲဒီ မှာ ပတ်ဝန်းကျင် ငြိမ်းချမ်းသာယာတဲ့အတွက် ရည်ရွယ်ချက် ပြီးမြောက်ဖို့ ပိုပြီး ကျေးဇူး များပါလိမ့်မယ်၊ အဲဒီမှာ ဇေစာရီ ကျင့်သုံးပြီး သမ္မောဓိဉာဏ် ရရှိအောင် အားထုတ်ပါ့မယ်''

''ဒါဆိုရင်လည်း အရှင်ဘုရား၊ တပည့်တော်ရဲ့ နန်းတော်ကို ကြွရောက်ပြီး နေ့ဆွမ်း အလှူခံနိုင်မယ် ထင်ပါတယ်၊ သက်နှံနဲ့ တခြား ပရိက္ခရာတွေလည်း အရှင်ဘုရားကို လှူဒါန်းချင်ပါတယ် ဘုရား''

''မင်းကြီး၊ ကျွန်ုပ် ဝေသာလီမှာ အတ္တကိလမထအကျင့်ကို ကျင့်နေတုန်းက ဆိုရင် အထီးတည်း ပေါက်နေတဲ့ သပြေပင်ကြီးကို မှီထိုင်ရင်း အဲဒီအပင်ရဲ့ အရွက် အခက် အသီးတွေကိုပဲ စားသုံးပြီး တစ်လလုံးလုံး နေခဲ့တာပါ၊ အစားအစာ အားလုံးအပေါ်မှာ တစ်သဘောတည်း ထားပါတယ်၊ နန်းတော်က မွန်မြတ်တဲ့ ပွဲတော်စာနဲ့ စဏ္ဍာလအိမ်က နံ့ချာတဲ့ အစားအစာကို ခွဲခြားပြီး မရှုမြင်ပါဘူး၊ ဥရုဝေလကို သွားမယ်၊ အဲဒီ လမ်းခရီး မှာ စိတ်တည်ငြိမ်မှု ပျက်ပြားလောက်အောင် ဆာလောင်လာရင် လမ်းမှာပဲ ဆွမ်းခံမယ်''

''ဒါဆိုရင်လည်း အရှင်ဘုရား၊ သက်နှံနဲ့ ပရိက္ခရာတွေ လှူချင်ပါတယ် ဘုရား၊ ကြွတော်မူပါ၊ အရှင်ဘုရားရဲ့ သက်နှံဟာ ဆွေးမြည့်နေပါပြီ၊ စုတ်ပြတ်နေပါပြီ''

''မင်းကြီး၊ မင်းကြီးက ကျွန်ုပ်ရဲ့ အစားအစာအတွက် ပူပန်နေတယ်၊ အဝတ် သက်နှံအတွက် ပူပန်နေတယ်၊ ရသေ့ ရဟန်းဖြစ်သူ ကျွန်ုပ်ကတော့ မပူပန်ပါဘူး''

''ဒါဆိုရင်လည်း အရှင်ဘုရား၊ ဥရုဝေလကို ခြေကျင်သွားရမယ့် ခရီးဟာ ခက်ခဲပင်ပန်းလွန်းပါတယ်၊ အရှင်ဘုရားကို စီးတော်ယာဉ်နဲ့ လိုက်ပို့ဖို့ တပည့်တော်ရဲ့

mgyoe.com

mgyoe.com  SAMPLE BOOK 

မင်းချင်းတွေကို အမိန့်ပေးလိုက်ပါ့မယ် ဘုရား၊ ဒါဟာ အရှင်ဘုရားရဲ့ ကြီးမြတ်တဲ့ လုံ့လဥဿာဟကို အထောက်အကူပြုမယ် ထင်ပါတယ် ဘုရား''

''မပို့ရပါဘူး မင်းကြီး… ဝိမုတ္တိ ရရှိဖို့ ဖြတ်လမ်း မရှိပါဘူး၊ အလွယ်လမ်း မရှိပါဘူး၊ ဝိမုတ္တိလမ်းဟာ သဘာဝလမ်း ဖြစ်ပါတယ်၊ သဘာဝအတိုင်း လျှောက်လှမ်း ရမှာပါ''

ဗိမ္ဗိသာရမင်းကြီးသည် သိဒ္ဓတ္ထ ရဟန်း၏ ငြင်းပယ်စကားများကို မကျေမနပ် မဖြစ်မိဘဲ အလွန်ပင် ကျေနပ်ဝမ်းမြောက်မိသည် ဖြစ်၍ သိဒ္ဓတ္ထ ရဟန်း၏ ရှေ့မှောက်၌ ဒူးထောက်ထိုင်ချလိုက်ကာ ဒုတိယအကြိမ် ရှိခိုးဦးခိုက်လိုက်ပြီး လျှောက်ထား၏။

''သာဓု သာဓု သာဓုပါ အရှင်ဘုရား၊ အရှင်ဘုရား အသည်းအသန် ရှာဖွေနေတဲ့ အမြင့်မြတ်ဆုံး ဉာဏ်အလင်းကို ရရှိလိမ့်မယ်လို့ တပည့်တော် သေချာပေါက် ယုံကြည်ပါတယ် ဘုရား၊ အောင်မြင်ပြီးမြောက်နိုင်ပါစေ၊ သဗ္ဗညုတဉာဏ်ကို ရရှိပြီး ဘုရား ဖြစ်တဲ့အခါမှာ တပည့်တော် သိပါရစေ၊ အရှင်ဘုရားကို တပည့်တော် ကိုးကွယ်ဆည်းကပ်ပါတယ် ဘုရား''

mgyoe.com

mgyoe.com SAMPLE BOOK

# နို့ဆွမ်းခံယူခြင်း

နေရဥ္စရာမြစ်သည် ဖြူဖြူနုနု သဲသောင်ကမ်းစပ်ကို ပွတ်တိုက်ဆော့ကစားရင်း တငြိမ့်ငြိမ့် စီးဆင်းနေ၏။ မြစ်ကမ်းနှစ်ဖက်လုံး၌ စိမ်းစိုညို့မှိုင်းသော တောအုပ်များ အခဲ့သား တည်ရှိနေ၏။ တောအုပ်များ မြောက်ဘက်၌ ဂိဇ္ဈကုဋ်နှင့် ပဏ္ဍဝဟူသော ရာဇဂြိုဟ်တွင် ထင်ရှားသည့် တောင်နှစ်လုံးကို လှမ်းမြင်နေရ၏။ ကျယ်ပြန့်သော တောရိပ်တောရေးသည် တောင်နှစ်လုံးအထိ နံ့စပ်လျက် ရှိနေ၏။ တောအုပ်အစွန်ရှိ ကျယ်ပြန့်သော စားကျက်မြေ အနီး၌ သေနာနိဂုံ တည်ရှိ၏။ ထိုဒေသ၌ ကျေးငှက်သာရကာတို့ တစ်နေ့လုံး ပျော်ပျော် ရွှင်ရွှင် တေးသီကျူးလျက် ရှိကြ၏။ လေပြည်လေညင်းတို့သည် သစ်ကိုင်းသစ်ရွက်တို့ကို လှုပ်ခတ် ဆော့ကစားလျက် ရှိနေ၏။

ဖြူဖွေးနုရွသော သဲသောင်ကမ်းခြေတစ်လျှောက် လျှောက်လှမ်းလာခဲ့သော သိဒ္ဓတ္ထရဟန်းသည် ပင်လုံးကျွတ် ပွင့်နေသော အင်ကြင်းပင်ကြီးအောက်၌ ရပ်တန့်လိုက် သည်။ အင်ကြင်းပင်ကြီး၏ နောက်၌ကား မြိုင်မြိုင်ဆိုင်ဆိုင် ဖူးပွင့်နေသည့် ပန်းပင်များနှင့် ရွှန်းလဲ့တောက်ပစွာ ဝေဆာနေသည့် နွယ်ပန်းများ ပန်းရုံဖွဲ့လျက် ရှိနေ၏။ ငြိမ်းချမ်း၍ နှစ်သက်ဖွယ်ကောင်းသော ဤပတ်ဝန်းကျင်သည် သိဒ္ဓတ္ထရဟန်း၏ နှလုံးသားကို ဆွဲဆောင် သိမ်းပိုက်လိုက်၏။ သိဒ္ဓတ္ထရဟန်းသည် ဝေးလံသော ခရီးကို ခြေကျင်လျှောက်ခဲ့ရသည် ဖြစ်၍ ပင်ပန်းနွမ်းနယ်နေသဖြင့် မြစ်သို့ဆင်းကာ ရေချိုးလိုစိတ် ဖြစ်ပေါ်မိ၏။ သင်္ကန်း တို့ကို ချွတ်၍ အင်ကြင်းပင်ကြီး အောက်၌ ထားခဲ့ပြီး မြစ်သို့ ဆင်းလေ၏။ ဟိုအဝေး

mgyoe.com

m.gyoe.com

သေနာနိရွာဆီမှ ခွေးဟောင်သံကို ကြားလိုက်ရ၏။ အနီးပတ်ဝန်းကျင်၌ လူသူရှိနေသည့် သင်္ကေတပင် ဖြစ်၏။ ခွေးဟောင်သံ ကြားရသော်လည်း လူသံသူသံကိုကား မကြားရပေ။

မြစ်ရေသည် ကြည်လင်သန့်ရှင်းနေ၏။ မြစ်အောက်ခြေ၌ တောက်ပြောင်နေသည့် ကျောက်စရစ်ခဲများကို မြင်နေရ၏။ တောက်ပြောင်နေသည့် ကျောက်စရစ်ခဲများပေါ်သို့ သိဒ္ဓတ္ထရဟန်း နင်းချလိုက်ရာ မြစ်ရေသည် အခြေပျက်သွား၏။ အောက်ခြေ၌ ငြိမ်ဝပ်နေသည့် ရွှံ့ ညွှန်တို့ အနည်ထလာသည်။ အထင်းသား မြင်ခဲ့ရသော ကျောက်စရစ်ခဲများကို မမြင်ရတော့ပေ။ သိဒ္ဓတ္ထရဟန်းသည် အနည်ထလာသော ရွှံ့ညွှန်များ ပြန်လည်ငြိမ်ဝပ်သွားသည်အထိ မြစ်ရေထဲ၌ မလှုပ်မယှက် ရပ်နေလိုက်၏။ ကျောက်စရစ်ခဲများ၏ တောက်ပမှုသည် ဖြည်းဖြည်းချင်း ပြန်လည်ထင်ရှားလာပြန်၏။ ကျေနပ်အားရ ပျော်ရွှင်မိသော သိဒ္ဓတ္ထရဟန်းသည် တစ်ကိုယ်တည်း ရေရွတ်လိုက်၏။

"အတ္တကိလမထ အကျင့်ကို ကျင့်သုံးနေတုန်းက ငါဟာ မြစ်ရေကို အနည်ထအောင် လုပ်ပြီး မြစ်ကြမ်းပြင်က တောက်ပတဲ့ ကျောက်စရစ်ခဲတွေကို လိုက်ရှာနေသလို ရှုးမိုက်ခဲ့တာပါလား၊ ကြည်လင်တဲ့ မြစ်ရေထဲမှာ တောက်ပနေတဲ့ ကျောက်စရစ်ခဲလေးတွေနဲ့ တူတဲ့ သမ္မောဓိဉာဏ် အမြင့်မြတ်ဆုံး ဉာဏ်အလင်းကို အဲဒီတုန်းက မရရှိနိုင်ခဲ့ဘူး၊ ငါ ကျင့်သုံးခဲ့တဲ့ စိတ်ကို ပင်ပန်းညစ်နွမ်းစေတဲ့ အကျင့်ဟာ မြစ်ရေကို အနည်ထအောင် လုပ်တာနဲ့ တူနေပါလား၊ အဲဒါကြောင့် ငါဟာ သစ္စာတရားနဲ့ ဝေးကွာခဲ့ရတာပဲ။ ခုတော့ စွဲလမ်းယုံကြည်တာတွေ အားလုံးကို သတိထားပြီး စွန့်လွှတ်ရမယ်၊ ကြည်လင်သန့်ရှင်းတဲ့ ရေအလျဉ်လို တည်ကြည်ခိုင်မြဲတဲ့ စိတ်ဓာတ်နဲ့ သဗ္ဗညုတဉာဏ် ရရှိအောင်၊ ဘုရားဖြစ်အောင် အားထုတ်မယ်၊ ငါ့စိတ်ကို စနစ်တကျ စုစည်းနိုင်မယ်ဆိုရင် ငါ့ခန္ဓာကိုယ်ဟာလည်း အချိုးကျကျ တည်ရှိနေမှာပဲ"

သိဒ္ဓတ္ထရဟန်းသည် ဦးခေါင်းကို စင်အောင် ဆေးကြောရင်း အချိန်အတော်ကြာအောင် ရေချိုးနေလိုက်၏။ အေးငြိမ်းလွတ်လပ်စွာ အနားယူရန်နှင့် ကာယလေ့ကျင့်ခန်း ပြုလုပ်ပြီးသား ဖြစ်အောင် ရည်ရွယ်၍ မြစ်ဟိုဘက်ကမ်းနှင့် သည်ဘက်ကမ်း အပြန်ပြန်အလှန်လှန် ကူးခပ်နေလိုက်၏။

သေနာနိရွာသူကြီး နန္ဒိက၏ နွားကျောင်းသားသည် နွားများကို စားကျက်မြေမှာ တစ်နေ့တာ ထိန်းကျောင်းပြီးနောက် ညနေစောင်းချိန်၌ နွားများကို အိမ်သို့ ပြန်လည်မောင်းနှင်နေ၏။ စုစုပေါင်း နွားမတစ်ထောင်နှင့် နွားထီးတစ်ထောင်ဖြစ်၏။ နွားကျောင်းသားသည် နွားအုပ်ကြီးကို နောက်မှပဲ့ကိုင်၍ မောင်းနှင်နေ၏။ အင်ကြင်းပင်ကြီးအနီး ရေတိမ်သော နေရာမှနေ၍ နွားများ မြစ်ကို ကူးဖြတ်အောင် ထိန်းမောင်းနေခြင်း ဖြစ်၏။ ယခင်နေ့များကဆိုလျှင် နွားများသည် တုံ့ဆိုင်းခြင်း မရှိဘဲ မြစ်ထဲသို့ ဆင်းလိုက်ပြီး တစ်ဖက်ကမ်းသို့ ကူးခဲ့ကြ၏။ ယနေ့၌ကား နွားများသည် မြစ်ကို မကူးဘဲ မြစ်ကမ်းမှာ စုရုံးမိနေကြပြီး တစ်စုံတစ်ရာကို တအံ့တဩ ငေးကြည့်နေကြ၏။ နွားကျောင်းသားသည် နွားများ

mgyoe.com

mgyoe.com SAMPLE BOOK

မြစ်ကို ကူးဖြတ်ရန် အချက်ပေးသည့်အနေဖြင့် နောက်မှ တံဖျာနှင့် တို့မောင်းသော်လည်း တစ်ကောင်မျှ ရွေ့လျားခြင်း မရှိပေ။ အင်ကြင်းပင်ကြီးအောက်၌ စုပုံထားသော သက်ံနံး များကို တွေ့လိုက်ရသော နွားကျောင်းသားသည် မြစ်ထဲမှာ ရှိနေမည့် သက်ံနံးပိုင်ရှင်ကို လိုက်ရှာကြည့်၏။ တုန္ဒိုင်းမမိအောင် လှပခံ့ညားသူ တစ်ယောက် မြစ်ထဲမှာ ရေချိုးနေသည် ကို တွေ့လိုက်ရသည်။ လူသူကင်းဝေးသော ဤနေရာ၌ ဤကဲ့သို့သော သူကို နွားကျောင်းသား တစ်ခါမှ မတွေ့ခဲ့ဖူးပေ။ ထူးဆန်းသော ဤလူစိမ်းကား ရွှေရောင် အသားအရေပိုင်ရှင် ဖြစ်၏။ သူ့ဆံပင်တို့ တွန့်လိပ်နေ၏။ သူ့နှာခေါင်းနှင့် သူ့နားရွက်တို့ ထူးထူးခြားခြား ရှည်နေ၏။ ဟန်ပန်မူရာမှာ မင်းပျိုမင်းလွင် တစ်ယောက်နှင့် တူ၏။ အသွင်အပြင် အားလုံး မှာ မြင်ရသူကို အလွန်အမင်း ငြိမ်းချမ်းစေ၏။ မြစ်ကမ်းမှာ ရှိနေသည့် နွားကျောင်းသား နှင့် နွားအုပ်ကြီးကို ကြည့်နေသည့် သူ့မျက်ဝန်းအစုံ၌ ကြီးမြတ်သော ကရုဏာရိပ်တို့ လွှမ်းမိုးနေ၏။

ဤနေရာ၌ တစ္ဆေသရဲများ ရှိသည်ဟု ကြားဖူးထားသော နွားကျောင်းသား သည် ရပ်နေရင်း ရုတ်တရက် ကြောက်လန့်မိသည်။ သို့သော် လူစိမ်း၏ မျက်နှာကို မြင်လိုက်ရသည်နှင့် အကြောက်ပြေသွားပြီး မြစ်ကမ်းသို့ ချဉ်းကပ်လိုက်၏။ ထို့နောက် မေးမြန်းစုံစမ်း၏။

"ခင်ဗျားက နတ်ကောင်းနတ်မြတ်လား၊ နတ်ဆိုးလား"

"ကောင်လေး··· မကြောက်ပါနဲ့၊ ငါဟာ ရသေ့ရဟန်းပါ၊ မင်းလို လူပါပဲ၊ သက်ံနံးတွေ ချွတ်ထားခဲ့ပြီး မြစ်ထဲမှာ ရေဆင်းချိုးနေတာပါ"

"မဟုတ်ဘူး၊ နတ်ဆိုး ဖြစ်ရမယ်၊ နတ်ဆိုးမို့ ကျုပ်နွားတွေက မြစ်ထဲ မဆင်းဘဲ ငေးကြည့်နေကြတာပေါ့"

"မဟုတ်ဘူး ကောင်လေး··· မဟုတ်ဘူး၊ မြစ်ထဲမှာ ငါ ရှိနေတာကို မင့်နွားတွေ က မြင်တယ်၊ သူတို့က ငါ့ကို ချစ်မြတ်နိုးလို့၊ ငါ့ကို သနားလို့ မြစ်ထဲ ဆင်းပြီး မကူး ကြတာ ထင်ပါတယ်၊ ငါက သတ္တဝါအားလုံး အပေါ်မှာ ကရုဏာထားတဲ့သူပါ၊ ငါဟာ သူတို့အတွက် အန္တရာယ် မဟုတ်ဘူးဆိုတာ သူတို့ သိတာပေါ့၊ မင်း သံသယ ကင်းသွား အောင် ငါ ရေထဲကနေ တက်လာခဲ့မယ်၊ မင့်နွားတွေ ဘယ်လိုနေသလဲ ကြည့်ပြီး ငါ ဘာလဲဆိုတာ ဆုံးဖြတ်ပါ"

သိဒ္ဓတ္ထရဟန်းသည် တစ်လှမ်းချင်း မြစ်ရေမှ တက်လာ၏။ သူ့ရေသနုပ်မှ ရေများ စီးကျလျက် ရှိနေသည်။ နွားကျောင်းသားသည် အံ့ဘနန်း ထူးဆန်းသည့် ရဟန်းကို ကြောက်ရွံ့အံ့သြမှု အပြည့်နှင့် ကြည့်နေသော်လည်း မြစ်ကမ်း၌ စုရပ်နေသည့် နွားအုပ်ကား အနည်းငယ်မျှပင် ကြောက်ရွံ့ထိတ်လန့်ပုံ မပေါ်ပေ။ နွားတို့သည် စွင့်ထောင် နေသော ဦးခေါင်းများကို ပြန်ချလိုက်ပြီး တည်တည်တံ့တံ့ ရပ်နေကြ၏။ ရဟန်းသည် ရှေ့ဆုံးက ဦးဆောင်နွား၏ ချွန်မြသော ဦးချိုနှစ်ချောင်းကြားမှ ကိုင်၍ အသိအမှတ်ပြု

လိုက်ပြီး ရှေ့ဆက်သွား၏။ ထိုအခါ ဦးဆောင်နွားသည် ကိုယ်ကို နှိမ့်ဝပ်လိုက်ပြီး ဒူးထောက်လျက်သားနှင့် ရသေ့နောက် လိုက်နေရင်း ရသေ့၏ ခြေအစုံကို လျှာနှင့် လျက်ပေး၏။

ဤအဖြစ်အပျက်ကို မယုံကြည်နိုင်သော မျက်လုံးများဖြင့် ကြည့်နေသော နွားကျောင်းသားသည် ရသေ့၏ ရှေ့မှောက်၌ အလျားမှောက်၍ ဝပ်စင်းလိုက်လေ၏။

"အရှင်··· အရှင်ဟာ နတ်ဒေဝါပါပဲ၊ ဒီလို အံ့သြစရာမျိုး တစ်ခါမှ မမြင်ဖူးပါဘူး၊ တစ်ခါမှ မကြားဖူးပါဘူး"

"ကောင်မလေး··· မတ်တတ်ရပ်ပါ၊ ဒါ အံ့သြစရာ မဟုတ်ပါဘူး၊ မင်း ထင်သလို ငါဟာ နတ်ဒေဝတာလည်း မဟုတ်ပါဘူး၊ သက်ရှိသတ္တဝါ အားလုံးအပေါ်မှာ ကြီးမြတ်တဲ့ ကရုဏာကို ကျင့်သုံးနိုင်မယ် ဆိုရင် မင်းလည်း ငါ့လို ဖြစ်နိုင်ပါတယ်၊ တစ်ဦး တစ်ယောက် အပေါ်မှာ မင်းထားတဲ့ သဘောထားအတိုင်း ရောင်ပြန်ဟပ်တဲ့ သဘောထားကို ခံယူရရှိရပါတယ်၊ ကောင်လေး··· တစ်ယောက်ယောက်ကို မင်းက အမုန်းပွားတယ် ဆိုရင် သူကလည်း မင့်ကို ပြန်ပြီး အမုန်းပွားမှာပါ၊ မင်းက သူ့ကို ချစ်ခင်တယ်ဆိုရင် သူကလည်း မင့်ကို ပြန်ချစ်မှာပါ၊ ငါက အားလုံးအပေါ်မှာ မခွဲခြားဘဲ ကရုဏာထားတဲ့အတွက် ကမ္ဘာပေါ်မှာရှိတဲ့ ဘယ်သတ္တဝါမှ ငါ့အတွက် အန္တရာယ် မရှိပါဘူး"

သိဒ္ဓတ္ထရဟန်းသည် မြေပြင်ပေါ်၌ အလျားမှောက်နေရင်း လက်ဆယ်ဖြာ ထိပ်မှာမိုးလျက် ရှိနေသော နွားကျောင်းသားငယ်ကို ပခုံးကကိုင်၍ ဆွဲထူမလိုက်သည်။ ထို့နောက် ရေစိုသင်္ကန်းများကို လဲ၍ ဝတ်လိုက်သည်။

ထိုစဉ် နွားကျောင်းသားငယ်က မေး၏။

"အရှင်··· ဘယ်က လာလို့ ဘယ်ကို သွားမှာပါလဲ"

"ကောင်လေး··· ငါ ဒီကို လာခဲ့ပါတယ်"

ဟု ရဟန်းက ဖြေ၏။

"နားမလည်နိုင်ပါဘူး အရှင်၊ ဒီနေရာမှာ အိမ် မရှိပါဘူး၊ ဒီနေ့ရာမှာ လူတွေလည်း မနေကြပါဘူး၊ ယုတ်စွအဆုံး ဂူတစ်လုံးတောင် မရှိပါဘူး"

"ကောင်လေး··· ပတ်ဝန်းကျင်ကို ကြည့်စမ်းပါ၊ နေရာကောင်းကောင်း ရှိနိုင်သလား"

"အရှင်မြတ်ဘုရား၊ ဒီည ဘယ်မှာ အိပ်မှာလဲ"

"ဒီအင်ကြင်းပင်ကြီးအောက်မှာ နေရာရှိတယ်လေ၊ အဲဒီမှာ အိပ်မယ်"

"အန္တရာယ် ရှိပါတယ် အရှင်မြတ်ဘုရား၊ မှောင်လာရင် ဒီနေရာမှာ တစ္ဆေသရဲတွေ၊ မကောင်းဆိုးဝါးတွေ ပြည့်နှက်နေတာပါ၊ တပည့်တော်က မှောင်ရိပ်မကျခင် မြစ်ကိုကူးပြီး ဒီနေရာက ထွက်ခွာဖို့ ရှိပါတယ်၊ ဒီနယ် ဒီနေရာဟာ တစ်ချိန်က ပြင်းထန်တဲ့ စစ်ပွဲနေရာ ဖြစ်ခဲ့တယ်လို့ ကြားဖူးပါတယ်"

mgyoe.com

mgyoe.com SAMPLE BOOK

"ကောင်လေး… ငါက ဝေသာလီရဲ့ မှောင်မှောင်မည်းမည်း ထိတ်စရာကောင်းတဲ့ ညတွေမှာ သုသာန် သင်္ချိုင်းတွေထဲ ဝင်ပြီးတော့ အရိုးခေါင်းတွေကို ခေါင်းအုံး အိပ်ခဲ့တာ၊ သူသေကောင် ပတ်တဲ့ အဝတ်တွေကို ခွာယူပြီး ခြုံခဲ့တာ၊ ငါ့ကို ဘယ်သူမှ လာပြီး မခြောက် မလှန့်ဘူး၊ အချိန်ရှိခိုက် ငါ တရားအားထုတ်မယ်၊ ဒီပတ်ဝန်းကျင်မှာ တော်တော်ကြာအောင် နေဦးမယ်၊ ငါ့ကို ခြောက်လှန့်မနေပါနဲ့၊ ဒီနေရာမှာ ငါ ရှိနေတယ် ဆိုတာကို ဘယ်သူမှ မသိပါစေနဲ့"

"အရှင်ဘုရား… တပည့်တော်ရဲ့ သခင်ဟာ မျိုးရိုးကြီးမြတ်သူ တစ်ယောက် ဖြစ်ပါတယ်၊ သူဟာ တကယ့်ကို ရက်ရောပါတယ်၊ အရှင်ဘုရား ဒီမှာ ရှိနေတယ် ဆိုတာ သူ့ကို အသိပေးလိုက်ရင် သူ အချိန်မဆိုင်းဘဲ အရှင်ဘုရားဆီ လာပါလိမ့်မယ်၊ အရှင်ဘုရား သဘောကျတဲ့ နေရာမှာ သင်္ခမ်းကျောင်း ဆောက်ပေးပါလိမ့်မယ်၊ အရှင်ဘုရား အလိုရှိတဲ့ စားဖွယ်သောက်ဖွယ်တွေလည်း စီမံပေးပါလိမ့်မယ်၊ အရှင်ဘုရား… အရှင်ဘုရား ဒီမှာ ရှိတယ်ဆိုတာ သူ့ကို အသိပေးလိုက်ပါ့မယ်"

"မလုပ်နဲ့ ကောင်လေး၊ ငါ့အကြောင်း ဘာမှ မပြောနဲ့၊ လိုအပ်ရင် ငါ ဆွမ်းခံလာမယ်၊ မင်း အပါအဝင် လူသားအားလုံးရဲ့ ကောင်းကျိုးအတွက် ဝိမုတ္တိလမ်းကို ငါ ရှာနေတယ်၊ အဲဒီအတွက် စိတ်တည်ငြိမ်မှု လိုအပ်တယ်"

"အရှင်ဘုရား… အရှင်ဘုရားရဲ့ ဆန္ဒအတိုင်း တပည့်တော် နှုတ်ဆိတ်နေလိုက်ပါ့မယ်၊ ဒါပေမဲ့ ခု ဒီညအတွက် ညစာ ဘယ်လိုလဲ၊ အရိပ်တွေ အမှောင်တွေကို တပည့်တော် ကြောက်တတ်ပေမယ့် အရှင်ဘုရားအတွက် ဆိုရင်တော့ မကြောက်တော့ပါဘူး၊ တပည့်တော်ရဲ့ သခင့်အိမ်က စားစရာ တစ်ခုခု သွားယူပေးပါ့မယ်"

"ကောင်လေး… ငါ မစားချင်ဘူး"

"ဒါဆိုရင်လည်း အရှင်ဘုရား… အရှင်ဘုရားရဲ့ သပိတ်ထဲ နွားနို့ ညှစ်ထည့်ပေးပါ့မယ်၊ မနက်ခင်း၊ ညနေခင်း ဘယ်အချိန်မဆို အရှင်ဘုရား လိုသလောက် လုပ်ပေးပါ့မယ်"

သိဒ္ဓတ္ထရဟန်းသည် နှုတ်ဆိတ်နေ၏။ ထိုစဉ် နွားကျောင်းသားသည် သပိတ်ကို ယူ၍ မြစ်သို့ ဆင်းကာ သပိတ်နှင့်အပြည့် ရေခပ်ယူ၏။ အနီး၌ ရှိနေသော နွားမ တစ်ကောင်၏ နို့တံများကို ထိုရေဖြင့် ဆေးကြောသုတ်သင်၍ သပိတ်ထဲ နို့ညှစ်ယူရန် ပြင်ဆင်၏။ နွားမသည် တည်ငြိမ်စွာဖြင့် လိုလိုလားလား နို့ညှစ်ခံနေသည်ကို နွားကျောင်းသား တွေ့လိုက်ရ၏။ အထူးတလည် မညှစ်လိုက်ရဘဲ နို့တံများမှ နို့များ သပိတ်ထဲသို့ ထွက်ကျလာ၏။

နွားကျောင်းသားငယ်သည် နွားမနှစ်ကောင်ကို နို့ညှစ်ရာ သပိတ်ပြည့်လေ၏။ နို့သပိတ်ကို သိဒ္ဓတ္ထရဟန်း၏ ရှေ့မှာ ချထားလိုက်ပြီး လျှောက်ထား၏။

mgyoe.com

mgyoe.com
SAMPLE BOOK


"အရှင်ဘုရား… အရှင်ဘုရားဟာ ကုသိုလ်ဘုန်းကံ ကြီးမားသူပါ၊ ဒီနေ့ အရှင်ဘုရားရဲ့ ရှေ့မှောက်မှာ အံ့သြစရာနှစ်ခု ဖြစ်ပေါ်ခဲ့ပါတယ် ဘုရား၊ ဖြစ်ခဲ့တာတွေကို လျှောက်ထားပါ့မယ်၊ ဒီနေ့မနက် ဒီနွားမ နှစ်ကောင်ကို နို့ညှစ်တုန်းက နှစ်ကောင်လုံး ခြေဆောင့်ခွာပေါက်ပြီး အတင်းရုန်းပါတယ်၊ နို့ညှစ်မခံကြဘူး၊ နို့ချမပေးကြဘူး၊ ခုတော့ ယဉ်ပါးနေလိုက်ကြတာ၊ နို့လည်း သပိတ်ပြည့်တဲ့အထိ ချပေးတယ်၊ အံ့သြစရာ မကောင်းဘူးလား"

သိဒ္ဓတ္ထရဟန်းက ပြန်လည် မိန့်ကြား၏။

"ကောင်လေး… မင်းရော၊ မင့်နွားမတွေရော၊ နွားသားငယ်လေးတွေရော နွားပိုင်ရှင် နန္ဒိကသူကြွယ်ပါ ကောင်းချီးမင်္ဂလာနဲ့ ပြည့်စုံပါစေ။ ခု ဖြစ်ခဲ့တဲ့အထဲမှာ အံ့သြစရာ မပါပါဘူး၊ တန်ခိုးပြာဋိဟာလည်း မဟုတ်ဘူး၊ တကယ်တော့ နွားမတွေ သူတို့ဆန္ဒကို ထုတ်ဖော်ပြသလိုက်တာသာ ဖြစ်တယ်၊ မင်းရဲ့ အလှူကို နိမိတ်ကောင်းတစ်ခု အဖြစ် ငါ ယူဆတယ်၊ မင့်အကျိုးစီးပွားအတွက် ငါ အစကတည်းက စိတ်ကူးထားတဲ့ ရည်ရွယ်ချက် ပြီးမြောက်အောင် အားထုတ်မယ်၊ ကောင်လေး… ပြန်တော့၊ ဒီည အေးအေးဆေးဆေး နေလိုက်ဦး"

နွားကျောင်းသားနှင့် သူ့နွားအုပ်ကြီး မြစ်တစ်ဖက်ကမ်းသို့ ကူးသွားကြ၏။ မြစ်တစ်ဖက်ကမ်း ရောက်သောအခါ ပြန်လှည့်ကြည့်ပြီး သိဒ္ဓတ္ထရဟန်းကို ငေးကြည့်နေကြ၏။ ထို့နောက် အေးအေးဆေးဆေး ထွက်ခွာသွားကြ၏။ သိဒ္ဓတ္ထရဟန်းသည် အရှေ့အရပ်သို့ မျက်နှာမူရင်း အင်ကြင်းပင် ခြေရင်းမှာ ထိုင်လိုက်၏။ သိဒ္ဓတ္ထရဟန်း နို့ဆွမ်းကုန်အောင် ဘုဉ်းပေး သုံးဆောင်ပြီးချိန်၌ နေမင်းသည် အနောက်ဘက် ကောင်းကင်ပြင်ကို အနီရောင် ခြယ်ပေးရင်း ကျဝင် နစ်မြုပ်လျက် ရှိနေ၏။

mgyoe.com

mgyoe.com SAMPLE BOOK

# ပံ့သကူသက်န်း ကောက်ယူခြင်း

ရက်ပေါင်းများစွာ ကုန်လွန်ခဲ့လေပြီ။ နွားကျောင်းသားသည် နွားအုပ်ကြီးနှင့်အတူ နေ့စဉ် ပုံမှန် မြစ်ကို ကူးဖြတ်လျက် ရှိ၏။ စားကျက်မြေမှာ တစ်နေကုန် နွားကျောင်းပြီး ညနေခင်း၌ နွားပြန်သွင်း၏။ သိဒ္ဓတ္ထရဟန်းသည်ကား တောအုပ်အတွင်း ကမ္မဋ္ဌာန်း ရှုမှတ်ရင်း နေ့ခင်းကာလကို ကုန်လွန်စေ၏။ မှောင်ရိပ်ပျိုးချိန်၌ သူ နားခိုရာ အင်ကြင်းပင် ကြီးဆီသို့ ပြန်လာပြီး အင်ကြင်းရိပ်၌ တည်ရှိသည့် ကျောက်ဖျာတစ်ခုပေါ်မှာ အနားယူ လေ၏။

တစ်ညသ၌ ကြီးမားကျယ်ပြန့်သည့် ဥရုဝေလ မြက်ခင်းပြင်ပေါ်မှာ လရောင် ဖြာဆင်းလျက် ရှိနေ၏။ တောအုပ်အတွင်း၌ လည်းကောင်း၊ စားကျက်မြေအနှံ့ တည်ရှိ နေသည့် သစ်ပင်ကြီးများ၏ အရိပ်တို့၌ လည်းကောင်း ကြောက်မက်ဖွယ် ညသတ္တဝါများ စူးစူးဝါးဝါး အော်ဟစ်တွန်မြည်လျက် ရှိကြ၏။ သေနာနိဂုံ သုသာန်မှ မြေခွေးတို့၏ အူသံရှည်များကို ကြားနေရသည်။

လရောင်ဆမ်းထားသည့် ထူးဆန်းသော ထိုည၌ သိဒ္ဓတ္ထရဟန်းသည် နိုးနိုး ကြားကြား ရှိနေ၏။ သူသည် ဟောင်းနွမ်းစုတ်ပြတ်နေသည့် သင်္ကန်းကို ဝတ်ဆင်ထား၏။ လရောင်ဖြာဝင်းနေသော မြက်ခင်းပြင်ကို ဖြတ်လျှောက်လျက် ရှိနေ၏။ မြေခွေးအူသံများ ကြားရရာ အရပ်ဆီသို့ သွားနေခြင်း ဖြစ်ပေသည်။

အမှောင်ရိပ် ကျရောက်ရာ နေရာတို့သည် ထိတ်လန့်စရာ ကောင်းနေ၏။ သစ်ကိုင်းများ လှုပ်ခတ်လိုက်တိုင်း စိုးရွံ့စရာ ဖြစ်နေ၏။ တိတ်ဆိတ်၍ မှောင်မည်းနေသော

mgyoe.com

ညသည် ကြောက်မက်ဖွယ်ရာများကို ထုပ်ပိုးထားၡ၏။ ခွေးဟောင်သံ၊ သားရဲအူသံများ ဟိုမှသည်မှ ထွက်ပေါ်လာတတ်သည်။ သစ်ကိုင်းများ ကျိုးကျတတ်သည်။ သစ်ရွက်တို့ လှုပ်ခတ်နေသည်။ ဝန်လိုင့်ကမျှား အော်မြည်ညည်းတွားနေကြရင်း ရပ်တန့်သွားရာ ရုတ်တရက် ထိတ်စရာကောင်းလောက်သည့် တိတ်ဆိတ်မှုကြီး မင်းမူသွား၏။ နှလုံးကွဲစေနိုင်လောက်သည့် ထိတ်လန့်ဖွယ်ရာကို ခံစားရ၏။

ခြေလှမ်း လှမ်းလိုက်တိုင်း ထိတ်လန့်စရာ တစ်မျိုး မဟုတ် တစ်မျိုး ဖြစ်ပေါ်နေသော ထူးဆန်းသည့် ဤလိုညမျိုး၌ အကြောက်အရွံ့ကင်းမဲ့သူ သိဒ္ဓတ္ထရဟန်းသည် အစုလိုက် အစုလိုက် တည်ရှိသည့် သစ်ပင်ရိပ် မည်းမည်းတို့ ဝိုင်းရံထားသော သုသာန် သင်္ချိုင်းအတွင်းသို့ လှမ်းဝင်သွားလေ၏။

သုသာန်အတွင်း တစ်နေရာ၌ မြေခွေးများ ဝိုင်းအုံနေကြသည်။ စူးရှသော အပုပ်နံ့တစ်ခု ပျံ့နှံ့လျက် ရှိနေ၏။ မာန်ဖီညည်းတွားလျက် ရှိနေကြသော မြေခွေးတို့သည် တစ်စုံတစ်ရာကို ဝိုင်းအုံဆွဲယမ်း စားသောက်နေကြခြင်း ဖြစ်၏။ ထိုမြေခွေးတို့၏ အစာကား နန္ဒိကသူကြွယ်၏ အစေခံကျွန်ဖြစ်သော ရာဒ၏ ရုပ်အလောင်း ဖြစ်၏။ မနှစ်မြို့ဖွယ် လူသေကောင် အပုပ်နံ့သည် နေရာတိုင်းမှာ ထွက်ပေါ်ပျံ့နှံ့နေ၏။ အာသာငမ်းငမ်း မြေခွေးတို့၏ ထက်မြသော သွားစွယ်ဖွေးဖွေးများနှင့် တောက်ပသော မျက်လုံးများတို့သည် လျှပ်စီးရောင်ကဲ့သို့ တလက်လက် တောက်ပနေ၏။ သိဒ္ဓတ္ထရဟန်းသည် မနှေး မမြန် ပုံမှန် ခြေလှမ်းဖြင့် လှမ်းနေ၏။ ယခုကဲ့သို့ လရောင် အလင်းအောက်၌ ရှိနေသော သူ၏ သိမ်မွေ့သော မျက်နှာထားသည် နေ့အခါမှာကဲ့သို့ပင် ကြည်လင်နေ၏။

သိဒ္ဓတ္ထရဟန်း အနီးသို့ ရောက်လာချိန်၌ မြေခွေးတို့သည် အလောင်းကောင်၏ အရိုးတို့ကို ကိုက်မိနေကြလေပြီ။ အချို့က ကလီစာတို့ကို ဆွဲနေကြ၏။ အချို့က အသား ကို စားလျက် ရှိကြ၏။ အချို့က သွားကြိတ်လျက် မာန်ဖီလျက် အမြီးကုပ်ကာ မြေပေါ်မှာ ငြိမ်သက်စွာ ဝပ်လျက်နှင့် ရန်စောင်နေကြ၏။

သိဒ္ဓတ္ထရဟန်းသည် သွေး၊ ပြည်တို့ ပေကျံနေပြီး ပုပ်အဲ့အဲ့ အနံ့ထွက်နေသော သူသေကောင်မှ ကျွတ်ထွက်လာသည့် အဝတ်စကို ညာလက်ဖြင့် ကောက်ယူလိုက်၏။ ထိုစဉ် သူသည် နှာခေါင်းလည်း မပိတ်၊ မျက်လုံးလည်း မမှိတ်ပေ။ လက်ဖျားနှင့်ပင် ထိချင်စရာ မကောင်းသော အလောင်းပတ်သည့် အဝတ်စကို ညာလက်ဖြင့် ကောက်ယူပြီးသော သိဒ္ဓတ္ထရဟန်းသည် သူ လာရာလမ်းအတိုင်း အနော်မာ မြစ်ကမ်းဆီသို့ ပြန်လျှောက်သွား ၏။ ထို့နောက် အဝတ်စကို မြစ်ရေမှာ စင်အောင် ဆေးလျှော်၏။ နောက်ဆုံး၌ ရေများကို ညှစ်လိမ်ထုတ်လိုက်လေသည်။



mgyoe.com

mgyoe.com SAMPLE BOOK

# ယနာနို့ဆွမ်းခံယူခြင်း

နန္ဒိယသူကြွယ်၏ သမီးကြီး သုဇာတာသည် အနော်မာမြစ်ကမ်းရှိ ညောင်ပင်ကြီး တစ်ပင်ကို ပိုင်စိုးသည့် နတ်မင်းထံ၌ ဆန္ဒပြည့်ဝရန် ဆုတောင်းထား၏။ ဘဝတစ်ပါး ပြောင်းသွားလေသူ ဆွေဟောင်းမျိုးဟောင်းတို့ ထိုညောင်ပင်ကြီးမှာ နေထိုင်သည်ဟုလည်း ယုံကြည်ထားကြ၏။ သုဇာတာ၏ ဆန္ဒကား အမျိုးနွယ်တူ ဂုဏ်ရည်တူ သတို့သားတစ်ယောက်နှင့် လက်ထပ်ပြီး သားဦးယောကျ်ားလေး ဖွားမြင်ရန် ဖြစ်၏။ ညောင်ပင်ကြီး၌ အဓိဋ္ဌာန်ပြုဆုတောင်းပြီး နှစ်နှစ်၊ သုံးနှစ် ကြာသောအခါ မျှော်လင့်သည့်အတိုင်း ဆန္ဒပြည့်ဝသည်ဖြစ်၍ သုဇာတာသည် အဓိဋ္ဌာန်အတိုင်း ဆောင်ရွက်ရန် စိတ်ကူးလေ၏။ သို့ဖြစ်၍ ထိုနေ့အရုဏ်မတက်မီ စောစောထ၍ နွားမ ရှစ်ကောင်ကို ကိုယ်တိုင် နို့ညှစ်၍ ကိုယ်တိုင်ပင် နို့ဆွမ်းချက်၏။ နို့ဆွမ်း ကျက်ခါနီးသော် ကူညီချက်ပြုတ်နေသည့် ကျွန်မ ပုဏ္ဏာကို ပြော၏။

"ပုဏ္ဏာ··· သွားပါ၊ ညောင်ပင်အခြေကို သွားပြီး သန့်ရှင်းပါ၊ အဲဒီမှာ သဲဖြူခင်းပါ"

နံနက် ဝေလီဝေလင်းအချိန်၌ ကျွန်မ ပုဏ္ဏာသည် လယ်ကွင်းကိုဖြတ်၍ ညောင်ပင်ဆီသို့ သွားနေ၏။ ညောင်ပင်အခြေ၌ တစ်စုံတစ်ရာ ထူးထူးဆန်းဆန်း ဖြစ်နေသည်ကို သတိထားမိလိုက်သည်။ အံ့သြလွန်းလှသည် ဖြစ်၍ ခြေလှမ်းများကို အရှိန်မြှင့်လိုက်၏။ သစ်ပင်အခြေ၌ ကမ္ဘဋ္ဌာန်းတရား အားထုတ်နေသော ရဟန်းတစ်ပါးကို ပုဏ္ဏာ တွေ့လိုက်ရ၏။ အပင်ကို ကျောမှီပြု၍ မျက်လုံးများ မှိတ်ထားလျက် မလှုပ်မယှက် ရှိနေသော

mgyoe.com

ရဟန်းကို မြင်လိုက်ရသည့်နှင့် တစ်ပြိုင်နက် ပုဏ္ဏသည် ရဟန်းကို လက်အုပ်ချီမိုး ရှိခိုးမိလျက်သား ဖြစ်သွား၏။ ညောင်ပင်မှာနေသော ရုက္ခစိုးသည် ပူဇော်ပသမှုကို ခံယူရန်အတွက် ရသေ့ ရဟန်း အသွင်ဖြင့် ညောင်ပင်အောက်သို့ ရောက်လာခြင်း ဖြစ်သည်ဟု ပုဏ္ဏ ယူဆလိုက်၏။ ပုဏ္ဏသည် ရှေ့သို့ဆက်၍ တိုးသွားရန် မဝံ့မရဲ ဖြစ်နေ၏။ ညောင်ပင်နားမှာလည်း ကြာကြာမနေလိုပေ။ သို့ဖြစ်၍ အိမ်သို့ ပြန်ပြေး၏။ ကြောက်လွန်းသဖြင့် နောက်သို့ ပြန်လှည့်မကြည့်နိုင်တော့ပေ။

ထိုအချိန်၌ သုဇာတာသည် အလွန်ပင် စင်ကြယ်သန့်ရှင်း မွန်မြတ်လှသော နို့ဆွမ်းကို ချက်ပြီးနေပြီ ဖြစ်၏။ အထွတ်အမြတ်ဖြစ်သော နို့ဆွမ်း၏ အရသာကို မြည်းစမ်း၍ပင် မကြည့်ခဲ့ပေ။ နို့ဆွမ်းကို ခမ်းနားလှသော ခွက်ကြီးထဲ ထည့်လိုက်ပြီး အဖုံးဖုံးရန် ပြင်ဆင်နေ၏။ ထိုစဉ် သူမဆီသို့ လျှောက်လာနေသော ပုဏ္ဏကို မြင်လိုက်ရ၍ မကျေမချမ်း ဖြစ်မိသည်။

"ပုဏ္ဏ··· ဘာဖြစ်တာလဲ၊ အစောကြီး ပြန်လာတယ်၊ ငါ ခိုင်းလိုက်တာများ မေ့လာခဲ့သလား"

"မဟုတ်ပါဘူး··· သခင်မ၊ ညောင်ပင်ခြေရင်းမှာ··· အံ့သြစရာ ကောင်းလိုက်တာ သခင်မရယ်။ ညောင်ပင်မှာနေတဲ့ ရုက္ခစိုးနတ်မင်းက လှူဒါန်းပူဇော်တာ ခံယူဖို့ ညောင်ပင်ခြေရင်းမှာ ရသေ့ ရဟန်းယောင်ဆောင်ပြီး ရောက်နေတယ်၊ ဒီလောက် ကိုယ်ရောင်ကိုယ်ဝါ တောက်ပနေတာ လူတော့ မဖြစ်နိုင်ဘူး၊ နတ်ပဲ ဖြစ်ရမှာ။ အရှင်မြတ်က မျက်လုံးတွေ မှိတ်ပြီး တည်တည်ငြိမ်ငြိမ် ထိုင်နေတာ၊ နောက်ကျရင် အမျက်ထွက်လိမ့်မယ်၊ သခင်မ··· မြန်မြန်လုပ်ပါ၊ ညောင်ပင်ဆီသွားပြီး ပူဇော်ပသပါ"

"ပုဏ္ဏ··· နင့် ကြည့်ရတာ တစ်ခုခုကို ကြောက်လန့်နေသလိုပါပဲလား"

"မဟုတ်ဘူး··· သခင်မ၊ မြန်မြန်သွားပါ၊ အံ့သြစရာ ကောင်းလိုက်တာ"

သုဇာတာသည် မယုံသင်္ကာ ဖြစ်မိသော်လည်း အလွန်ပင် သဘောကျမိ၏။ သူမသည် လက်နှင့် ကိုင်ထားသော ရွှေခွက်ကို ခေါင်းပေါ်တင် ရွက်လိုက်ပြီး ညီမဖြစ်သူ နန္ဒာ၊ ကျွန်မဖြစ်သူ ပုဏ္ဏတို့နှင့်အတူ ညောင်ပင်ကြီးဆီသို့ သွားလေ၏။

"သခင်မ··· ကြည့်လိုက်စမ်းပါ၊ ညောင်ပင်ရင်းမှာ ကြည့်လိုက်စမ်းပါ"

ဟု ပုဏ္ဏသည် အဝေးမှပင် အော်နေ၏။

"ပုဏ္ဏ··· မအော်စမ်းနဲ့၊ ဒီလောက် ထူးဆန်းနေတာကို ငါလည်း မြင်တယ်"

နံနက်ခင်း နေရောင်ခြည်သည် တစ်ခဲနက်သော ညောင်ရွက်များကြားမှ တိုးထွက်၍ ညောင်ပင်ခြေရင်းသို့ ကျရောက်လျက် ရှိနေ၏။ ရဟန်းမြတ်သည် သမထကမ္မဋ္ဌာန်းကို ခွာလိုက်ပြီး တစ်ဝက်ဖွင့်သော မျက်လုံးများဖြင့် စားကျက်မြေ အဝေးဆီသို့ ကြည့်နေ၏။ တည်ငြိမ်အေးချမ်းစွာ လျှောက်လှမ်းလာနေသူ သုဇာတာသည် ရဟန်းမြတ်၏ ရှေ့မှောက်သို့ တိုက်ရိုက် သွားရောက်ရန် ကြောက်ရွံ့မိ၏။ မဝံ့မရဲ မရေမရာ ဖြစ်နေရင်း ဦးခေါင်းကို

mgyoe.com

mgyoe.com SAMPLE BOOK

စွင့်စွင့် ထောင်မတ်လျက် ရဟန်းမြတ်၏ မျက်နှာကို ကြည့်လိုက်၏။ ရဟန်းမြတ်သည် သူ့ထံမှောက်သို့ အရင်ဆုံး ရောက်ရှိလာသူ သုဇာတာကို စိုက်ကြည့်နေ၏။ ထိုစဉ် သုဇာတာ အကြောက်ပြေသွား၏။ သူမ၏ စိတ်၌ အကြင်နာ မေတ္တာနှင့် ကြည်ညိုခြင်း သဒ္ဓါတို့ ပြည့်လျှမ်းသွား၏။ သုဇာတာသည် ရှေ့သို့ ညင်သာစွာ တိုးရွှေ့လိုက်ပြီး အရှင်မြတ်ထံ ချဉ်းကပ်၏။ ခေါင်းပေါ်မှ ရွှေခွက်ကို လက်နှင့် မ ယူလိုက်ပြီး အရှင်မြတ်၏ လက်သို့ ဆက်ကပ်လိုက်ကာ မြေပြင်ပေါ် အလျားမှောက်လျက် အရှင်မြတ်ကို ရှိခိုးဝတ်ပြု၏။ ထို့နောက် ရိုသေစွာ လျှောက်ထားလေ၏။

"အရှင်ဘုရား၊ တပည့်တော်မ အဓိဋ္ဌာန်ပြုခဲ့တဲ့အတိုင်း ဆက်ကပ်တဲ့ ဒီဆွမ်းကို လက်ခံတော်မူပါ ဘုရား၊ သန့်သန့်ရှင်းရှင်း ချက်ခဲ့တာပါ၊ တပည့်တော်မ လက်နဲ့တောင် မတို့ မထိခဲ့ရသေးပါ ဘုရား၊ တပည့်တော်မရဲ့ လိုအင်ဆန္ဒတွေ ပြည့်ပါပြီ အရှင်ဘုရား၊ ကျေးဇူး ကြီးမြတ်လှပါပေတယ်၊ တပည့်တော်မကို အထူးအခွင့်အရေး ပေးသနားတဲ့ အနေနဲ့ တပည့်တော်မရဲ့ ဆွမ်းအလှူကို ခံယူဖို့ လူယောင်ဖန်ဆင်းပြီး ရောက်ရှိလာခဲ့တာလို့ တပည့်တော်မ ယူဆမိပါတယ် ဘုရား၊ တပည့်တော်မရဲ့ ဘဝမှာ ဒီနေ့ဟာ အောက်မေ့ဖွယ် နေ့တစ်နေ့ ဖြစ်တယ်လို့ ထင်မိပါတယ် ဘုရား"

"နှမ… ထပါ၊ မင်း ဘာတွေ အဓိဋ္ဌာန်ခဲ့တယ်ဆိုတာ ငါ မသိပါဘူး"

သုဇာတာသည် မတ်တတ်ရပ်လိုက်၏။ ထို့နောက် ဦးညွှတ်လျက်၊ လက်အုပ်ချီလျက်၊ အလွန်အမင်း အရိုအသေပြုလျက် တိုးလျသော အသံဖြင့် လျှောက်တင်၏။

"အရှင်မြတ်ဘုရား၊ ဒီအပင်မှာ နေထိုင်တဲ့ အရှင်မြတ်ဆီမှာ လွန်ခဲ့တဲ့ သုံးနှစ်တုန်းက အဓိဋ္ဌာန်တစ်ခု ပြုခဲ့ပါတယ် ဘုရား၊ အဆင့်အတန်းတူသူ တစ်ယောက်နဲ့ အိမ်ထောင်ကျပြီး သားဦးယောက်ျားလေး မွေးဖွားခဲ့မယ်ဆိုရင် ဃနာနို့ဆွမ်းချက်ပြီး ဆက်ကပ်ပါ့မယ်လို့ တပည့်တော်မ အဓိဋ္ဌာန်ပြုခဲ့တာပါ ဘုရား၊ တပည့်တော်မရဲ့ လိုအင်ဆန္ဒ ပြည့်ဝပါပြီ။ အဓိဋ္ဌာန် တည်ဆောက်ခဲ့တာကို ဖြည့်ဆည်းတဲ့အနေနဲ့ အရှင်ဘုရားကို ဃနာနို့ဆွမ်း ဆက်ကပ်ရတာပါ ဘုရား"

"နှမ… ငါ ပြောတာ ယုံပါ၊ ငါဟာ လူယောင်ဆောင်ထားတဲ့ နတ်ဒေဝတာ မဟုတ်ပါဘူး၊ ငါဟာ ကြီးကျယ်မြင့်မြတ်တဲ့ ဉာဏ်အလင်း ရရှိဖို့ မျှော်လင့်ချက်နဲ့ ရသေ့ရဟန်း ပြုနေတဲ့ လူသားတစ်ယောက်ပါ၊ ဒီအပင်မှာ နေထိုင်တယ်လို့ မင်းထင်ထားတဲ့ နတ်မင်းအတွက် ယူဆောင်လာတဲ့ ဒီအစားအစာကို ငါ မခံယူသင့်ပါဘူး၊ နှမ… ငါ့လက်ထဲ ထည့်ထားတဲ့ ဆွမ်းခွက်ကို ပြန်ယူပါ"

"မဟုတ်သေးပါဘူး အရှင်ဘုရား၊ နတ်မင်းက အရှင်ဘုရားကို နှစ်သက်သဘောကျလို့ ခုလို ဖြစ်ခဲ့တာလို့ တပည့်တော် ထင်ပါတယ် ဘုရား၊ လူယောင်ဆောင်ထားတဲ့ နတ်တစ်ပါးအနေနဲ့ အရှင်ဘုရားကို တပည့်တော်မ ရိုသေလေးမြတ်ပါတယ် ဘုရား၊ အရှင်ဘုရား… ဒီဃနာနို့ဆွမ်းကို ခံယူဖို့ အနူးအညွတ် တောင်းပန်ပါတယ် ဘုရား"

mgyoe.com

mgyoe.com SAMPLE BOOK

ဟု သုဇာတာက လျှောက်ထား၏။

"ဒီလို ဆိုရင်လည်း ဆွမ်းကို ငါ လက်ခံမယ်၊ အေးမြတဲ့ မြစ်ရေမှာ ရေချိုးသန့်စင်ပြီးတဲ့အခါ ဆွမ်းကို ငါ သုံးဆောင်လိုက်မယ်၊ နှမ… ငါဟာ ကြီးကျယ်မြင့်မြတ်တဲ့ ဉာဏ်အလင်းကို ရခါနီးနေပြီ၊ မင်းရဲ့ အလှူဟာ ငါ့ရဲ့ ကြိုးပမ်းအားထုတ်မှု ပြီးမြောက်ဖို့ ဖြည့်ဆည်းပေးတဲ့ နိမိတ်ကောင်း တစ်ခုပါပဲ၊ ဒါပေမဲ့ ဒီခွက်ကတော့ ငါ့အတွက် အသုံးမကျဘူး"

ဟု ဘုရားလောင်းက မိန့်ကြား၏။

"မဟုတ်သေးပါဘူး အရှင်ဘုရား၊ ခွက်ကိုပါ လှူတာပါ၊ ခွက်လည်း ယူပါ ဘုရား"

"နှမ… ငါ့မှာ မြေသပိတ် ရှိပါတယ်"

"အရှင်ဘုရား၊ မြေသပိတ်က ကွဲတတ်ပါတယ်၊ တန်ဖိုးလည်း မရှိပါဘူး၊ သတ္တုခွက်ဟာ အရှင်ဘုရား အသုံးပြုဖို့ အကောင်းဆုံးပါ ဘုရား"

"နှမ… အရာရာတိုင်းဟာ မတည်မြဲတဲ့ အနိစ္စပါ၊ ငါ့လို ရသေ့ ရဟန်းတစ်ပါးအတွက် ကွဲပျက်လွယ်တဲ့ မြေသပိတ်ဟာ အကောင်းဆုံး ဖြစ်ပါတယ်"

"အရှင်ဘုရား သဘောအတိုင်း ရှိပါစေတော့ ဘုရား၊ တပည့်တော်ကတော့ ပေးလှူထားပြီးသားကို ပြန်ပြီး မလိုချင်တော့ပါ ဘုရား"

ဟု သုဇာတာက လျှောက်ထား၏။

"နှမ… မပေး မလှူရသေးတာကိုတော့ တပ်မက်တောင့်တသလား"

"မှန်လှပါဘုရား… တပည့်တော် ပိုင်ဆိုင်တာတွေကိုတော့ ဂရုစိုက်ရပါတယ် ဘုရား"

"နှမ… ဟုတ်တာပေါ့၊ မင်း မှန်ပါတယ်၊ အဲဒါဟာ မင်းလို လောကီသားတစ်ယောက်နဲ့ ငါလို ရသေ့ရဟန်းတို့ရဲ့ ထူးခြားချက်ပေါ့၊ ငါဟာ လိုချင်တောင့်တမှု တပ်မက်စွဲလမ်းမှုနဲ့ တွေဝေထိုင်းမှိုင်းမှုတွေကို အနိုင်ယူထားလိုက်ပြီ၊ ဒါကြောင့် ငါဟာ ဝါဂွမ်းတစ်စလို ပေါ့ပေါ့ပါးပါး နေထိုင်ရှင်သန်တယ်"

ဟု ဘုရားလောင်းက မိန့်ကြား၏။

သုဇာတာသည် သိဒ္ဓတ္ထရဟန်း ပြောကြားလိုက်သော စကားများကို မကြားလိုက်မိပေ။ အဘယ်ကြောင့်ဆိုသော် သူမ မှတ်မိနေသော သိဒ္ဓတ္ထရဟန်း၏ သင်္ကန်းနှင့် စပ်လျဉ်း၍ စဉ်းစားခန်း ဖွင့်နေသောကြောင့် ဖြစ်၏။

"နှမ… မင်း ငါ့သင်္ကန်းအကြောင်း စဉ်းစားနေတာလား"

ဟု သိဒ္ဓတ္ထရဟန်းက မေး၏။

"မှန်ပါတယ် အရှင်ဘုရား၊ အရှင်ဘုရား သင်္ကန်းအကြောင်း တပည့်တော် စဉ်းစားနေတာကို ဘယ်လိုလုပ် သိလိုက်ပါသလဲ ဘုရား၊ သူတစ်ပါး စိတ်ကူးကို သိနိုင်တဲ့ အသိဉာဏ် အရှင်ဘုရားမှာ ရှိပါသလား၊ သုသာန်မှာ စွန့်ပစ်ခဲ့တဲ့ အဝတ်စကို အရှင်ဘုရား

mgyoe.com

mgyoe.com SAMPLE BOOK

ဝတ်နေတာလို့ တပည့်တော် ထင်ပါတယ် ဘုရား၊ အဲဒါဟာ အစေခံကျွန် ရာဒရဲ့ ရုပ်အလောင်းကို ပတ်ခဲ့တဲ့ အဝတ်စပါ ဘုရား''

''နှမ··· ဒီအဝတ်စကို မနေ့ညကမှ သုသာန်ကနေ ငါ ကောက်ယူခဲ့တာပါ''

''အို··· အရှင်ဘုရား၊ မသင့်တော်ပါဘူး ဘုရား၊ ဒီလို ရွံစရာကောင်းတဲ့ အဝတ်စဟာ အရှင်ဘုရားရဲ့ နူးညံ့သိမ်မွေ့တဲ့ ခန္ဓာကိုယ်ကို ဖုံးလွှမ်းဖို့ မသင့်တော်ပါဘူး ဘုရား၊ နံစော်နေတဲ့ ဒီအသုဘ အဝတ်စကို စွန့်ပစ်လိုက်ပါ ဘုရား၊ အရှင်ဘုရားကိုယ်မှာ ဆင်မြန်းဖို့ သင့်တော်တဲ့ ဝတ်ရုံကို တပည့်တော် ခုချက်ချင်း သွားယူလိုက်ပါ့မယ် ဘုရား''

''နှမ··· အိုတတ်တဲ့ သဘော၊ နာတတ်တဲ့သဘောတွေ ရှိနေတဲ့ ဒီခန္ဓာကိုယ်အတွက် ဟို··· ကာသိတိုင်းဖြစ် ပိုးထည်တွေထက် ဒီလို ရွံစရာကောင်းတဲ့ အသုဘ အဝတ်စက ပိုပြီး သင့်တော်ပါတယ်''

ဟု သိဒ္ဓတ္ထရဟန်းက မှတ်ချက်ချလိုက်လေ၏။

၉

mgyoe.com

mgyoe.com · SAMPLE BOOK

# ဘုရား ဖြစ်တော်မူခြင်း

ကဆုန်လပြည့်နေ့ ဖြစ်၏။ ဥရုဝေလ လွင်ပြင်ကျယ်ကြီးပေါ်၌ လပြည့်ဝန်းသည် အရှေ့အရပ်မှ ပေါ်ထွက်လာနေလေပြီ။ နေရဉ္စရာ မြစ်ကမ်းတစ်လျှောက်ရှိ ကျယ်ပြန့်သော တောအုပ်ကို တွန်းတွန်းထိုးထိုး နမ်းရှိုက်လာခဲ့သော အေးမြသည့် လေပြည်လေညင်းသည် မွှေးပျံ့သော ပန်းရနံ့များ ဂယာသီသသို့ သယ်ဆောင်လာနေ၏။ သိဒ္ဓတ္ထရဟန်းသည် ညောင်ပင်ကို နောက်မှီပြုလျက် မြက်အခင်းပေါ်တွင် တင်ပျဉ်ခွေလျက်သား ထိုင်နေ၏။ လေပြည်လေညင်းသည် ညောင်ရွက်များကြား တိုးဝင်တိုက်ခတ်လျက် ရှိရာ တရှီးရှီး တဖျပ်ဖျပ် မြည်သံများ ထွက်ပေါ်နေလေ၏။

ထို့နေ့၌ သိဒ္ဓတ္ထရဟန်း သက်တော်သုံးဆယ့်ငါးနှစ် ပြည့်လေ၏။ ညောင်ပင်အောက်၌ ထိုင်နေသူ သိဒ္ဓတ္ထရဟန်းသည် ထိုနေ့ ထိုနေရာ၌ အကြီးမြတ်ဆုံး ဉာဏ်အလင်းကို ရရှိရမည်ဟု အခိုင်အမာ သန္နိဋ္ဌာန်ချထား၏။ သူ့ရှေ့တည့်တည့်မှာ လပြည့်ဝန်း ပေါ်ထွက်လာနေသည်ကို သိဒ္ဓတ္ထရဟန်း မြင်နေရ၏။ ဂယာသီသ မြက်ခင်းပြင် တစ်နံတစ်လျား၌ လရောင်ဖြာဆင်းလျက် ရှိနေ၏။ သိဒ္ဓတ္ထရဟန်းသည် မျက်လုံးအစုံကို မှိတ်ထားရင်း ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာဟူသော အင်္ဂါငါးပါးနှင့် ပြည့်စုံသည့် ပထမဈာန် သမာပတ်ကို ဝင်စားလေ၏။ ထို့နောက် ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်တို့ကို လည်း တစ်ဆင့်ချင်း ဝင်စားလေ၏။

သူ၏ စိတ်ဓာတ် လုံးလုံးလျားလျား စင်ကြယ်သန့်ရှင်းပြီး ပြည့်ပြည့်ဝဝ တည်ငြိမ်ကာ ဧကဂ္ဂတာ ကျနေချိန်၌ သိဒ္ဓတ္ထရဟန်းသည် ရှေးဘဝတို့ကို သိမြင်နိုင်သည့်

mgyoe.com

mgyoe.com SAMPLE BOOK

ပုဗ္ဗေနိဝါသာနုဿတိဉာဏ် ရရှိအောင် အားထုတ်လေ၏။ ရှေးဦးစွာ သူ၏ ကလေးဘဝက အဖြစ်အပျက်များကို ပြန်လည်အောက်မေ့ ဆင်ခြင်လိုက်၏။ ထို့နောက် လွန်ခဲ့သော ဒုတိယဘဝ ပဋိသန္ဓေကို အစပြု၍ မွေး သေ သံသရာ၌ ကျင်လည်ခဲ့ရပုံတို့ကို ဆင်ခြင်ပြန်၏။ ဤသို့လျှင် သိဒ္ဓတ္ထရဟန်းသည် သူ ကျင်လည်ခဲ့ရသော အတိတ်သံသရာမှ ရုပ်နာမ် ဓမ္မတို့ကို ရှေးဦးစွာ သိမြင်လေ၏။ ထို့နောက် သတ္တဝါ အားလုံးတို့ ဘဝသံသရာ၌ နိမ့်တုံ မြင့်တုံ ကျင်လည်ရင်း မွေးဖွားခဲ့ကြရပုံ၊ သေဆုံးခဲ့ကြရပုံတို့ကို သိမြင်လေ၏။ သတ္တဝါတို့၏ ဘဝနိမ့်မြင့်ကို စီမံဖန်တီးသည့် ကံတရားအကြောင်း စိတ်စူးစိုက်၍ ဆင်ခြင်သောအခါ သတ္တဝါတို့သည် မသိမိုက်မဲမှု အဝိဇ္ဇာတွန်းအားဖြင့် ကံသင်္ခါရကို ပြုလုပ်ဆည်းပူးစုဆောင်းကြကြောင်း နားလည် သိမြင်လိုက်၏။

အပြန်အလှန် မှီတည်၍ ဖြစ်ပေါ်ရသော ကံသင်္ခါရတရားတို့၏ ပျက်သုဉ်းကုန်ဆုံးမှုအကြောင်း ဆင်ခြင်သော သိဒ္ဓတ္ထရဟန်းသည် သစ္စာလေးပါး မြတ်တရားကို သိမြင်လေ၏။ ကမ္ဘာလောကသည် သောက ဒုက္ခအတိ ပြီး၏။ ဒုက္ခ၏ အကြောင်းရင်းကား တပ်မက်မှု တဏှာ ဖြစ်၏။ တဏှာချုပ်ငြိမ်းခြင်းသည် ဒုက္ခကုန်ဆုံးခြင်း ဖြစ်၏။ ဒုက္ခငြိမ်းကြောင်း အကျင့်ကောင်းကား မဂ္ဂင်ရှစ်ပါး ဖြစ်၏။ ရှုထောင့်တစ်မျိုးမှ သုံးသပ်ပြန်ရာ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိတို့ကို အခြေတည်၍ ဖြစ်ပေါ်လာသော ကိလေသာ အညစ်အကြေးတို့မှ ကင်းဝေးအောင် စိတ်ကို စောင့်ချုပ်ခြင်းသည် ဒုက္ခငြိမ်းရာသို့ ရောက်စေ၏ဟု သိမြင်လေ၏။

အချို့သော သူများအတွက် ဒုက္ခငြိမ်းကြောင်း မဂ္ဂင်အကျင့်သည် သင့်လျော်လျောက်ပတ်ပေသည်ဟု သိဒ္ဓတ္ထရဟန်း နားလည်လိုက်၏။ အခြားသူများအတွက်ကား ပဋိစ္စသမုပ္ပါဒ်ဒေသနာကို နားလည်ရေးသည် သင့်လျော် လျောက်ပတ်ပေသည်ဟု မိုးသောက်ယံ အချိန်၌ သိဒ္ဓတ္ထရဟန်း ကောင်းစွာ သဘောပေါက်မိလေ၏။

ဤသို့လျှင် ဒုက္ခငြိမ်းရာသို့ ရောက်စေနိုင်သော မဂ္ဂင်ရှစ်ပါး အကျင့်တရားနှင့် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကို သိမြင်ပြီးသူ သိဒ္ဓတ္ထရဟန်းသည် လောကီဝတ္ထု မှန်သမျှကို မတပ်မက်၊ မတွယ်တာတော့ကြောင်း သူ့ကိုယ်သူ ရှင်းလင်းစွာ သိလိုက်လေ၏။

ဉာဏ်အလင်း ရရှိရန် ကာလကြာမြင့်စွာ ကြိုးပမ်းအားထုတ်ခဲ့ရသူ သိဒ္ဓတ္ထရဟန်းသည် အကြီးမြတ်ဆုံးသော ဘုရားအဖြစ်သို့ ရောက်ရှိပြီဟု သိလိုက်ရသဖြင့် ကြီးစွာသော ပီတိဖြစ်လျက် မျက်လုံးအစုံကို ဖွင့်လိုက်လေ၏။ ထိုစဉ် လမင်း ငုပ်လျှိုးကွယ်ဝင်လေပြီ။ အရုဏ်ဦး အလင်းရောင် ပျံ့နှံ့လျက် ရှိနေ၏။

ဘုရားရှင် ပထမဆုံး တွေ့လိုက်ရသည်ကား သူနှင့် ယှဉ်ပါးနေသည့် နွားအုပ်ကြီးဖြစ်၏။ ဗောဓိညောင်ပင်အောက်၌ ထိုင်နေသည့် ဘုရားရှင်ကို နွားတို့က ပတ်ပတ်လည်မှ ဝိုင်း၍ ငေးကြည့်နေကြ၏။ ထို့နောက် သူ့ရှေ့မှောက်၌ ရုပ်တုတစ်ခုလို ရပ်နေသည့်

mgyoe.com

mgyoe.com SAMPLE BOOK

နွားကျောင်းသား သူငယ်ကို တွေ့လိုက်ရ၏။ နွားကျောင်းသားသည် ဘုရားရှင်ကို ရှိခိုးလျက် ရှိနေ၏။

"ကောင်လေး သုဒိန္န"

"အရှင်ဘုရား မှန်ပါ၊ တပည့်တော် သုဒိန္နပါ ဘုရား၊ တပည့်တော်ရဲ့ နာမည်ကို အရှင်ဘုရား ဘယ်လိုလုပ် သိပါသလဲ ဘုရား"

"ကောင်လေး သုဒိန္န၊ မင်း ဒီနား ရောက်နေတာ ကြာပြီ ဆိုတာလည်း ငါ သိသေးတယ်"

"အရှင်ဘုရား... အဲဒါလည်း မှန်ပါတယ် ဘုရား၊ အရှင်ဘုရားက မျက်စိတွေ မှိတ်ထားပြီး ငြိမ်ငြိမ်လေး ထိုင်နေတာ ဆိုတော့ တပည့်တော်က မသိလောက်ဘူး ထင်နေတာ၊ အရှင်ဘုရား... တပည့်တော် ကိုယ့်မျက်စိကိုယ် မယုံနိုင်အောင်ပါပဲ ဘုရား၊ အရှင်ဘုရား မျက်စိမှိတ်နေတုန်းက တပည့်တော် အလင်းတန်းတွေ မြင်လိုက်ရတယ် ဘုရား၊ သက်တံလို အရောင်စုံတွေ အရှင်ဘုရားရဲ့ ခန္ဓာကိုယ်က ထွက်နေတာ၊ အဲဒါကို ကြည့်ဖို့ တပည့်တော် ပြေးလာခဲ့တာပဲ၊ တပည့်တော်ရဲ့ နွားတွေက တပည့်တော်ထက် တောင် အရင်ကျသေးတယ်၊ အရှင်ဘုရားရဲ့ ဘေးပတ်ပတ်လည်မှာ မျက်လုံးအပြူးသားနဲ့ ငေးကြည့်နေကြတာ၊ အရှင်ဘုရား... အံ့သြစရာပါပဲ ဘုရား၊ အရှင်ဘုရားရဲ့ ခန္ဓာကိုယ်က အခုလို အရောင်တွေ ပြိုးပြိုးပြက်ပြက် ထွက်နေတာ အရင်က တစ်ခါမှ မမြင်ဖူးဘူး၊ အရှင်ဘုရား... တကယ်တော့ အရှင်ဘုရားဟာ နတ်ဒေဝတာပဲ"

"ကောင်လေး သုဒိန္န... တစ်ခါ ငါ ထပ်ပြောမယ်၊ ငါဟာ လူသားပါ၊ ငါ ပြောမယ် ကောင်လေး သုဒိန္န၊ လုံ့လကြိုးကုတ် အားထုတ်ပြီး အချိန်အကြာကြီး ရှာဖွေခဲ့ရတဲ့ အမြင့်မြတ်ဆုံး ဉာဏ်အလင်းကို ငါ ရလိုက်ပြီ၊ ဘာကိုမှ ငါ မတပ်မက် မစွဲလမ်းတော့ဘူး၊ စိတ်အညစ်အကြေး ကိလေသာ အားလုံးကို ငါ ချေဖျက်လိုက်ပြီ။ ငါဟာ မက်မောတမ်းတမှုကနေ လွတ်မြောက်ပြီ။ ကောင်လေး သုဒိန္န... ငါဟာ တည်ငြိမ် အေးချမ်းသူပဲ၊ တဏှာရမ္မက်က ငါ့ကို မထိုးနှက် မတိုက်ခိုက်နိုင်တော့ဘူး၊ ဒီလောကကြီး ထဲမှာ သောက ပရိဒေဝနဲ့ ဆင်းရဲနေကြရသူတွေ ပျော်ရွှင်ချမ်းမြေ့နိုင်အောင်၊ သူတို့တစ်တွေ ကောင်းကျိုးရရှိအောင် ငါ သုတ်သင်ရှင်းလင်းထားတဲ့ လမ်းမှန်ပေါ်မှာ သတ္တဝါအားလုံး လျှောက်လှမ်းကြဖို့ လမ်းညွှန်ပေးချင်တယ်။ ကောင်လေး သုဒိန္န၊ မင်းဟာ ငါ့အပေါ်မှာ တကယ့်ကို ကြင်ကြင်နာနာ ရှိခဲ့တာပဲ၊ မနက်ရော ညနေပါ မင်း ငါ့အတွက် နို့ညှစ်ပေး ခဲ့တယ်၊ မတည်မြဲခြင်း အနိစ္စနဲ့ စိုးရိမ်ပူဆွေးခြင်း သောကတို့ ပြည့်နှက်နေတဲ့ ဘဝသံသရာ ကို မင်း ကူးမြောက်ချင်သလား၊ လွတ်မြောက်မှု ဝိမုတ္တိကို ရချင်သလား"

"အရှင်ဘုရား၊ တပည့်တော် အသက်ရှင်နေသမျှ ကာလပတ်လုံး တပည့်တော် ရဲ့ နွားအုပ်နောက်က လိုက်ပြီး ဥရုဝေလတောအုပ်ထဲက စားကျက်တစ်ခုပြီးတစ်ခု လှည့်လည် ပြီးတော့ပဲ နေချင်ပါတယ် ဘုရား"

mgyoe.com

''သုဒိန္န၊ အဲဒီလို ဘဝမျိုးကို ကျေနပ်နိုင်သလား''

''ကျေနပ်နိုင်ပါတယ် အရှင်ဘုရား၊ မြက်ခင်း လွင်ပြင်ကျယ်ကြီးထဲမှာ တပည့်တော် တစ်ယောက်တည်း ဖြစ်နေလို့ ပျင်းမိမယ်ဆိုရင် ခါးက ပလွေကို ထုတ်ပြီး မှုတ်ပါ့မယ်၊ နွားသိုးတွေ၊ နွားမတွေနဲ့ စကားပြောမယ်၊ သူတို့အပေါ် တက်စီးမယ်၊ နွားကလေးတွေနဲ့ ကစားမယ်၊ စမ်းချောင်းထဲ ဒါမှမဟုတ် မြစ်ထဲ ခုန်ဆင်းပြီး ရေချိုးမယ်၊ ရေငတ်တယ် ဆိုရင်၊ ဗိုက်ဆာတယ်ဆိုရင် နို့ထွက်တဲ့ နွားမတစ်ကောင်ကောင်ရဲ့ ဗိုက်အောက်ကိုဝင်၊ နို့တံကို ငုံပြီး နို့စို့မယ်''

ဘုရားရှင်သည် နွားကျောင်းသား သူငယ်ကို ကရုဏာအပြည့်နှင့် ကြည့်လိုက်ပြီး နှုတ်ဆိတ်နေလေ၏။ သူ အပြင်းအထန် ကြိုးစား၍ သိမြင်ခဲ့ရသော သိမ်မွေ့သည့် တရားတော်ကို သုဒိန္နကဲ့သို့ အသိဉာဏ် နိမ့်ကျသူတို့ လိုက်မမီနိုင်ကြောင်း ဘုရားရှင် သိမြင်တော်မူ၏။ သို့ဖြစ်၍ မည်သို့မည်ပုံ ရှေ့ဆက်ရမည်ကို စူးစမ်းတော်မူ၏။ ကိုယ်ကျင့်တရား နှင့် ပြည့်စုံ၍ အသားတကျ သေသပ်သည့် ဘဝပုံစံအတွက် အကျိုးရှိမည့် ဒေသနာတော် ကို စိတ်ကူးဖြင့် ပုံဖော်တော်မူ၏။ သူ၏ ဒေသနာတော်သည် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဟူသော မဂ္ဂင်ရှစ်ရပ် အကျင့်မြတ်ကို အခြေခံလေ၏။

လုပ်နေကျအတိုင်း 'နွားမနှစ်ကောင်ကို နို့ညှစ်မည် ပြုသောအခါ ယခင်က ခွက်တစ်လုံးသာ ရှိခဲ့ရာမှ ယခု ခွက်နှစ်လုံး ဖြစ်နေသည်ကို သုဒိန္န သတိထားမိလိုက်၏။ ထို့နောက် ဘုရားရှင်ကို လျှောက်၏။

''အရှင်ဘုရား၊ မနေ့က တစ်နေ့လုံး အရှင်ဘုရားကို မမြင်မိဘူး၊ အရှင်ဘုရား ထွက်သွားပြီထင်လို့ တပည့်တော် စိတ်မကောင်း ဖြစ်နေတာ။ အရှင်ဘုရား··· ဟောဟိုမှာ တော်တော်အဖိုးတန်မယ့် ခွက်တစ်လုံးပါလား၊ အဲဒီခွက်နဲ့ တပည့်တော် နို့ညှစ်မယ် ဘုရား''

''သုဒိန္န··· အဲဒါ မင့်အတွက်၊ အဲဒီခွက်ကို မင်း ယူလိုက်ပါ၊ မင်း ကြိုက်သလို လုပ်ပါ၊ ငြင်းစရာ အကြောင်းမရှိဘူး ဆိုရင် မြေသပိတ်ထဲမှာပဲ နို့ညှစ်လိုက်ပါ''

သုဒိန္နသည် ပြန်လှန်ငြင်းဆန်ခြင်း မပြုပေ။ ချက်ချင်းပင် မြေသပိတ်ထဲသို့ နို့ညှစ်ထည့်၍ ဘုရားရှင်အား ဆက်ကပ်ပြီး မြေပြင်ပေါ် အလျားမှောက်လျက် ဘုရားရှင်ကို ရှိခိုးဦးခိုက်လေ၏။ ထို့နောက် မတ်တတ်ရပ်ကာ ဘုရားရှင်ကို လျှောက်ထား၏။

''အရှင်ဘုရား၊ အရှင်ဘုရား ယူစေချင်တယ် ဆိုရင် သတ္တုခွက်ကို တပည့်တော် ယူလိုက်ပါ့မယ်၊ အဲဒီခွက်ကို ကောင်းကောင်း အသုံးပြုနိုင်ပါတယ်၊ လွင်ပြင်ကျယ်ကြီးရဲ့ အလယ်မှာ ရေမရှိဘူး၊ အဲဒီခွက်နဲ့ မြစ်ကနေ ရေခပ်ယူလို့ ရတာပေါ့''

ဘုရားရှင်သည် သုဒိန္နကို သနားကရုဏာ ကြီးမားစွာဖြင့် ကြည့်လိုက်ပြီး မိန့်တော်မူ၏။

mgyoe.com

mgyoe.com SAMPLE BOOK

"သုဒိန္န… ပတ်ဝန်းကျင် ရှုမြင်ကွင်းကို အသုံးပြုဖို့ သာယာလှပတဲ့ ဒီတောတောင် ဒေသကို ငါ လာခဲ့တာဆိုရင် ရည်ရွယ်ချက် ပြည့်မြောက်ပြီ။ သုဒိန္န… မင်းဟာ ငါ့အပေါ်မှာ တကယ့်ကို ကြင်ကြင်နာနာ ရှိခဲ့တာပဲ၊ မင်း ချမ်းသာပါစေ၊ ငါ ဘုရားမဖြစ်ခင်က ကောင်းမြတ်တဲ့ ဃနာနို့ဆွမ်း ဆက်ကပ်ခဲ့တဲ့ အမျိုးသမီး၊ နန္ဒိကသူကြွယ်ရဲ့ သမီး သုဇာတာကို ပြောလိုက်ပါ၊ ဥရုဝေလတောအုပ်က ငါ ထွက်ခွာသွားပြီလို့ ပြောလိုက်ပါ"

"အရှင်ဘုရား ဘယ်သွားမှာလဲ ဘုရား"

"ငါ မသိသေးဘူး ကောင်လေး"

"တပည့်တော် စိတ်မကောင်းပါဘူး အရှင်ဘုရား၊ အရှင်ဘုရားလို စကားသိမ်မွေ့တဲ့သူ ဒါမှမဟုတ် အသွင်အပြင် နှစ်သက်စရာကောင်းတဲ့သူကို တပည့်တော် တစ်ခါမှ မတွေ့ဖူးပါ ဘုရား၊ အရှင်ဘုရားဟာ တပည့်တော်ရဲ့ နှလုံးသားကို အနိုင်ယူလိုက်ပါပြီ"

"ကောင်လေး၊ တွယ်တာတပ်မက်မှုတွေကို အောင်နိုင်ထားတဲ့သူတွေဟာ တကယ့်ကိုပဲ ကြည့်ရမြင်ရတာ နှစ်သက်စရာပါ၊ သူတို့ဟာ ဘာကိုမှ နှစ်သက်စရာ၊ နာကြည်းစရာရယ်လို့ မသတ်မှတ်ကြဘူး၊ အရာအားလုံးကို ညီတူညီမျှထားတဲ့ ဥပေက္ခာတရားနဲ့ ရှုမြင်ကြတယ်၊ မင်းနဲ့ ငါ ကြားမှာ တစ်ခုခု ကွဲပြားခြားနားတာ ရှိခဲ့ရင် အဲဒါပါပဲ။ ကောင်လေး သုဒိန္န… မင့်အပေါ် ချစ်ခင်မြတ်နိုးတဲ့ ငါနဲ့ ခွဲခွာရတော့ မင်း စိတ်မကောင်းဖြစ်ရတယ်၊ ဒီလို နည်းတူပါပဲ သုဒိန္န… မင်း ချစ်တဲ့ကမ္ဘာ၊ မင်း ချစ်တဲ့ မင်းနွားတွေနဲ့ မင်း ချစ်တဲ့ ဒီမြက်ခင်းပြင်ကြီးကို မင်း ခွဲခွာရမယ့် နေ့တစ်နေ့ ရောက်လာလိမ့်မယ်ဆိုတာ မင်း သိလား"

"အရှင်ဘုရား၊ တကယ် ဖြစ်ရ ကြုံရတဲ့အခါ တပည့်တော် ဝမ်းနည်းပါတယ်၊ အဲဒီလိုအခါမျိုးမှာ ဝမ်းနည်းကြေကွဲလိုက်တာပဲ၊ ရှေ့မှာ သောကရှိနေတယ်လို့ တွေးပြီး ပူပင်တာမျိုးတော့ မရှိပါဘူး"

ဟု သုဒိန္နက လျှောက်ထား၏။

"ကောင်လေး သုဒိန္န… မင်းကို ငါ အပြစ်မတင်ပါဘူး၊ လူသားမျိုးဆက် တည်ရှိနေဖို့ မင်းလိုလူမျိုးတွေ လိုအပ်ပါတယ်၊ မင်းကို ငါ အတင်းအဓမ္မ မတိုက်တွန်းပါဘူး၊ မွေး သေ သံသရာမှာ မင်း ဆန္ဒရှိသလောက်သာ ကျင်လည်ပါတော့"

သူ ဉာဏ်အလင်း ပေါက်ခဲ့လျှင် တရားဓမ္မ သွန်သင်ဟောကြားဖို့ ကြွရောက်ပါရန် အာဠာရကာလာမနှင့် ဥဒကရာမပုတ္တတို့ တောင်းပန်ခဲ့သည်ကို ဘုရားရှင် သတိရတော်မူ၏။ သို့သော် သူတို့နှစ်ယောက်လုံး ရက်သတ္တပတ် အနည်းငယ်ခန့်က ကွယ်လွန်ခဲ့ကြသည်ကို ဉာဏ်တော်ဖြင့် သိမြင်လိုက်၏။ ထို့နောက် ဝေသာလီ၌ သူ ဒုက္ကရစရိယာ ကျင့်နေစဉ်က သူ့ကို ကြီးကြီးမားမား ထောက်ပံ့ပေးခဲ့ကြသော ပဥ္စဝဂ္ဂီ ငါးဦးတို့ကို သတိရတော်မူ၏။ ၄င်း ပဥ္စဝဂ္ဂီတို့ ကာသိတိုင်း၊ ဗာရာဏသီအနီးရှိ မိဂဒါဝုန်၌ ရှိနေကြ

mgyoe.com SAMPLE BOOK

သည်ကိုလည်း သိမြင်တော်မူ၏။ ဘုရားရှင်သည် သပိတ်ကို ပိုက်လျက် မတ်တတ်ရပ်တော်မူလိုက်၏။

လေပြည်လေညင်း တိုက်ခတ်လိုက်သည်တွင် ဗောဓိညောင်ရွက်တို့ တရှီးရှီး တရှဲရှဲ မြည်သံပြုကြလေ၏။ သူ့ကို အရိပ်မိုးပေးခဲ့သော၊ သူ့ကိုယ်ကာယ သက်သောင့်သက်သာ ဖြစ်ရေးအတွက် ခိုလှုံရာ ပေးခဲ့သော ဗောဓိပင်၏ ကျေးဇူးတရားကို အောက်မေ့သည့် အနေဖြင့် ဘုရားရှင်သည် ဗောဓိပင်ကို စူးစိုက်၍ ကြည့်တော်မူ၏။ အလားတူပင် တည်ငြိမ်အေးချမ်းမှုနှင့် ပတ်ဝန်းကျင်အလှ ပေးအပ်ခဲ့သော ဉရုဝေလ တောမြိုင်ယံကိုလည်း ကြည့်ရှုတော်မူ၏။ ထို့နောက် မြစ်သို့ ကြွ၍ ကူးဖြတ်ကာ တည်ငြိမ်အေးချမ်းသော အသွင်ကိုဆောင်လျက် မြစ်ကမ်းတစ်လျှောက် သွားလာခဲ့ရာ လမ်းအတိုင်း လှမ်းကြွတော်မူလေသတည်း။

mgyoe.com

mgyoe.com SAMPLE BOOK

# တရားဦး ဟောတော်မူခြင်း

အဝေးမှ ဘုရားရှင် ကြွတော်မူလာသည်ကို မြင်လိုက်ရလျှင် ကောဏ္ဍညာ၊ ဝပ္ပနှင့် အဿဇိတို့သည် ဘုရားရှင်ကို မှတ်မိကြသည် ဖြစ်၍ အချင်းချင်း ကိုယ်ဟန်မူရာ ပြကြလေ၏။ အဿဇိသည် သူ၏ မုတ်ဆိတ်မွေးများကို ဆွဲကိုင် ပွတ်သပ်ရင်း စတင်၍ စကားဆိုလိုက်၏။

"ကြည့်ကြစမ်း၊ ငါတို့ဆီက ထွက်သွားတဲ့ ကမ္ဘာ့ဌာန်းလူထွက် ရဟန်းဂေါတမကြီး ဝဖီးနေလိုက်တာ၊ ကိုယ်ခန္ဓာ လှနေပုံကလည်း လိစ္ဆဝီမင်းသားလေး ကျလို့ပါလား၊ တစ်ချိန်က ငါတို့ သူ့ကို ရိုရိုသေသေ ပြုစုလုပ်ကျွေးခဲ့ကြတာ မှန်တယ်၊ ဒါပေမဲ့ ခုတော့ သူတော်စင် အကျင့်မြတ်မှာ ငါတို့က သူ့ထက် သာတယ်၊ သူ့ကို အရိုအသေ ပေးစရာ မလိုဘူး၊ ဘယ်သူမှ သူ့ကို မကြိုကြနဲ့၊ ဆီးကြိုပြီး သူ့သပိတ်ကို မယူကြနဲ့၊ သူ ဆန္ဒရှိရင်တော့ သူလည်း ငါတို့လို မြေကြီးပေါ်မှာ ထိုင်ပါစေ"

"ဒါပေမဲ့ အဿဇိ၊ သူ့ဆီမှာ ထူးခြားတာ တစ်ခုခု ရှိနေတယ်"

ဟု ကောဏ္ဍညက ဆို၏။

"ဘာလဲ"

ဟု အဿဇိက ပြန်မေး၏။

"သူ့ခြေလှမ်းနဲ့ သူ့ကိုယ်အမူအရာတွေ တည်ငြိမ်နေတယ်၊ ခမ်းနားနေတယ်"

ဟု ကောဏ္ဍညက ဖြေ၏။

ချက်ချင်းပင် အဿဇိက ကောက်ချက်ချလိုက်၏။

mgyoe.com

mgyoe.com SAMPLE BOOK

"နန်းတော်ထဲမှာ မွေးဖွားတဲ့ မင်းသားလေး တစ်ယောက်ကို တစ်နေ့ သုံးနပ် ကျွေးပြီး ဘယ်လို ဖြစ်လာမလဲ စောင့်ကြည့်ပါလား၊ သိဒ္ဓတ္ထရဟန်း ခမ်းနားနေတာ အဲဒါမျိုးပါ၊ ခန္ဓာကိုယ် ဆင်းရဲပင်ပန်းအောင် မလုပ်ရဘဲနဲ့ ဝိမုတ္တိ ရခဲ့တာမျိုး ကြားဖူး သလား၊ ရသေ့ ရဟန်းအဖြစ်နဲ့ နေထိုင်ရှင်သန်ဖို့ သူ စိတ်ကူးမရှိတော့ဘူး ထင်ပါတယ်၊ ထီးနန်းသရဖူ ရယူဖို့ မြှော်လင့်ချက်နဲ့ ကပိလဝတ် အပြန်မှာ လမ်းကြုံလို့ ငါတို့ဆီ ဝင်လာတာ နေမှာပါ"

လှမ်းကြွလာနေသော ဘုရားရှင် တဖြည်းဖြည်း နီးလာသည်နှင့် မုတ်ဆိတ်မွေး များ နုတ်ပယ်နေသူ အဿဇိသည် ရှေးဦးစွာ မတ်တတ်ရပ်လိုက်၏။ အဿဇိသည် ဘုရားရှင်၏ မျက်နှာတော်ကို ဖူးမြင်လိုက်ရသောအခါ ဘေးပတ်ဝန်းကျင်ကို ဝေ့ကြည့် လိုက်ပြီး ကျောင်းသခ်မ်းအတွင်းသို့ ဝင်ပြေး၏။ ထိုင်စရာ ခုံတစ်ခု ယူလာပြီး ညောင်ပင် အောက်မှာ ချထားပေး၏။ ထို့နောက် မြေပြင်ပေါ် အလျားမှောက်ချလိုက်ပြီး ဘုရားရှင်ကို ရှိခိုးလေ၏။ ကောဏ္ဍညနှင့် ဝပ္ပတို့လည်း ကြည့်မနေနိုင်တော့ပေ။ ကောဏ္ဍညလည်း အဿဇိကဲ့သို့ပင် ဘုရားရှင်ကို ရှိခိုးလိုက်ပြီး ဘုရားရှင်၏ လက်တော်မှ သပိတ်ကို လှမ်းယူ လိုက်၏။ ဝပ္ပသည် ရေယူလာပြီး ဘုရားရှင်၏ ခြေတော်အစုံကို ဆေးကြောသုတ်သင် ပေး၏။ ထို့နောက် အများနည်းတူပင် ဘုရားရှင်ကို ရှိခိုးလေ၏။

"ရဟန်းတို့၊ ဘဒ္ဒိယနဲ့ မဟာနာမ်တို့ကော ဘယ်မှာလဲ"

ဟု ဘုရားရှင်က မေးတော်မူ၏။

"ငါ့ရှင် ဂေါတမ၊ သူတို့ ဆွမ်းခံသွားကြပါတယ်"

ဟု ပြိုင်တူ ဖြေလိုက်ကြ၏။

"ရဟန်းတို့၊ သင်တို့ဟာ ဘုရားရှင်ကို ငါ့ရှင်လို့ မခေါ်သင့်ဘူး၊ ဂေါတမ လို့လည်း မခေါ်သင့်ဘူး၊ ဘုရားအဖြစ်ကို သင်တို့ မြတ်မြတ်နိုးနိုး လေးစားသင့်ကြတယ်၊ နားထောင်ကြ၊ ငါ ဘုရားဖြစ်လာပြီ၊ ငါဟာ တည်ငြိမ်အေးချမ်းနေပြီ၊ ငါ့ကို ကိလေသာ တွေ မထိုးနှက်နိုင်တော့ဘူး၊ ငါ ဥရုဝေလက လာခဲ့တယ်၊ သင်တို့ အကျိုးစီးပွားအတွက် သင်တို့ကို လိုက်ရှာနေတာ။ ရဟန်းတို့… လောကမှာ ဘုရားတစ်ဆူ ပွင့်ထွန်းလာပြီ၊ အမြင့်မြတ်ဆုံး တရားတော်ဖြစ်တဲ့ သဒ္ဓမ္မကို ငါ တွေ့ခဲ့ပြီ၊ သင်တို့ကို ငါ သွန်သင်မယ်၊ တရားတော်ကို နာယူကြ၊ မွေးဖွားရခြင်း သံသရာနှောင်ဝဋ်က လွတ်အောင် ကြိုးစားကြ"

"ငါ့ရှင်၊ သင်ဟာ ခက်ခဲပြင်းထန်တဲ့ ဒုက္ကရစရိယာအကျင့် ကျင့်တာတောင်မှ ဉာဏ်အလင်း မရခဲ့တာပဲ၊ အခု အစားကောင်းတွေ စား၊ အသောက်ကောင်းတွေ သောက် ပြီး ဇိမ်ကျကျ ဘဝကို ဖြတ်သန်းနေရင်းနဲ့ ဘယ်လိုလုပ် ဉာဏ်အလင်း ရနိုင်မှာလဲ"

ဟု အဿဇိက မေး၏။

"ရဟန်းတို့… သင်တို့ ငါ့ကို ယုံကြည်ဖို့ တွန့်ဆုတ်နေကြတယ် ဆိုတာ ငါ သိပါတယ်၊ သင်တို့ ထင်သလို မဟုတ်ဘူး၊ ဘဝစည်းစိမ်တွေ ငါ မရှာဖွေခဲ့ဘူး၊ စည်းစိမ်

mgyoe.com

ချမ်းသာ ရှာဖွေဖို့ဆိုရင် သင်တို့ဆီက ထွက်ခွာခဲ့ပြီး ကပိလဝတ် သွားရမှာပါ၊ ဥရုဝေလ တောအုပ်ဆီ သွားရမှာ မဟုတ်ပါဘူး။ ရဟန်းတို့… ရသေ့ရဟန်း သူတော်စင်တွေ ရှောင်ကြဉ်ရမယ့် အစွန်းနှစ်ပါး ရှိတယ်၊ ကာမချမ်းသာတွေကို အာသာငမ်းငမ်း တပ်မက် စွဲလမ်းခြင်းဟာ နိမ့်ကျတယ်၊ သာမန်လူတွေရဲ့ ကိစ္စပဲ၊ ပုထုဇဉ်တွေရဲ့ ကိစ္စပဲ၊ အရိယာ သူတော်စင်တွေနဲ့ မဆိုင်ဘူး၊ အကျိုးလည်း မရှိဘူး၊ ဒါက အစွန်းတစ်ခု၊ နောက်တစ်ခုက ခန္ဓာကိုယ်ကို ဆင်းရဲပင်ပန်းအောင် တစိုက်မတ်မတ် ကျင့်ရတဲ့ အကျင့်ပဲ၊ ဒါလည်း ဆင်းရဲ ပင်ပန်းဖို့ပဲ၊ မမြင့်မြတ်ဘူး၊ အကျိုးမရှိဘူး။ အို… ရဟန်းတို့၊ ငါဟာ ဒီ အစွန်းနှစ်ပါးကို ရှောင်ကြဉ်ပြီးတော့ ဉာဏ်အလင်း ရရှိစေတဲ့ အလယ်အလတ်တရား မဂ်ဉာဏ်ကို ရရှိခဲ့ပြီ၊ ရဟန်းတို့… ဒီ အလယ်အလတ်လမ်းကြောင့် ငါဟာ အကြီးမြတ်ဆုံး ဉာဏ်အလင်းကို ဖြစ်စေနိုင်တဲ့ မြင့်မြတ်တဲ့ ဉာဏ်ပညာကို ရရှိခဲ့တာပဲ''

ဘဒ္ဒိယနှင့် မဟာနာမ်တို့ ဆွမ်းခံရာမှ ပြန်လာကြလေပြီ။ သီတင်းသုံးဖော်များ ဘုရားရှင်ထံပါး၌ ဝန်းရံနေကြသည်ကို သူတို့ မြင်လိုက်ကြ၏။ ဘုရားရှင်ကို မြင်မြင်ချင်း ဦးညွှတ်လျက် အရိုအသေပြု၍ နှုတ်ဆက်ကြ၏။ ထို့နောက် ဘုရားရှင်၏ ခြေတော်ရင်း၌ အလျားမှောက်၍ ဝပ်စင်းလျက် အရိုအသေ ပြုကြလေ၏။

''ငါ့ရှင်၊ သင့်ကို မြင်မြင်ချင်း ငါ အလွန်ပဲ နှစ်သက် ဝမ်းမြောက်မိပါတယ်''

ဟု မဟာနာမ်က ဆို၏။

''ဟုတ်တယ်၊ ဂေါတမ၊ သင့်ရဲ့ သွင်ပြင်မူရာဟာ ဆွဲဆောင်မှု ရှိတယ်''

ဟု ဘဒ္ဒိယကလည်း မှတ်ချက်ချ၏။

''ရဟန်းတို့… ငါဟာ တည်ငြိမ်အေးချမ်းနေပြီ၊ ငါ့ကို ကိလေသာတွေ မထိုးနှက် နိုင်တော့ဘူး၊ ကိလေသာ အားလုံးကို ငါ ချေဖျက်လိုက်ပြီ၊ ငါဟာ နိဗ္ဗာန်ကို မျက်မှောက် ပြုထားပြီးပြီ၊ ငါ ဆင်းဆင်းရဲရဲ ပင်ပင်ပန်းပန်း ကြိုးစားပြီး ဖော်ထုတ်ခဲ့ရတဲ့ တရားဓမ္မကို သွန်သင်ပြသပေးဖို့ သင်တို့ဆီ ငါ လာခဲ့တာပဲ၊ ဆွမ်းဘုဉ်းပေးကြပါ၊ နိုးကြားတဲ့စိတ်နဲ့ နေကြပါ၊ ငါ တရားဟောမယ်''

ဟု ဘုရားရှင်က မိန့်တော်မူ၏။

ရဟန်းတို့သည် သူတို့ ခံယူခဲ့သော ဆွမ်းကို ခွဲ၍ ဘုရားရှင်အား ဆက်ကပ်ကြ၏။ ဆွမ်းကိစ္စပြီးသော် ခဏတာ နားနေကြ၏။ ထို့နောက် တရားဓမ္မ နာယူရန် ဘုရားရှင် ထံ စုရုံးချဉ်းကပ်ကြလေ၏။

''ရဟန်းတို့… နိုးနိုးကြားကြား ရှိကြရဲ့လား၊ ကြိုက်သလို ထိုင်ပြီး နာယူကြ ပါ၊ ငါ သင်တို့ကို တရားဒေသနာ ဟောကြားမယ်၊ ရသေ့ ရဟန်းတို့ ရှောင်ကြဉ်ရမယ့် အစွန်းနှစ်ပါးကို ငါ ဟောပြီးပြီ၊ ရဟန်းတွေ လိုက်နာကျင့်သုံးရမယ့် အကျင့်လမ်းကို ဆက်လက်ပြီး ဟောကြားမယ်၊ လိုက်နာကျင့်သုံးရမှာကတော့ မဂ္ဂင်ရှစ်ရပ် အကျင့်မြတ်ပဲ''

mgyoe.com

mgyoe.com SAMPLE BOOK

ဘုရားရှင်သည် ပဉ္စဝဂ္ဂီ ရဟန်းတို့အား မဂ္ဂင်ရှစ်ရပ် အကျင့်မြတ်ကို ရှင်းလင်း ဟောကြားတော်မူ၏။ အကျင့်မြတ်ကို လက်တွေ့ ကျင့်သုံးခြင်းသည် လက်ရှိဘဝ၌ ကျန်းကျန်းမာမာ ငြိမ်းငြိမ်းချမ်းချမ်း နေထိုင် ရှင်သန်နိုင်မည့် နည်းမှန်လမ်းမှန် ဖြစ်ကြောင်း မိန့်တော်မူ၏။ ထို့နောက် သစ္စာလေးပါး မြတ်တရားနှင့် ပဋိစ္စသမုပ္ပာဒ် ဒေသနာတော်တို့ကို ဟောကြားတော်မူ၏။

"ရဟန်းတို့… လောကအတွင်းရှိ မကောင်းမှု မှန်သမျှရဲ့ အရင်းအမြစ် အဝိဇ္ဇာ ဆိုတဲ့ မသိမိုက်မဲမှုကို သင်တို့အား ငါ ဟောကြားခဲ့ပြီ။ အဝိဇ္ဇာကြောင့် ဉာဏ်မြင်ကန်း သူတွေဟာ မှားယွင်းမှု အားလုံးကို တွေးတောကြံဆကြတယ်၊ အတွေးမှားတွေဟာ ဝိညာဏဆိုတဲ့ စိတ်ကို ဖြစ်ပေါ်စေတယ်၊ ဒီ စိတ်ဝိညာဉ်ဟာလည်း မှားယွင်းတာပဲ။ ဒါဟာ နာမ-ရူပ ဆိုတဲ့ ရုပ်နှင့် နာမ်တို့ရဲ့ သဘောမှန်ကို မမြင်နိုင်အောင် ပိတ်ပင်တဲ့ နိဝရဏတရားပဲ။ ဒီတရားကပဲ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုတဲ့ အာယတနခြောက်ပါး တွေ့ထိမှုနဲ့ ခံစားမှုတို့ကို ဖြစ်ပေါ်စေတယ်။ ရဟန်းတို့… သမ္မာဒိဋ္ဌိ ဆိုတဲ့ မှန်ကန်တဲ့ အသိဟာ အတွေးအသိ မှားယွင်းမှု အဝိဇ္ဇာကို အမြစ်ပြတ် သုတ်သင်ဖို့ နည်းလမ်း ဖြစ်တယ်"

"အရှင်ဘုရား၊ သမ္မာဒိဋ္ဌိဟာ ဘာကြောင့် ဖြစ်ပေါ်ပါသလဲ"

"ကောဏ္ဍည၊ လောကဟာ ငါတို့ကို တပ်မက် တွယ်တာစေတတ်တယ်၊ လွှမ်းမိုး အနိုင်ယူတတ်တယ်၊ အမြင်ကန်းစေတတ်တယ်၊ အဲဒီ တွယ်တာမှု မရှိဘူးဆိုရင် အဲဒီ ကျွန်ပြုမှု မရှိဘူး ဆိုရင်၊ အဲဒီ နှောင်ဖွဲ့မှု မရှိဘူးဆိုရင် သမ္မာဒိဋ္ဌိ ဖြစ်လာတာပဲ။ ကောဏ္ဍည၊ ပရမတ်သဘောတရားမှာ ဒုက္ခဆိုတာ ရှိပေမယ့် ဒုက္ခကို ခံစားတဲ့ပုဂ္ဂိုလ် သတ္တဝါ မရှိဘူး၊ ကံဆိုတာ ရှိပေမယ့် ကံပြုတဲ့ ပုဂ္ဂိုလ်သတ္တဝါ မရှိဘူး။

ကောဏ္ဍည… ဒီနည်းအတိုင်း ဆင်ခြင်သုံးသပ်ပါ၊ ဒီအခိုက်အတန့်မှာ မြင်တာ ကို မြင်ကာမတ္တမှာပဲ ရပ်တန့်လိုက်ရဲ့လား၊ ကြားတာကို ကြားကာမတ္တမှာပဲ ရပ်တန့် လိုက်ရဲ့လား၊ သိတာကို သိကာမတ္တမှာပဲ ရပ်တန့်လိုက်ရဲ့လား၊ သဘောပေါက်တာကို သဘောပေါက်ကာမတ္တမှာပဲ ရပ်တန့်လိုက်ရဲ့လား၊ အဲဒါတွေ အားလုံးကို လောဘနဲ့ တပ်မက်စရာ၊ ဒေါသနဲ့ စိတ်ဆိုးစရာအနေနဲ့ စိတ်ထဲမှာ လက်မခံ မသိမ်းပိုက်ဘူး ဆိုရင် သူတို့ ဖြစ်စဉ်ကနေ ကင်းလွတ်တယ်၊ သူတို့ ဖြစ်စဉ်ထဲမှာ မပါဘဲ နေနိုင်တဲ့ အဆင့်ရောက် တယ် ဆိုရင် အဲဒီအဆင့်က စပြီးတော့ သူတို့ တည်ရှိနေတဲ့ လောကမှာ မမွေးဖွားရ တော့ဘူး၊ အဲဒီအခြေအနေဟာ ဒီလောကမှာ ရှိတာလည်း မဟုတ်ဘူး၊ ဟိုဘက် လောကမှာ ရှိတာလည်း မဟုတ်ဘူး၊ ဒီလောကနဲ့ ဟိုဘက်လောကတို့ကြားက လောကတစ်ခုခုမှာ ရှိတာလည်း မဟုတ်ဘူး၊ အဲဒါဟာ ဒုက္ခ ချုပ်ငြိမ်းခြင်းပဲ။ အာယတန ခြောက်ပါးကနေ ဝင်လာပြီး ကာမတဏှာကို ဖန်တီးတတ်တဲ့ အာရုံမှန်သမျှကို စိတ်မှာ စွဲမထားဘဲ ငြင်းထုတ် လိုက်ခြင်းဟာ ဒုက္ခကို ချုပ်ငြိမ်းစေတယ်၊ ကောဏ္ဍည… နီးကြား တက်ကြွနေပါစေ၊

mgyoe.com

mgyoe.com
SAMPLE BOOK

လောကကို အတ္တ မောဟကင်းတဲ့ အမြင်နဲ့ ကြည့်ပါ၊ လောကကို အနတ္တ ဉာဏ်အမြင်နဲ့ ရှုမြင်သုံးသပ်ပါ''

''ဘုန်းတော် ကြီးမြတ်တော်မူတဲ့ မြတ်စွာဘုရား၊ တပည့်တော် နားလည်ပါပြီ ဘုရား၊ တပည့်တော် နားလည်ပါပြီ ဘုရား''

ဟု အရှင်ကောဏ္ဍညက နှစ်ထောင်းအားရစွာ လျှောက်ထားလိုက်ရာ...

ဘုရားရှင်ကလည်း-

''သာဓု... ကောဏ္ဍည တကယ် သိသွားပြီ၊ ကောဏ္ဍည တကယ် သိသွားပြီ''

ဟု ကောင်းချီးပြုတော်မူလေသတည်း။

mgyoe.com

mgyoe.com SAMPLE BOOK

# နာလေကရဟန်း

မြတ်စွာဘုရားရှင်သည် ဥရုဝေလမှ ဗာရာဏသီသို့၊ တစ်ဖန် ဗာရာဏသီမှ ဥရုဝေလသို့ ဒေသစာရီ ကြွချီတော်မူ၍ ထိုမှတစ်ဖန် မဂဓတိုင်း ရာဇဂြိုဟ်ပြည်သို့ ရောက်တော်မူ၏။ ထိုသို့ ကြွတော်မူသည့် ခရီးအကြား၌ ထောင်ပေါင်းများစွာသော လူတို့သည် ဘုရားရှင်၏ အဆုံးအမကို ခံယူသည့် တပည့်သာဝကများ ဖြစ်သွားကြလေ၏။ ဘုရားရှင်သည် ထိုလူ အပေါင်းတို့ကို သစ္စာတရား သိမြင်စေတော်မူ၏။ မြောက်မြားစွာသော တပည့်သာဝက တို့သည် ရှင်ရဟန်းအဖြစ်ကို ခံယူပြီး သစ္စာတရားတော်ကို အပြည့်အဝ နားလည်ကာ ကိလေသာမှန်သမျှကို ချိုးဖျက်နိုင်ကြသည့် ရဟန္တာ အရှင်သူမြတ်များ ဖြစ်သွားကြလေ၏။

ဘုရားရှင်သည် မြို့များ၊ ရွာများနှင့် လူနေအိမ်ခြေစုများကို ဖြတ်သန်းရင်း သူ၏ ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သော ကပိလဝက်သို့ ကြွချီတော်မူနေ၏။

ဘုရားရှင်၏ ပြည်တော်ပြန် ခရီးစဉ်၌ ဘုရားရှင်နှင့်အတူ လိုက်ပါသူ တပည့် သာဝက ရဟန်းအများစုမှာ ရဟန္တာ အရှင်သူမြတ်များ ဖြစ်ကြ၏။ ဘုရားရှင် ကိုယ်တော် မြတ် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ်က ရဟန်းပြုခဲ့ကြပြီး အရဟတ္တဖိုလ် ဆိုက်ခဲ့ကြသော အဂ္ဂသာဝကကြီးများ ဖြစ်တော်မူသည့် ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန် တို့လည်း ထိုခရီးစဉ်၌ ပါဝင်ကြလေ၏။ ဘုရားရှင်လောက်နီးပါး သပ္ပာယ်ခံ့ညားတော်မူ သည့် ရှင်မဟာကဿပ ကိုယ်တော်မြတ်ကြီးလည်း ခရီးစဉ်၌ ပါဝင်လေ၏။

နို့စို့ကလေးသူငယ်ကို လက်ဝဲလက်ဖြင့် ပွေ့ပိုက်လျက်၊ လမ်းလျှောက်သင်စ အရွယ် ကိုယ်တုံးလုံး ကလေးသူငယ်ကို လက်ယာလက်ဖြင့် ဆွဲခေါ်လျက် ရှိနေသော အမျိုးသမီးတစ်ယောက်သည် ကြည်ညိုဖွယ်ရာ စနစ်တကျ ကြွချီတော်မူနေသည့် ဖန်ဝါ

mgyoe.com

သက်နှီး ဆင်မြန်းထားကြသော သံဃာတော်များနောက်သို့ အပြေးအလွှား လိုက်လာနေ၏။ ဘုရားအမှူးရှိသော သံဃာတော်များ ရှေ့မှောက်သို့ သူ ရောက်လာသည်။ သူ့လက်တွင်းမှ ကလေးငယ် နှစ်ယောက်ကား ငိုကြွေးနေကြ၏။ အမျိုးသမီးသည် ဘုရားရှင်၏ ရှေ့တော်မှောက်၌ ရပ်တန့်လိုက်ပြီး မျက်နှာတော်ကို မော်မဖူးဘဲ ကလေးနှစ်ယောက်ကို ကိုယ်တော်မြတ်၏ ခြေတော်အစုံမှာ ပစ်ချလိုက်သည်။ အမျိုးသမီးသည် မောနေသဖြင့် စကားမဆိုနိုင်သေးပေ။ ကလေးငယ်တို့သည် မြေကြီးနှင့် ဆောင့်၍ ကျလိုက်ရသဖြင့် နာကျင်သောကြောင့် အသက်ရှူ ရပ်သွားပြီး ခဏတာ အသံတိတ်သွားကြ၏။ ထို့နောက် အသက်ပြန်ရှူနိုင်ကြပြီး ရှန်းကန်လှုပ်ရှားကာ အသံကုန် ဟစ်အော်ကြလေ၏။ အမျိုးသမီးသည် သူ့ရင်ဘတ်ကို လက်နှစ်ဖက်ဖြင့် ထုနှက်လျက် ရှိနေ၏။

ဘုရားရှင်သည် သူ၏ သပိတ်တော်ကို သူ့အနားမှာ ရှိနေသည့် ရှင်သာရိပုတ္တရာ ရဟန္တာသူမြတ်ထံသို့ ပေးလိုက်၏။ ထို့နောက် ငိုကြွေးမြည်တမ်းနေကြသော ကလေးငယ်နှစ်ယောက်ကို လက်တော်ဖြင့် ကောက်ယူလိုက်၏။ မျက်လှည့်ပြလိုက်သည်နှင့် တူလှလေသည်။ ကလေးငယ် နှစ်ယောက်လုံး အငိုတိတ်သွားကြသည်။ ထိုစဉ် အမျိုးသမီးသည် ဘုရားရှင်၏ မျက်နှာတော်ကို မော်ဖူးလိုက်၏။ အမျိုးသမီးသည် နှလုံးသား၌ မီးစွဲလောင်နေသူကဲ့သို့ ဆတ်ဆတ်တုန်နေသည်။ ထို့နောက် ကလေးနှစ်ယောက်ကို ဘုရားရှင်၏ ခြေတော်ရင်းသို့ ပစ်ချလိုက်စဉ်ကကဲ့သို့ သူ့ကိုယ်သူ မြေပြင်ပေါ် ဗုန်းခနဲ လှဲချလိုက်ပြီး ဘုရားရှင်ကို လျှောက်တင်၏။

"တပည့်တော်မကို ခွင့်လွှတ်တော်မူပါ အရှင်မြတ်ဘုရား"

"နှမ... ဘာဖြစ်လို့လဲ"

"အရှင်ဘုရား၊ တပည့်တော်မ အရှင်ဘုရားကို ကျူးလွန် ပြစ်မှားမိခဲ့ပါတယ် ဘုရား၊ ကြမ်းတမ်းတဲ့ ဝစီကံနဲ့ ပြစ်မှားမိခဲ့တာပါ ဘုရား"

"နှမ... ဘာလို့ ပြစ်မှားခဲ့ရတာလဲ"

"အရှင်ဘုရား... တပည့်တော်မရဲ့ ခင်ပွန်းသည်ဟာ ရဟန်းဝတ်နေပါတယ် ဘုရား၊ ခု အရှင်ဘုရားနောက်မှာ လိုက်ပါနေပါတယ် ဘုရား၊ ပြုစုစောင့်ရှောက်ရမယ့် ကလေးနှစ်ယောက်နဲ့ တပည့်တော်မမှာတော့ ခိုကိုးရာမဲ့ ဒုက္ခရောက်နေပါတယ် ဘုရား၊ တပည့်တော်မ ဒီကလေးတွေကို ဘယ်လို ပြုစုစောင့်ရှောက်ရမှာလဲ ဘုရား။ အရှင်ဘုရား၊ တပည့်တော်မမှာ ကူညီစောင်မမယ့်သူ မရှိပါဘုရား၊ အရှင်ဘုရားဟာ တပည့်တော်မရဲ့ ခင်ပွန်းသည်ကို တပည့်တော်မဆီကနေ လုယူလိုက်တာလို့ ထင်မိပါတယ် ဘုရား၊ အရှင်ဘုရားကို ဆူပူကြိမ်းမောင်းလာခဲ့ပြီး အရှင်ဘုရားရဲ့ ခြေတော်ရင်းမှာ ကလေးနှစ်ယောက်ကို ပစ်ချခဲ့ပါတယ် ဘုရား။ အို... ရှင်တော်ဘုရား၊ ဒါပေမဲ့ အရှင်ဘုရားရဲ့ မျက်နှာတော်ကို ဖူးမြင်လိုက်ရတော့ တပည့်တော်မ ကျူးလွန်ပြစ်မှားမိခဲ့တယ် ဆိုတာကို နားလည်လိုက်ရပါတယ် ဘုရား၊ တပည့်တော်မကို ခွင့်လွှတ်တော်မူပါ အရှင်ဘုရား"

mgyoe.com

mgyoe.com SAMPLE BOOK

"နှမ… ခင်ပွန်းသည်ကလွဲလို့ တခြား ကူညီစောင့်ရှောက်မယ့်သူ မရှိဘူးလား"

ဟု ဘုရားရှင်က မေးတော်မူ၏။

"မရှိပါဘုရား၊ တပည့်တော်မတို့ဟာ ဆင်းရဲသားတွေပါ၊ တပည့်တော်မရဲ့ ခင်ပွန်းသည်ဟာ ဒီမြို့တော်ရဲ့ လမ်းတွေမှာ တံမြက်လှည်းပြီး သန့်ရှင်းရေး လုပ်ပေးလို့ အခရတဲ့အတွက် တပည့်တော်မနဲ့ ကလေးတွေကို လုပ်ကျွေးနိုင်ခဲ့တာပါ ဘုရား၊ တပည့်တော်မကို ကူကယ်စောင့်ရှောက်မယ့်သူ တစ်ယောက်မှ မရှိပါ ဘုရား၊ ကလေးတွေက ငယ်လွန်းနေသေးတော့ တပည့်တော်မကိုယ်တိုင် အခကြေးငွေရအောင် အလုပ်လုပ်ဖို့လည်း အချိန်မရပါ ဘုရား"

"ဒီကလေးနှစ်ယောက်ဟာ မင်းရဲ့ကလေးတွေလား"

"မှန်လှပါ ဘုရား"

"ဒါဆို ကလေးတွေကို ပြန်ယူပါ" ဟု ဘုရားရှင်က မိန့်တော်မူ၏။

မိခင်ဖြစ်သူက လက်လှမ်းလိုက်သောအခါ မြင်သမျှ အရာဝတ္ထုကို သိမှတ်တတ်ရုံ မျက်စိပွင့်စရွယ် ကလေးငယ်နှင့် လမ်းလျှောက်သင်စအရွယ် ကလေးငယ်တို့သည် မိခင်နောက်သို့ လိုက်ရန် ငြင်းဆန်ကြလေ၏။ ကလေးငယ်တို့သည် ဘုရားရှင်၏ သင်္ကန်းတော်ကို ဆွဲထားကြသည်။ ကိုယ်တော်ကို ဖက်တွယ်ထားကြသည်။ မိခင်ကို မျက်နှာလွှဲထားကြလေသည်။

"နှမ… မင့်ကလေးတွေ ပြန်ခေါ်ပါ"

ဟု ဘုရားရှင်က ထပ်မံ၍ မိန့်တော်မူပြန်၏။

"အံ့ဩစရာ ကောင်းလိုက်တာ အရှင်ဘုရား၊ ကလေးနှစ်ယောက်လုံးက အရှင်ဘုရားကို တပည့်တော်ထက် ပိုပြီး ခင်တွယ်ပုံရတယ် ဘုရား"

"နှမ… ငါက သူတို့ကို တရားဓမ္မ ဟောပြပြီး စည်းရုံးသိမ်းသွင်းလိုက်တယ် ထင်သလား" ဟု ဘုရားရှင်က မေးတော်မူ၏။

"မဟုတ်ပါဘုရား၊ သူတို့သဘောနဲ့ သူတို့ အရှင်ဘုရားရဲ့ လက်တော်မှာ နေချင်ကြတာပါ"

"နှမ… ဒါဆိုရင် မင်းရဲ့ ကလေးတွေထက် အသိဉာဏ် ပိုပြီး ရင့်ကျက်တဲ့ မင်းရဲ့ ခင်ပွန်းသည်က ငါ့ရဲ့ တရားဓမ္မကို နှစ်သက်သဘောကျတယ် ဆိုတာဟာ မင်းအတွက် အံ့ဩစရာ ဖြစ်နေသလား"

"အရှင်ဘုရား၊ အံ့ဩစရာ မဟုတ်ပါ ဘုရား၊ တပည့်တော်မ အရှင်ဘုရားကို ကြည်ညိုပါတယ် ဘုရား၊ ဒါပေမဲ့ တပည့်တော်မရဲ့ ခင်ပွန်းသည်ကို ပြန်ခေါ်ပါရစေ ဘုရား၊ တပည့်တော်မကို ခိုကိုးရာမဲ့ဖြစ်အောင် မလုပ်ပါနဲ့ ဘုရား၊ ဒီကလေးနှစ်ယောက် အတော်တော် အပြတ်ပြတ် ဖြစ်အောင် မလုပ်ပါနဲ့ ဘုရား"

ဟု အမျိုးသမီးက အနူးအညွတ် တောင်းပန်လျှောက်ထား၏။

mgyoe.com

mgyoe.com SAMPLE BOOK


"နှမ… ဒါဆိုရင် ကလေးနှစ်ယောက်ကို ခေါ်သွားပါ၊ မင်းရဲ့ ခင်ပွန်းသည်ကို ငါဆီ ခေါ်လာခဲ့ပါ၊ ငါဟာ သတ္တဝါအားလုံးရဲ့ ခိုကိုးရာပါ၊ မင်းကိုရော မင်းရဲ့ ကလေးတွေကိုပါ ခိုကိုးရာမဲ့ဖြစ်အောင်လုပ်ဖို့ ငါ မရည်ရွယ်ပါဘူး"

"အရှင်ဘုရား… ကလေးတွေဟာ သူတို့ဟာသူတို့ ဆိုရင်တော့ တပည့်တော်မ လက်ထဲ လိုက်မှာ မဟုတ်ပါဘုရား၊ ကလေးတွေကို တပည့်တော်မ လက်ထဲ ထည့်ပေးဖို့ တောင်းပန်ပါရစေ ဘုရား"

ဘုရားရှင်သည် ကလေးငယ်တို့၏ မျက်နှာကို ကရုဏာတော် အပြည့်နှင့် ကြည့်တော်မူလိုက်ပြီး ကြင်ကြင်နာနာ မိန့်တော်မူ၏။

"ကလေးတို့… ကလေးအတွက်တော့ မိခင်ရဲ့ ပြုစုစောင့်ရှောက်မှုဟာ အကောင်းဆုံးပဲ၊ မင်းတို့ အမေ့ရင်ခွင်ထဲ လိုက်သွားကြပါ"

ထိုအခါ ကလေးတို့သည် သူတို့မိခင်နောက် လိုက်သွားကြ၏။

အမျိုးသမီးသည် ကလေးငယ် နှစ်ယောက်ကို ပွေ့လျက်သား ထွက်ပြေးသွား၏။ မကြာမီပင် ရှက်ရွံ့ရွံ့ မျက်နှာထားနှင့် ချည့်နဲ့နဲ့ ရဟန်းသစ်တစ်ပါးကို ခေါ်ကာ ဘုရားရှင်ထံ ပြန်လာ၏။ ရဟန်းသစ်သည် ဘုရားရှင်၏ ရှေ့တော်မှောက်၌ ဒူးထောက်ထိုင်ချလိုက်ပြီး ကူကယ်ရာမဲ့ ကြောက်ကြောက်လန့်လန့် ဖြစ်နေလေသည်။

"ရဟန်း… ဘွဲ့နာမည် ဘယ်လိုခေါ်သလဲ"

ဟု ဘုရားရှင်က မေးတော်မူ၏။

"နာလကပါ အရှင်ဘုရား"

"နာလက… သူတို့ဟာ သင့်မယားနဲ့ သင့်ကလေးတွေလား"

"မှန်လှပါ ဘုရား"

"ဘာဖြစ်လို့ ရဟန်းပြုခဲ့တာလဲ"

"အရှင်ဘုရားရဲ့ တရားတော်ကြောင့်ပါ ဘုရား၊ လောကီဘောင်ဟာ ခါးသီးလှပါတယ် ဘုရား၊ ပူဆွေးသောကတွေ ပြည့်နှက်နေပါတယ် ဘုရား"

"နာလက၊ သင့်မယားနဲ့ သင့်ကလေးတွေကော အဲဒီ ခါးသီးမှုတွေ မခံစားရဘူးလား"

"အရှင်ဘုရား၊ တပည့်တော်ရဲ့ မယားက တပည့်တော်ထက် ပိုပြီး သောကဒုက္ခတွေ ခံစားရရှာပါတယ် ဘုရား"

"နာလက… ဘယ်လို ရည်ရွယ်ချက်နဲ့ ရဟန်းပြုခဲ့တာလဲ"

"လွတ်မြောက်မှု ဝိမုတ္တိကို ရရှိဖို့ ရည်ရွယ်ချက်နဲ့ ရဟန်းပြုခဲ့တာပါ ဘုရား"

"ဒီလိုဆိုရင် သင့်ထက်ပိုပြီး ဆင်းရဲဒုက္ခ ခံစားရတဲ့ သင့်မယားအတွက်ကော ဘယ်လိုလဲ"

ရဟန်းသစ်သည် ခေါင်းငိုက်စိုက် ချလျက်သား တွေတွေကြီး ငေးနေရင်း နှုတ်ဆိတ်နေ၏။ ဘုရားရှင်သည် သူဆင်းရဲမ၏ မျက်နှာကို ကြည့်လျက် မိန့်တော်မူပြန်၏။

mgyoe.com

mgyoe.com SAMPLE BOOK

"နမ၊ မင်းရဲ့ခင်ပွန်းသည်ကလွဲလို့ တခြား ကူညီစောင်မမယ့်လူ မရှိဘူးလား"

"မရှိပါ ဘုရား"

"နာလက… သင့်မယားမှာ သင်ကလွဲလို့ တခြား ကူညီစောင်မမယ့်လူ မရှိဘူးလား"

"မရှိပါ ဘုရား"

ထိုစဉ် လမ်းလျှောက်သင်စ သူငယ်သည် ခေါင်းကုတ်ရင်း၊ နှပ်ရှုံ့ရင်း ဟန်ချက်မညီနိုင်သေးသည့် ယိုင်ခွေခွေ ခြေလှမ်းများဖြင့် ဘုရားရှင်၏ ရှေ့တော်မှောက်၌ ဒူးထောက်ထိုင်နေသော ဖခင်ထံသို့ သွား၏။ သူငယ်သည် လက်သည်းများကို ပါးစပ်နှင့် ကိုက်နေရင်း ဘုရားရှင်၏ သပ်ရပ်ခံ့ညားသည့် ခြေတော်အစုံကို စိတ်ဝင်တစား ကြည့်နေ၏။ သူငယ်သည် ဘုရားရှင်၏ ခြေတော်အစုံကို ကုန်း၍ ကိုင်ကြည့်လိုက်ချင်၏။ သို့သော် သူ မကိုင်ဝံ့ပေ။ ထို့နောက် သူ့ဖခင်ဖြစ်သူ ရဟန်းသစ်၏ ရင်ခွင်၌ ပွေ့ပိုက်ထားသည့် သပိတ်ဆီသို့ အာရုံရောက်သွားပြီး သပိတ်ထဲ၌ စားသောက်ဖွယ်ရာ တစ်ခုခု ပါလေမည်အထင်နှင့် ချောင်းမြောင်း၍ ကြည့်လိုက်၏။ ထို့နောက် သပိတ်ထဲသို့ လက်နှင့်နှိုက်၍ ကြည့်လိုက်ရာ ဘာမှ မတွေ့ရပေ။ သို့ဖြစ်၍ လက်ဖလာကို ပြန်ရုပ်လိုက်ပြီး ပါးစပ်ထဲ လက်နှိုက်လျက်သား ရှိနေလေ၏။

ထို့နောက် နို့စို့ကလေးသူငယ်သည် ကိုယ်ကို တွန့်လိမ်ထိုး၍ မိခင်ရင်ခွင်မှ မြေပြင်ပေါ်သို့ ဆင်းလိုက်ပြီး သူ့ဖခင်ဆီသို့ လေးဖက်ထောက်လျက် သွားလေ၏။ ပေါက်ခါစ သွားဖွေးဖွေးတို့ကို လှစ်ပြလျက် သူ့ဖခင်ကို ပြုံးဖြီဖြီ လုပ်ပြ၏။ ထို့နောက် ဖခင်ပေါ်သို့ တက်သွားပြီး ဖခင်၏ ရင်ခွင်ထဲ၌ တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်နေလေ၏။

တွေတွေကြောင်ငေးနေသူ နာလကရဟန်းသည် သူ့ရင်ခွင်မှ စွတ်စိုပူနွေးသော အထိအတွေ့ကို သတိထားမိလိုက်၏။ သူ့ရင်ခွင်ထဲ၌ ကလေးငယ်က အပေါ့စွန့်လိုက်ပြီဟု သိလိုက်ရသောအခါ ရှက်ရွံ့မိ၏။ ကလေးငယ်ကိုကား ခုံခုံမင်မင် မနှစ်သက်မိပေ။

အဖြစ်အပျက်ကို စောင့်ကြည့်တော်မူနေသည့် ဘုရားရှင်သည် နာလကရဟန်းကို သိမ်မွေ့သော အသံတော်ဖြင့် မိန့်တော်မူလိုက်၏။

"နာလက… ဘာတွေ တွေးနေလဲ၊ သင့်သဘောအတိုင်းပါပဲ၊ သင့်မယား၊ သင့်ကလေးတွေနဲ့ နေခဲ့ချင်တယ်ဆို နေခဲ့ပါ၊ သူတို့ကို ထားခဲ့မယ် ဆိုရင်လည်း ထားခဲ့ပါ"

"အရှင်မြတ်ဘုရား… ကလေးနှစ်ယောက် အရွယ်ရောက်တဲ့အထိ တပည့်တော် သူတို့နဲ့ အတူနေချင်ပါတယ် ဘုရား၊ သူတို့လေးတွေ အရွယ်ရောက်တော့မှပဲ အရှင်ဘုရားဆီ တစ်ခေါက် ပြန်လာပြီး ရဟန်းပြုပါ့မယ် ဘုရား"


mgyoe.com

mgyoe.com SAMPLE BOOK

# ဂျိန်းရဟန်းများ

မြတ်စွာဘုရားရှင်သည် ဂိဇ္ဈကုဋ်တောင်ခြေရှိ လမ်းမကြီးပေါ်၌ ကြွတော်မူနေ၏။ ရာဇဂြိုဟ် မြို့သူမြို့သားတို့သည် ဘုရားရှင် ကြွတော်မူသည့် လမ်းဘေးဝဲယာ၌ ရပ်လျက် အားတက် သရော ကောင်းချီးသြဘာပေး၍ ဘုရားရှင်ကို ကြိုဆိုနေကြ၏။ လမ်းမအနီးရှိ ကျောက်ဖျာကြီး တစ်ခုပေါ်၌ တရားကျင့်နေကြသော ကိုယ်တုံးလုံး ဂျိန်းရဟန်းများကို ဘုရားရှင် မြင်တော် မူ၏။ ဂျိန်းရဟန်းတို့သည် ကျောက်သားပေါ် ဦးခေါင်းစိုက်လျက် ကင်းမြီးကောက် ထောင်နေကြသည်။ စေ့စေ့ ပူးကပ်ထားသော ခြေတို့ကို ကောင်းကင်သို့ မတ်မတ်ထောင် ထားကြသည်။ တက်နေဆီသို့ မျက်နှာမူလျက် နေမင်းကို စူးစူးဝါးဝါး စိုက်ကြည့်နေ ကြ၏။ ဤဂျိန်းရဟန်းတို့ကို မြင်တော်မူသော ဘုရားရှင်သည် အနီးအပါးရှိ ရှင်သာရိပုတ္တရာ ရဟန္တာသူမြတ်ကို ကြည့်၍ မိန့်တော်မူ၏။

"သာရိပုတ္တရာ… ဟိုကျောက်ဖျာပေါ်မှာ အတ္တကိလမထ ကျင့်နေကြတဲ့ ဂျိန်းရဟန်း သုံးပါးကို မြင်ရဲ့လား"

"မှန်ပါ၊ တပည့်တော်လည်း မြင်ပါတယ် ဘုရား"

"သာရိပုတ္တရာ… ငါလည်း တစ်ချိန်က ဝေသာလီမှာ နေရင်း ဝိမုတ္တိ ရမယ် အထင်နဲ့ အဲဒီလို ခက်ခဲပြင်းထန်တဲ့ အကျင့်တွေ ကျင့်ခဲ့ဖူးတယ်၊ ဘာကောင်းကျိုးမှ မရခဲ့ဘူး၊ စက္ခုနှစ်ကွင်းသာ အလင်းပျောက်ခဲ့ရတယ်၊ ငါ့မျက်နှာနဲ့ ငါ့ခေါင်းမှာလည်း အမွေးတွေ ကျွတ်ကုန်ပြီး ထိခိုက်နာကျင်ခဲ့ရတယ်၊ သဗ္ဗညုတဉာဏ် ရပြီးတဲ့နောက်

mgyoe.com

mgyoe.com SAMPLE BOOK

ရာဇဂြိုဟ်ကို လာတဲ့အထိ ငါ့မျက်စိတွေ ကိုက်ခဲနာကျင်နေတုန်းပဲ၊ ငါ ကျန်းမာလာအောင် ဇီဝက ပြုစုပေးခဲ့ရတယ်၊ ဆေးကုပေးခဲ့ရတယ်''

''အရှင်ဘုရား၊ ဂုရုကြီး သဥ္စယဆီမှာ တပည့်တော်တို့ နည်းခံခဲ့တုန်းကလည်း ဒီလိုပါပဲ၊ တပည့်တော်နဲ့ ရှင်မောဂ္ဂလာန်တို့လည်း အဲဒါတွေ ကျင့်ခဲ့ရတာပါပဲ ဘုရား၊ အဲဒီလို ခက်ခဲပြင်းထန်တဲ့ အကျင့်တွေကို ကျင့်ရတာဟာ အကျိုးမဲ့ပဲ၊ နေ့ခင်းကြောင်တောင်မှာ မျက်စိမှိတ်ရင်း လမ်းလျှောက်နေသလိုပဲလို့ အချိန်တိုအတွင်းမှာ တပည့်တော်တို့ နားလည် သဘောပေါက်ခဲ့ပါတယ် ဘုရား''

ဟု ရှင်သာရိပုတ္တရာ ရဟန္တာသူမြတ်က ပြန်လည် လျှောက်ထား၏။

''အရှင်ဘုရား၊ ခန္ဓာကိုယ်ကို ညှဉ်းပန်းနှိပ်စက်နေကြတဲ့ ဒီ ဂိုဏ်းရဟန်းတွေ ဉာဏ်အမြင်မှန် သမ္မာဒိဋ္ဌိနဲ့ နီးစပ်လာနိုင်ကြပါစေ ဘုရား''

ဟု ရှင်မောဂ္ဂလာန် ရဟန္တာသူမြတ်က ဆိုရင်း လျှောက်ထား၏။

ဘုရားရှင်သည် လမ်းမပေါ်မှ ဆင်းတော်မူ၍ ဂိုဏ်းရဟန်းသုံးပါးဆီသို့ ကြွတော်မူပြီး စကားဆိုတော်မူ၏။

''အချင်းတို့··· ခြေထောက်တွေဟာ မြေပေါ်မှာ ရပ်ဖို့ပါ၊ သဘာဝကျကျ ခြေထောက်နဲ့ ရပ်ကြစမ်းပါ၊ ခေါင်းကို မြေမှာစိုက်ပြီး ခြေထောက်တွေကို မိုးပေါ် ထောင်မထားကြစမ်းပါနဲ့၊ ငါ သင်တို့နဲ့ စကားပြောချင်ပါတယ်''

''သင်ဟာ အရာအားလုံးကိုသိတဲ့ သဗ္ဗညုလား''

ဟု ဘုရားရှင်နှင့် အနီးဆုံး ဂိုဏ်းရဟန်းက ပြန်မေး၏။ ဂိုဏ်းရဟန်းသည် မလှုပ်မရှားပင် ရှိနေ၏။

''အချင်း··· မြေပြင်ပေါ်မှာ ခေါင်းစိုက်ထောင်နေလို့ အမှန်တရားကို မမြင်နိုင်ပါဘူး၊ ခြေထောက်နဲ့ ရပ်လိုက်စမ်းပါ၊ မျက်လုံးတွေကို ပွင့်လိုက်စမ်းပါ''

''ငါတို့ရဲ့ ဂုရုကြီးဟာ သဗ္ဗညုပဲ၊ သူဟာ အရာရာကို သိတယ်၊ ငါတို့ ခြေထောက်တွေ မိုးပေါ်ထောင်နေပေမယ့် ငါ့တို့ရဲ့ ဉာဏ်အမြင်ဟာ ကောင်းတယ်၊ မပျက်စီး မထိခိုက်နိုင်ဘူး၊ ငါတို့ကို လာနှောင့်ယှက်ရအောင် သင်က ဘာမို့လဲ၊ ငါတို့ဟာ အတိတ်ဘဝတွေက ကျူးလွန်ခဲ့တဲ့ မကောင်းမှုတွေ ကျေပျက်သွားအောင် အတ္တကိလမထအကျင့်နဲ့ ကိုယ့်ကိုယ်ကိုယ် ပြစ်ဒဏ်ခတ်နေကြတာပဲ''

''အချင်းတို့··· ငါ ကျောက်ဖျာနားမှာ ရှိနေတာပဲ၊ သင်တို့နားမှာ ရှိနေတာပဲ၊ ငါ ဘယ်သူလဲ ဆိုတာကို သင်တို့ရဲ့ ထိုးထွင်းနိုင်စွမ်းရှိတဲ့ ဉာဏ်အမြင်နဲ့ သိသင့်တာပေါ့၊ ခေါင်းစိုက်ထောင်နေရင်း နေကို စူးစူးဝါးဝါး ကြည့်နေပေမယ့် သင်တို့ရဲ့ ဉာဏ်အမြင် မပျက်စီးဘူးဆိုရင် ငါ ဘယ်သူလဲဆိုတာ သိမြင်နိုင်စွမ်း ရှိသင့်တာပေါ့၊ ပြောစမ်းပါ ငါ ဘယ်သူလဲ''

mgyoe.com

 SAMPLE BOOK 

ဦးခေါင်းကို အောက်စိုက်ထားပြီး မျက်လုံးများ ပြောင်းပြန်ဖြစ်နေကြသော ဂိုဏ်းရဟန်းတို့သည် ဘာကိုမှ မမြင်ကြရပေ။ အမှောင်ထုကိုသာ မြင်ကြရ၏။

"အချင်းတို့… ဘာမြင်ကြရသလဲ"

"အမှောင်၊ အရပ်ဆယ်မျက်နှာမှာ အမှောင်"

"သင်တို့ရဲ့ ဉာဏ်အမြင်နဲ့ ကြည့်လိုက်ကြစမ်းပါ"

"မှောင်နေတုန်းပဲ"

"စောစောက ငါ ပြောသလို ခြေထောက်နဲ့ ရပ်လိုက်ကြစမ်းပါ၊ မျက်လုံးတွေကို ပွတ်လိုက်ကြစမ်းပါ"

ဂိုဏ်းရဟန်းတို့သည် လက်များ ဆန့်လိုက်ပြီး ခြေတို့ကို မြေသို့ ပြန်ချလိုက်ကြ၏။ ခြေဖြင့် မတ်မတ်ရပ်ရင်း မျက်လုံးများကို လက်နှင့် ပွတ်လိုက်ကြ၏။ ထိုအခါ ဘုရားရှင်က မေးတော်မူ၏။

"အချင်းတို့… ခု သင်တို့ ငါ့ကို မြင်ကြပြီလား"

"မြင်ပြီ၊ သင့်ကို မြင်ရပြီ"

"ငါ ဘယ်သူလဲ ဆိုတာ ပြောနိုင်မလား"

"သင်ဟာ ရဟန်းတစ်ပါးပဲ"

"စောစောက ငါ ဘယ်သူလဲဆိုတာ ဘာဖြစ်လို့ မပြောနိုင်တာလဲ"

"ငါတို့က ခေါင်းတွေကို အောက်စိုက်ထားပြီး ခြေထောက်တွေကို မိုးပေါ် ထောင်ထားကြလို့ပေါ့"

"အမှန်တရားက သွေဖည် လှည့်ဖြားတတ်သလား"

"မလှည့်ဖြားတတ်ဘူး"

"အလှည့်ဖြားခံနေရရင် မလှည့်ဖြားတတ်တဲ့ အမှန်တရားကို ရှာတွေ့နိုင်ကြပါ့မလား"

ဂိုဏ်းရဟန်းတို့ နှုတ်ဆိတ်နေကြလေ၏။ ထိုစဉ် ဘုရားရှင်က မေးတော်မူပြန်၏။

"အချင်းတို့… သင်တို့ဆရာ ဘယ်သူလဲ"

"သဗ္ဗညူ နာဋပုတ္တပါ"

"သူက ဘာတွေ ဟောကြားသွန်သင်ပေးသလဲ"

"လူသားဟာ အတိတ်ဘဝတွေက ကျူးလွန်ခဲ့တဲ့ မကောင်းမှုတွေကြောင့် ဒီဘဝမှာ ဆင်းရဲဒုက္ခ ခံစားရတယ်၊ လက်ရှိဘဝမှာ ကိုယ့်ကိုယ်ကိုယ် နှိပ်စက်ပြီး အတ္တကိလမထကို ကျင့်သုံးရင် အတိတ်ဘဝတွေမှာ ကျူးလွန်ခဲ့တဲ့ ပြစ်မှုတွေ ကျေပျောက်တယ်၊ နောက်ဘဝမှာ ဆင်းရဲဒုက္ခတွေ ချုပ်ငြိမ်းပြီး နတ်ချမ်းသာကို ခံစားရနိုင်တယ်၊ ဒါဟာ ဂုရုကြီးရဲ့ သွန်သင်ချက်ပဲ၊ မကောင်းမှုကို ကိုယ် နှုတ် စိတ်နဲ့ မကျူးလွန်ရဘူးလို့လည်း သူက သွန်သင်တယ်"

mgyoe.com

mgyoe.com SAMPLE BOOK

"သင်တို့ရဲ့ ဂုရုကြီးဟာ ကြီးမြတ်သူပဲ၊ ကံတရားနဲ့ ပတ်သက်တဲ့ ဟောကြားချက်ကတော့ ငါ့တရားနဲ့ မတူဘူး၊ သောကဒုက္ခ ချုပ်ငြိမ်းကြောင်း အကျင့်လမ်းကလည်း ငါ့ရဲ့ အကျင့်လမ်းနဲ့ မတူဘူး၊ နောက်ပြီး အချင်းတို့... အတိတ်ဘဝ ရှိခဲ့သလား၊ မရှိခဲ့ဘူးလား ဆိုတာကို သင်တို့ အတိအကျ ပြောနိုင်သလား"

"ဒါတော့ ငါတို့ မသိဘူး"

"ဒါဆို အတိတ်ဘဝက ပြစ်မှု ကျူးလွန်ခဲ့သလား၊ မကျူးလွန်ခဲ့ဘူးလား ဆိုတာကိုကော သင်တို့ သိသလား"

"ဒါလည်း ငါတို့ မသိဘူး"

"အချင်းတို့... အတိတ်က ပြစ်မှုတွေအကြောင်း ဘာမှ မသိနိုင်ဘဲနဲ့ အတိတ်က ပြစ်မှုတွေကို ချေဖျက်ဖို့ဆိုပြီး ဒီလို ခက်ခဲပြင်းထန်တဲ့ အကျင့်တွေကို ဘာဖြစ်လို့ ကျင့်နေရတာလဲ၊ သင်တို့ လုပ်နေကြပုံကို ကြည့်ပါဦး၊ ငှက်တွေကို ဖောက်ထိုးဆွဲခဲ့တဲ့ ငှက်ခတ်သမားရဲ့ ပြစ်မှုမျိုး အတိတ်ဘဝတုန်းက ကျူးလွန်မိခဲ့လို့ ကံကြွေးဆပ်နေကြတာနဲ့ မတူဘူးလား"

"သင် ဘယ်သူလဲ၊ ရုပ်ဆင်းအင်္ဂါကတော့ ငါတို့ ဂုရုကြီးနဲ့ တူသလိုပဲ"

"ငါ ဘယ်သူလို့ သင်တို့ ထင်သလဲ"

"သင်ဟာ ရှင်ကြီးဂေါတမပဲ ဖြစ်ရမယ်"

ဘုရားရှင်သည် နှုတ်ဆိတ်နေတော်မူ၏။ သို့ဖြစ်၍ ဂျိန်းရဟန်းက ဆိုပြန်၏။

"ရှင်ကြီးဂေါတမ၊ ငါတို့ ဂုရုကြီးက သင့်ထက် သာတယ်၊ အမျိုးလည်း သင့်ထက် ပိုမြတ်တယ်၊ သာယာစရာတွေ ခံစားနေလို့ ချမ်းသာသုခကို မရရှိနိုင်ဘူးလို့ ဂုရုကြီးက ပြောတယ်၊ နောက်ပြီး... ဆင်းဆင်းရဲရဲ ကျင့်နိုင်မှ ချမ်းသာသုခကို ရရှိမယ်တဲ့"

"အချင်းတို့... သင်တို့ကို ပုဂ္ဂိုလ်လေးမျိုး ပြောပြမယ်။

တစ်ယောက်က သူ့ကိုယ်သူ နာကျင်အောင် လုပ်တယ်၊ ဒါပေမဲ့ သူတစ်ပါးကိုတော့ နာကျင်အောင် မလုပ်ဘူး။

တစ်ယောက်က သူတစ်ပါးကို နာကျင်အောင် လုပ်တယ်၊ သူ့ကိုယ်သူကိုတော့ နာကျင်အောင် မလုပ်ဘူး။

တစ်ယောက်က သူ့ကိုယ်သူလည်း နာကျင်အောင် လုပ်တယ်၊ သူတစ်ပါးကိုလည်း နာကျင်အောင် လုပ်တယ်။

တစ်ယောက်က သူ့ကိုယ်သူလည်း နာကျင်အောင် မလုပ်ဘူး၊ သူတစ်ပါးကိုလည်း နာကျင်အောင် မလုပ်ဘူး။

အချင်းတို့... ဒီလေးမျိုးထဲမှာ ဘယ်သူက အမြတ်ဆုံးလဲ"

"ရှင်ကြီးဂေါတမ... သူ့ကိုယ်သူသာ နာကျင်အောင် လုပ်ပြီး သူတစ်ပါးကို နာကျင်အောင် မလုပ်သူဟာ အမြတ်ဆုံးပဲ"

mgyoe.com